# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် စတင် တည်ထောင်သည်။ Established in 1957



**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)



၁၃၈၀ ပြည့်နှစ် တပေါင်းလဆန်း ၆ ရက်၊ တနင်္လာနေ့။ Monday, 11 March 2019 ၅၁၈၇


# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ Udon Thani ခရိုင်ရှိ Wat Bodhisomphon ဘုရားကျောင်းသို့ သွားရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် မတ် ၁၀**

ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Ponpipaat Benyasri ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် Udon Thani ခရိုင်ရှိ Wat Bodhisomphon ဘုရားကျောင်းသို့ သွားရောက်ဖူးမြော် ကြည်ညိုကြသည်။

**အလှူငွေများ ပေးအပ်လှူဒါန်း**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် Wat Bodhisomphon ဘုရားကျောင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် ဓာတ်တော်များအား ဖူးမြော်ကြည်ညိုပြီး ကျောင်းထိုင်ဆရာတော် Sutti Sala May Tee အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းနှင့် နဝကမ္မအလှူငွေများ ပေးအပ်လှူဒါန်းသည်။ **(ယာပုံ)**

**ရေသွန်းလောင်းပူဇော်**

ယင်းနောက် ဘုရားကျောင်းအတွင်း ရွှေ၊ ကြေးနှင့်သတ္တု ရောစပ်သွန်းလုပ်ထားသည့် နှစ် ၆၀၀ သက်တမ်းရှိ လာအိုနိုင်ငံမှ လှူဒါန်းထားသော ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး နှစ် ၁၂၀ သက်တမ်းရှိ ဗုဒ္ဓခြေတော်ရာအား ဖူးမြော်ကာ နှစ် ၉၀ သက်တမ်းရှိ ဗောဓိညောင်ပင်အား ရေသွန်းလောင်းပူဇော်ခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထိုင်းဘုရင့်တပ်မတော် လေတပ် Wing 23 ဌာနချုပ်မှ ဗန်ကောက်မြို့သို့ ထွက်ခွာကြရာ လေတပ်စခန်းဌာနချုပ်တွင် ထိုင်းဘုရင့်လေတပ် ဂုဏ်ပြုတပ်ဖွဲ့က ဂုဏ်ပြုအလေးပြုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗန်ကောက်မြို့ရှိ ထိုင်းဘုရင့်လေတပ် ဒွန်မောင်းလေဆိပ် (Wing-6) လေဆိပ်သို့ ရောက်ရှိရာ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးမြင့်သန်း၊ ထိုင်းဘုရင့်တပ်မတော်မှ Major General Nopadon Mungkalaton နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့အား ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Ponpipaat Benyasri နှင့် ဇနီးတို့က Sala Tim Naam ထိုင်းရိုးရာ စားသောက်ဆိုင်တွင် အလုပ်သဘော ဂုဏ်ပြုညစာစားပွဲ အခမ်းအနားဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**




## မြန်မာနိုင်ငံအတွက်သာမက မြန်မာအင်ဂျင်နီယာများနှင့် ကျွမ်းကျင်လုပ်သားများ အတွက်ပါ ပညာလည်းရ ဝမ်းလည်းဝသည့် J&M သံမဏိစက်ရုံသို့ လေ့လာရေးတစ်ခေါက်

စာမျက်နှာ » ၄

## အမျိုးသမီးအာကာသယာဉ်မှူးများ အာကာသသို့ ပထမဆုံးအကြိမ် သွားမည်

စာမျက်နှာ » ၁၂

ကြေးမုံ

# အားလုံးလွှမ်းခြုံနိုင်မည့် အမျိုးသားပင်စင်စနစ်

နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခြင်း၏ အကျိုးရလဒ်တစ်ခုမှာ အငြိမ်းစားယူသည့်အချိန်တွင် မိမိတာဝန်ထမ်းဆောင်ခဲ့သည့် လုပ်သက်အလျောက် ပင်စင်လစာ အကျိုးခံစားခွင့်ရရှိခြင်းပင်ဖြစ်သည်။ ယခင်ကာလအဟောင်းများက အငြိမ်းစားယူခဲ့ကြသော နိုင်ငံ့ဝန်ထမ်းများအဖို့ ရရှိသည့် ပင်စင်လစာနည်းပါးလွန်းသဖြင့် အခက်အခဲများရှိခဲ့သော်လည်း ပြည်သူ့အစိုးရလက်ထက်တွင် လက်ရှိလစာနှုန်းထားများအတိုင်း ပင်စင်လစာများကို တစ်ပြေးညီရရှိခံစားကြရပြီဖြစ်၍ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။

ယခုတစ်ဖန် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများသာမက ပုဂ္ဂလိကဝန်ထမ်းအငြိမ်းစားများပါ အကျိုးခံစားခွင့်များ ရရှိနိုင်မည့်အစီအမံများကို ကြားသိရသဖြင့် ပိုမိုဝမ်းမြောက်မိပါသည်။ ယင်းမှာ ဝန်ထမ်းများနောင်ရေး ဗဟိုရန်ပုံငွေအကောင်အထည်ဖော်ရေးကော်မတီကို နိုင်ငံတော်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းများသာမက ပုဂ္ဂလိကဝန်ထမ်းများပါ အငြိမ်းစားယူသောအခါ ကိုယ်ပိုင်အိမ်ရာဖြင့် နေထိုင်နိုင်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေးနှင့် လစဉ်ပင်စင်ထောက်ပံ့ပေးနိုင်ရေးအတွက် ဖေဖော်ဝါရီလ ၁၉ ရက်နေ့က နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၂၇/ ၂၀၁၉ ဖြင့် ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါဝန်ထမ်းများနောင်ရေး ဗဟိုရန်ပုံငွေအကောင်အထည်ဖော်ရေးကော်မတီအစီအမံသည် ဝန်ထမ်းလောကတွင် ပထမဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်သော ထူးခြားသည့် ဆောင်ရွက်မှုတစ်ခုဖြစ်သည်။ မိမိတို့နိုင်ငံအနေဖြင့် ချမ်းသာကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံမဟုတ်သေးသဖြင့် ပြည်သူများအားလုံး၏ ဘဝနောင်ရေးစိတ်အေးအောင် အလုံးစုံဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးသော်လည်း ပြည်သူများ၏ လိုအပ်ချက်များနှင့် ပုဂ္ဂလိကဝန်ထမ်းများနောင်ရေးတို့ကိုပါ အတတ်နိုင်ဆုံးဆောင်ရွက်ပေးလာမှုကို ကြိုဆိုရမည် ဖြစ်သည်။

ဝန်ထမ်းများသည် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ယန္တရားတစ်ခုလုံး ကောင်းမွန်စွာ အသက်ဝင်လှုပ်ရှား လည်ပတ်မောင်းနှင်နိုင်ရန် အစိုးရ၊ ပုဂ္ဂလိက ဟန်ချက်ညီညီ လှုပ်ရှားမောင်းနှင် ဆောင်ရွက်နေကြသူများဖြစ်သည်။ ခေတ်အဆက်ဆက် နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်များ၊ အစိုးရအဖွဲ့အစည်းများ မည်မျှပြောင်းလဲစေကာမူ ဝန်ထမ်းများသည် နိုင်ငံတော်၏ ယန္တရားကြီး စဉ်ဆက်မပြတ် အသက်ဝင်နေစေရန် ကြိုးစားရုန်းကန်ဆောင်ရွက်နေသူများဖြစ်၍ အသိအမှတ်ပြုထိုက်ပေသည်။

မြန်မာနိုင်ငံတွင် နိုင်ငံ့ဝန်ထမ်းပင်စင်စားများ နှစ်စဉ်တိုးပွားလာမှု၊ မျှော်မှန်းလူ့သက်တမ်းများ တိုးလာမှုတို့ကြောင့် ပင်စင်အသုံးစရိတ်များနှစ်စဉ်တိုးတက်လျာထားပေးလျက်ရှိရာ တကယ်တမ်းတွင် အစိုးရတစ်ရပ်အနေဖြင့် အဆိုပါဘဏ္ဍာငွေများကို လုံလောက်အောင် ဖြည့်ဆည်းပေးနိုင်ရန်မှာ လွယ်ကူလှသည့် အလုပ်မဟုတ်ပေ။ ပင်စင်အသုံးစရိတ်သည် နိုင်ငံတော် GDP ၏ ၁ ဒသမ ၅ ရာခိုင်နှုန်း၊ နိုင်ငံတော်အခွန်ရငွေ၏ ခြောက်ပုံ တစ်ပုံနှင့် နိုင်ငံတော်အသုံးစရိတ်တစ်ခုလုံး၏ ၁၀ ရာခိုင်နှုန်းနီးပါး နှစ်စဉ် ကျခံသုံးစွဲနေရပေသည်။

ထို့ကြောင့် ရေရှည်တည်တံ့ခိုင်မြဲသော အမျိုးသားပင်စင်စနစ်ဖြစ်ပေါ်လာစေရေးနှင့် နိုင်ငံတော်ဘတ်ဂျက်မှ သုံးစွဲရမှုကို ရေရှည်ခံနိုင်စွမ်းရှိစေရေးအတွက် မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံ့ဝန်ထမ်းပင်စင်စနစ်အား အခြားသော ကမ္ဘာ့နိုင်ငံများနည်းတူ ရန်ပုံငွေကိုအခြေခံ၍ ခံစားခွင့်ပြုသည့်စနစ်သို့ ပြောင်းလဲဆောင်ရွက်ခြင်းသည် လျော်ကန်သင့်မြတ်လှုပေသည်။ လက်ရှိဝန်ထမ်းပင်စင်စနစ်သည် နိုင်ငံတော်ဘတ်ဂျက်ကို အမှီပြုထားသည့်စနစ်ဖြစ်ရာ တိုးပွားလာသောပင်စင်စားများအတွက် ရေရှည်တွင် အခက်အခဲများရှိလာမည်ဖြစ်သည်။

သို့ဖြစ်ရာ ရေရှည်တည်တံ့ခိုင်မြဲသည့် ပင်စင်စနစ်ပေါ်ပေါက်လာရေး၊ ရန်ပုံငွေကို အခြေခံခွင့်ပြုသည့် ပင်စင်စနစ်သို့ပြောင်းလဲနိုင်ရေးအတွက် ဝန်ထမ်းများနောင်ရေး ဗဟိုရန်ပုံငွေအကောင်အထည်ဖော်ရေး ကော်မတီ ထူထောင်ပြီး အနာဂတ်ကာလတွင် ဝန်ထမ်းများသာမက ပုဂ္ဂလိကဝန်ထမ်းများပါ လွှမ်းခြုံနိုင်မည့် အမျိုးသားပင်စင်စနစ်သစ်ကို အောင်မြင်စွာ ထူထောင်နိုင်မည်ဟု ယုံကြည်ပါသည်။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

## ၂၀၁၉ ခုနှစ်၊ (၇၄) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးတို့ကို အဓိကထားဆောင်ရွက်ရေး။

( ခ ) သမိုင်းကြောင်းအရ နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် စဉ်ဆက်မပြတ် ခံယူလုပ်ဆောင်ရေး။

( ဂ ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသောပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် မဖြစ်မနေလိုအပ်သော ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဒို့တာဝန်အရေးသုံးပါးကို အခြေခံသော ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ဖြင့် တပ်မတော်မှ ခိုင်ခိုင်မာမာဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော် တည်ဆောက်ရေး။

# ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း၏ အလုပ်အမှုဆောင် အစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် မတ် ၁၀**

မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း၏ အလုပ်အမှုဆောင် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၌ ကျင်းပသည်။ **(ယာပုံ)**




**ရင်းနှီးချစ်ကြည်မှုများ ပိုမိုရရှိ**

အခမ်းအနားတွင် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း ဂုဏ်ထူးဆောင်နာယက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ဒေသအတွင်းရှိ စီးပွားရေးလုပ်ငန်းများအပြင် အခြားတိုင်းရင်းသားမျိုးနွယ်စုများ၏ စီးပွားရေးလုပ်ငန်းများနှင့် ရိုးရာယဉ်ကျေးမှုများကို သိရှိနားလည်စေရေး အပြန်အလှန် သွားရောက်လေ့လာကြစေလိုပါကြောင်း၊ ထိုသို့ သွားရောက်လေ့လာခြင်းဖြင့် တိုင်းရင်းသားများအချင်းချင်း မတူကွဲပြားသော ယဉ်ကျေးမှုဓလေ့ထုံးစံများကို သိရှိနားလည်ပြီး ရင်းနှီးချစ်ကြည်မှုများ ပိုမိုရရှိလာမည် ဖြစ်ပါကြောင်း၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိမှသာ သံသယကင်းစင်ပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖော်ဆောင်နိုင်မည်ဖြစ်၍ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည် လွန်စွာ အရေးကြီးပါကြောင်း။

တိုင်းရင်းသား လုပ်ငန်းရှင်များအနေဖြင့် ဒေသအတွင်း တိုင်းရင်းသားများ၏ ရိုးရာလက်မှု ထုတ်ကုန်များ တိုးတက်လာစေရေး ကူညီဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ကမ္ဘာ့လူဦးရေ အများဆုံးနိုင်ငံကြီးနှစ်ခုကြားတွင် တည်ရှိသောကြောင့် ကြီးမားသော ဈေးကွက်ကြီးများ အဆင်သင့်ရှိနေပြီး မိမိတို့၏ စက်မှုလက်မှုထုတ်ကုန်များ အရည်အသွေးပြည့်ဝစွာ ထုတ်လုပ်နိုင်ပါက ဈေးကွက်အတွင်း အောင်မြင်မည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် တစ်ဦးတစ်ယောက်ချင်း ကြိုးစားဆောင်ရွက်ရုံသာမက တိုင်းရင်းသား မျိုးနွယ်စုအလိုက် စီးပွားရေးလုပ်ငန်းရှင် အသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက်လည်း မိမိတို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အသေးစား၊ အလတ်စားလုပ်ငန်းများအပြင် ပြည်ပကုမ္ပဏီများနှင့်ပါ ပူးပေါင်းဆောင်ရွက်နိုင်ရေး ကြိုးစားကြစေလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်နေသလို တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့်လည်း တိုင်းဒေသကြီး / ပြည်နယ်များရှိ ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

**ဆွေးနွေးပြောကြား**

ဆက်လက်၍ ဂုဏ်ထူးဆောင်နာယက ဒေါက်တာအောင်ထွန်းသက်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်နှင့် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဥ္ဇာမျိုးတို့က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးယောဆက်နှင့် အထွေထွေအတွင်းရေးမှူး ဦးမင်းဗညားစန်းတို့က မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း ပေါ်ပေါက်လာပုံနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ညှိနှိုင်းပေါင်းစပ်**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းရင်းသားမျိုးနွယ်စု တိုင်းရင်းသားလုပ်ငန်းရှင်အသင်းများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ ကိုယ်စားလှယ်များက တိုင်းရင်းသားလုပ်ငန်းရှင်များ၏ အခက်အခဲများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဂုဏ်ထူးဆောင်နာယကများက ညှိနှိုင်းပေါင်းစပ် ဖြေရှင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံ

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | ဦးဝင်းရွှေ |
| စာတည်းမှူး | - | ဦးဝင်းနိုင် |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ |
| သတင်းထောက်မှူး | - | ဦးမြင့်စိုး |
| ဘာသာပြန်စာတည်းများ | - | ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော် |
| အကြီးတန်းသတင်းထောက်များ | - | ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း |
| အငယ်တန်းသတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးကိုမင်း ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ |
| ဓာတ်ပုံသတင်းထောက် | - | ဦးခင်မောင်ဝင်း |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၃၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၂၇

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၁၀**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော စားသုံးသူကာကွယ်ရေး ဥပဒေကြမ်းနှင့် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့နှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့တွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်ဂုဏ်ပြုပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်

**ရန်ကုန် မတ် ၁၀**

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ် ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့ ပြည်သူ့ရင်ပြင် (စမ်းချောင်းသာကွင်း)၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း တည်ထောင်သူ နာယကတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ ကြွရောက်လာကြသော အဖွဲ့များနှင့် မှတ်တမ်းဓာတ်ပုံရိုက်ကြပြီး ပွဲဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ထို့နောက် MWEAအသင်းဥက္ကဋ္ဌက ကျေးဇူးတင်



စကားပြန်လည်ပြောကြားခဲ့ပြီး ပြည်တွင်းချည်ထည်များဖြင့် ဖန်တီးထားသော ဝတ်စားဆင်ယင်မှုပြပွဲနှင့် တေးဂီတ ဖျော်ဖြေပွဲများဖြင့် ဖျော်ဖြေသည်။

ယမန်နေ့ကလည်း အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ် ဂုဏ်ပြုပွဲနှင့် Champion for Gender Equality Award ပေးအပ်ပွဲအခမ်းအနားကို မဟာဗန္ဓုလပန်းခြံ၌ ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

**ရွေးချယ်ပေးအပ်**

ထို့နောက် Champion for Gender Equality Award ဆုရွေးချယ်ရခြင်း၏ ရည်ရွယ်ချက်၊ ဆုရွေးချယ်ပုံအဆင့်အဆင့်နှင့် ဆုရွေးချယ်ခြင်းအပေါ် အားပေးစကားပြောကြားခြင်းတို့ကို တာဝန်ရှိသူများက ပြောကြားသည်။ ဆက်လက်၍ ယခုနှစ်အတွက် Champion for Gender Equality Award ကို ရွေးချယ်ပေးအပ်ရာ လူ့အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ ကလေးအခွင့်အရေးများအတွက် ဆောင်ရွက်နေသူ၊ စံပြလူထုအခြေပြုအဖွဲ့၏ Program Director မိချယ်ရီစိုးနှင့် ပန်းချီဆုအတွက် ဆရာမ မသန္တာနွေးက ရရှိသည်။

ဆက်လက်၍ ဆုရရှိသူများနှင့် ဆုအမည်စာရင်းတင်သွင်းခြင်းခံရသူများအတွက် ပြည်ထောင်စုဝန်ကြီးနှင့် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာမြသီတာတို့က ပေးအပ်ခဲ့ကြပြီး ဆုရရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## AFC Cup ပြိုင်ပွဲ အုပ်စုဒုတိယပွဲ ယှဉ်ပြိုင်ရန် ရန်ကုန်အသင်း ထွက်ခွာ

**ရန်ကုန် မတ် ၁၀**

၂၀၁၉ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စုဒုတိယပွဲယှဉ်ပြိုင်ရန် ရန်ကုန်ယူနိုက်တက်အသင်းသည် ယနေ့ညနေပိုင်းက ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့သို့ ထွက်ခွာသွားသည်။ ရန်ကုန်အသင်းတွင် အုပ်ချုပ်နည်းပြအဖွဲ့ဝင် ကိုးဦး၊ ကစားသမား ၁၈ ဦး လိုက်ပါသွားသည်။

ရန်ကုန်အသင်းသည် ကမ္ဘောဒီးယားကလပ် နာဂါဝေါ အသင်းနှင့် မတ် ၁၂ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အဖွင့်ပွဲတွင် ရှုံးပွဲကြုံတွေ့ထားသောကြောင့် ယခုပွဲတွင် အနိုင်ရရန် လိုအပ်နေသည်။ ရန်ကုန်အသင်းသည် အဖွင့်ပွဲတွင် စင်ကာပူကလပ် တမ်ပနိစ်ရိုဗာ အသင်းကို ရှုံးနိမ့်ခဲ့သော်လည်း မတ် ၃ ရက်က ယှဉ်ပြိုင်ကစားသည့် MNL ပွဲစဉ် (၅)တွင် ရခိုင်အသင်းကို အဝေးကွင်း၌ အနိုင်ရခဲ့သည်။

ရန်ကုန်အသင်းတွင် အဖွဲ့ခေါင်းဆောင် ဦးနိုင်ဇော်မင်း၊ အုပ်ချုပ်သူ ဦးမြင့်သိန်း၊ နည်းပြချုပ် ဦးမျိုးမင်းထွန်း၊ နည်းစနစ်ဒါရိုက်တာ ဦးဉာဏ်ဝင်း၊ ဂိုးနည်းပြ ဦးဝင်းနိုင်၊ လက်ထောက်နည်းပြ ဦးသူရဆွေ၊ **ဂိုး** ကျော်ဇင်ထက်၊ ဆန်းဆက်နိုင်၊ **နောက်တန်း** မိုကာလူး၊ ပြည့်ဖြိုးဇော်၊ ထူးခန့်လွင်၊ သူရိန်စိုး၊ နန်းဝေမင်း၊ သီဟဇော်၊ မင်းကျော်ခန့်၊ **အလယ်တန်း** ရန်အောင်ကျော်၊ သက်ပိုင်စိုး၊ မောင်မောင်လွင်၊ ငြိမ်းချမ်းအောင်၊ ယာမာဇာကီ၊ **ရှေ့တန်း** ဆယ်လာ၊ မီလာ၊ ကောင်းထက်စိုး၊ စိုးမင်းနိုင်တို့ လိုက်ပါသွားသည်။

**ရှိုင်းထက်ဇော်**

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအောက်ရှိ သတင်းစာတိုက်များမှ စာတည်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၊ ပုံနှိပ်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ The Global New Light of Myanmar သတင်းစာတိုက်၌ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအောက်ရှိ သတင်းစာတိုက်များမှ စာတည်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။ **(ယာပုံ)**



**ဆွေးနွေးပူးပေါင်းဆောင်ရွက်**

တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးက မိမိတို့နိုင်ငံတွင် ပကတိအခြေအနေအရ နိုင်ငံပိုင်မီဒီယာတည်ရှိနေရန် လိုအပ်နေပါသေးကြောင်း၊ သို့သော် မီဒီယာ ကျင့်ဝတ်လိုက်နာပြီး သတင်းတန်ဖိုးရှိသည့် အကြောင်းအရာများကိုသာ ရွေးချယ်ရေးသားဖော်ပြရန်၊ အကြောင်းအရာအချက်အလက် အမှားကင်းရန်၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်နားလည်မှုဖြင့် ဆွေးနွေးပူးပေါင်းဆောင်ရွက်ကြရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်၊ သတင်းအရေးအသားကျစ်ကျစ်လျစ်လျစ်နှင့် ကိုယ်ပိုင်စတိုင်ရှိရန်၊ သတင်းအင်တာဗျူးများကို စနစ်တကျ ကြိုတင်ပြင်ဆင်ပြီးမှ ဆက်သွယ်ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းလိုအပ်ချက်များရှိပါကလည်း ဆွေးနွေးတင်ပြကြရန် မှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် စာတည်းအဖွဲ့ဝင်များက လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဖိုတိုလစ်သို ပုံနှိပ်စက်ရုံသို့ ရောက်ရှိပြီး ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်ဝေနေမှုနှင့် မကြာမီကျင်းပမည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဆင့်ဆင့် ရွေးကောက်ပွဲအတွက် မဲလက်မှတ်များ ပုံနှိပ်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မီရေး၊ လုပ်ငန်းလုံခြုံမှု မပေါက်ကြားရေး၊ စက်ရုံလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို သတိပြုကြရန် မှာကြားသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအတွက်သာမက မြန်မာအင်ဂျင်နီယာများနှင့် ကျွမ်းကျင်လုပ်သားများအတွက်ပါ ပညာလည်းရ ဝမ်းလည်းဝသည့် J&M သံမဏိစက်ရုံသို့ လေ့လာရေးတစ်ခေါက်

ဂျပန်-မြန်မာအကျိုးတူပူးပေါင်းဆောင်ရွက်မှုဖြင့် တည်ဆောက်ဖွင့်လှစ်ခဲ့သည့် စက်ရုံတွင် အလုပ်လုပ်နေရုံသာမက ဂျပန်နိုင်ငံသို့လည်း တစ်နှစ်ပညာတော်သင် သွားခဲ့ရ၍လားမသိ၊ မအေးမြမွန်၏ လှုပ်ရှားသွားလာမှုများသည် သွက်လက်ဖျတ်လတ်နေသည်။

သူတာဝန်ထမ်းဆောင်နေသည့်စက်ရုံက J&M Steel Solutions Co.,Ltd. သံမဏိစက်ရုံဖြစ်သည်။ ထိုစက်ရုံကို မြန်မာနိုင်ငံ၏ သံမဏိသံပေါင်လိုအပ်ချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဂျပန်နိုင်ငံ JFE Engineering Corporation တို့က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၁ နိုဝင်ဘာ ၂၀၁၃ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံက ၄၀ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံက ၆၀ ရာခိုင်နှုန်း ထည့်ဝင်ရင်းနှီးမြှုပ်နှံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

စက်ရုံအပိုင်း(က)ကို ရန်ကုန်မြို့ သာကေတမြို့နယ် ရှုခင်းသာမြို့ပတ်လမ်းရှိ မြေ ၁၆ ဧကပေါ်တွင် ၂၀၁၄ ခုနှစ် ဇူလိုင်လက စတင်ခဲ့ပြီး ၂၀၁၆ ခုနှစ် မေလတွင် ဖွင့်လှစ်ခဲ့ကာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စတင်ထုတ်လုပ်နိုင်ခဲ့သည်။

မအေးမြမွန်က ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် စတင်အလုပ်ဝင်ခဲ့ပြီး Shop Drawing ပုံဆွဲဌာန၌ တာဝန်ကျခဲ့သည်။ အလုပ်ဝင်ပြီး တစ်နှစ်ခွဲအကြာမှာပင် စက်ရုံက ဒီဇိုင်းပညာနှင့်ပတ်သက်၍ ပညာသင်ကြားရန် သူ့ကို ဂျပန်နိုင်ငံသို့ တစ်နှစ်ပညာတော်သင် စေလွှတ်ပေးခဲ့သည်။ ပညာတော်သင်ပြန်ရောက်ပြီးနောက် Design &Project Management ဌာနတွင် လက်ရှိ လက်ထောက်မန်နေဂျာရာထူးဖြင့် တာဝန်ထမ်းဆောင်နေသည်။

"အရင်က တံတားဒီဇိုင်းနဲ့ပတ်သက်ပြီး ဒီမှာမလုပ်ဘူး။ ဂျပန်နိုင်ငံ JFE Engineering Corporation ကို တာဝန်ပေးပြီး လုပ်ဆောင်စေတယ်။ ဒီမှာက စက်ရုံအတွက် လိုအပ်တဲ့ Shop Drawing ဆွဲပြီး J&M စက်ရုံမှာ ထုတ်လုပ်တယ်။ ဂျပန်နိုင်ငံက ပြန်လာပြီးနောက်မှာ ဒီဇိုင်းဌာနဖွဲ့စည်းပြီး မြန်မာအင်ဂျင်နီယာတွေ ကိုယ်တိုင်လုပ်ဆောင်နေပါတယ်" ဟု ၎င်းက ပြောသည်။

လာမည့်သုံးလေးနှစ်အတွင်း မြန်မာနိုင်ငံအင်ဂျင်နီယာများကိုယ်တိုင် ဒီဇိုင်းထုတ်လုပ်သွားနိုင်မည်ဟု ယုံကြည်ကြောင်းလည်း မအေးမြမွန်က ဆိုသည်။

J&M Steel Solutions Co.,Ltd. သံမဏိစက်ရုံတွင် မြန်မာအင်ဂျင်နီယာ ၁၀၀ နှင့် စက်ရုံဝန်ထမ်း ၅၀၀ စုစုပေါင်း ၆၀၀ ခန့် လုပ်ငန်းခွင်ဝင်ရောက်လုပ်ကိုင်လျက်ရှိသည်။

စက်ရုံအတွင်း၌မူ ဦးထုပ်၊ မျက်မှန်၊ နားဆို့၊ ဖုန်ကာ၊ လက်အိတ်၊ ဖိနပ်နှင့် တူညီဝတ်စုံကိုယ်စီဝတ်ဆင်ထားသော စက်ရုံလုပ်သားများသည် ဂျပန်နိုင်ငံမှ တင်သွင်းလာသည့် သံနှင့် သံမဏိကုန်ကြမ်းအပြားများကို အတိုင်းအဆအလိုက် ဖြတ်တောက်သူဖြတ်တောက်၊ ဂဟေဆော်သူဆော်လျက်ရှိကြသည်။

"ဒီစက်ရုံမှာ သန့်ရှင်းရေး၊ ကျန်းမာရေး၊ လုံခြုံရေးအပိုင်းတွေကို အလေးထားဆောင်ရွက်ထားတယ်။ အလုပ်သမားတွေ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆရာဝန်နဲ့ ဆေးခန်းထားရှိပေးတယ်။ လုပ်ငန်းခွင်ပြီးစီးတဲ့အခါ ရေချိုးဖို့ ၊ အဝတ်လဲဖို့ အခန်းတွေလည်း ထားရှိပေးတယ်။ စားသောက်ခန်း၊ နားနေခန်း၊ ဧည့်တွေ့ခန်းစတာတွေကအစ စနစ်တကျထားရှိပေးပါတယ်။ စည်းကမ်းပိုင်းဆိုလည်း အချိန်တိကျသေချာရတယ်"ဟု ထုတ်လုပ်ရေးဌာနမှ Factory Leader ကိုတံဘီက ပြောသည်။

သူသည် ၂၀၁၄ ခုနှစ်တွင် J&M Steel Solutions Co.,Ltd.သို့ စတင်ဝင်ရောက်ခဲ့ပြီး လုပ်ငန်းခွင်ပညာရပ်များကို ဂျပန်နိုင်ငံတွင် သုံးနှစ်လေ့လာသင်ကြားခဲ့သည်။ ၎င်းက လက်ရှိကာလတွင် စက်ရုံရှိလုပ်သားများ ကျွမ်းကျင်အဆင့် တစ်ခုရရှိနေပြီဖြစ်သော်လည်း မိမိအနေဖြင့်မူ ယနေ့တိုင် သင်ယူနေဆဲဟုဆိုသည်။

"မြန်မာအင်ဂျင်နီယာတွေ၊ မြန်မာကျွမ်းကျင်လုပ်သားတွေ၊ ဝန်ထမ်းတွေ အားလုံးက ထူးချွန်ပြောင်မြောက်ကြပါတယ်။ မူလရည်ရွယ်ချက်ဖြစ်တဲ့ ဂျပန်ရဲ့ နည်းပညာတွေကို ဖြန့်ဝေပေးဖို့ ဆောင်ရွက်ရတာဖြစ်တဲ့အတွက် မြန်မာနိုင်ငံ မျိုးဆက်သစ်အင်ဂျင်နီယာတွေ၊ ကျွမ်းကျင်လုပ်သားတွေကို ဂျပန်နိုင်ငံကို ပညာသင်စေလွှတ်ပြီး နည်းပညာပူးပေါင်းဆောင်ရွက်မှုတွေ လုပ်စေခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ သူတို့ရဲ့ဆောင်ရွက်မှုတွေက ကျေနပ်ဖွယ်ရာတွေ့မြင်ရပါတယ်။ မြန်မာနိုင်ငံ အင်ဂျင်နီယာတွေသည် သူတို့ဘာသာသူတို့ Steel Bridge တွေကို ကိုယ်တိုင်ပုံစံထုတ်လုပ်နိုင်တဲ့အဆင့်ကို ရောက်လိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်"ဟု J&M Steel Solutions Co.,Ltd. မန်နေဂျင်းဒါရိုက်တာ Mr. Yasuo Shoji က ပြောသည်။

**"မြန်မာအင်ဂျင်နီယာတွေ၊ မြန်မာကျွမ်းကျင်လုပ်သားတွေ၊ ဝန်ထမ်းတွေအားလုံးက ထူးချွန်ပြောင်မြောက်ကြပါတယ်။ မူလရည်ရွယ်ချက်ဖြစ်တဲ့ ဂျပန်ရဲ့နည်းပညာတွေကို ဖြန့်ဝေပေးဖို့ ဆောင်ရွက်ရတာဖြစ်တဲ့အတွက် မြန်မာနိုင်ငံ မျိုးဆက်သစ်အင်ဂျင်နီယာတွေ၊ ကျွမ်းကျင်လုပ်သားတွေကို ဂျပန်နိုင်ငံကို ပညာသင်စေလွှတ်ပြီး နည်းပညာပူးပေါင်းဆောင်ရွက်မှုတွေ လုပ်စေခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ သူတို့ရဲ့ ဆောင်ရွက်မှုတွေက ကျေနပ်ဖွယ်ရာ တွေ့မြင်ရပါတယ်"**

J&M Steel Solutions Co.,Ltd. သံမဏိစက်ရုံသည် မြန်မာနိုင်ငံ၌ လိုအပ်သည့် အခြေခံအဆောက်အအုံများ တိုးတက်မြင့်မားစေရန် နည်းပညာများ ပြန့်ပွားနိုင်ရေးအတွက် တစိုက်မတ်မတ်ရည်ရွယ်ဆောင်ရွက်ရုံသာမက ဆောက်လုပ်ရေးဝန်ကြီးဌာန၏ တံတားစီမံကိန်းများအပြင် အခြားလိုအပ်ချက်အချို့ကိုပါ ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

ယခင်က နိုင်ငံ့အတွက် လိုအပ်သည့် သံမဏိသံပေါင်များ၊ အထူးသဖြင့် တံတားကြီးများ တည်ဆောက်ရန် သံမဏိသံပေါင်များကို နိုင်ငံခြားငွေဖြင့် အချိန်ပေးမှာယူတင်သွင်းခဲ့ရသော်လည်း ပစ္စုပ္ပန်တွင် J&M Steel Solutions Co.,Ltd. သံမဏိစက်ရုံထုတ် သံမဏိသံပေါင်များကို ပြည်တွင်းမှာပင် မြန်မာငွေဖြင့် ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ပြီဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်သည့်တံတားများအပြင် ရန်ကုန်မြို့ ကုက္ကိုင်းခုံးကျော်တံတားနှင့် ဆိပ်ခံတံတားများကိုလည်း စက်ရုံထုတ် သံမဏိသံပေါင်များနှင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၅ သို့


J&M သံမဏိစက်ရုံမှ ထုတ်လုပ်ပြီး သံမဏိသံပေါင်များကို တွေ့ရစဉ်။


J&M Steel Solutions Co.,Ltd. မှ ဝန်ထမ်းများ ကွန်ပျူတာဖြင့် တံတားပုံစံဒီဇိုင်းများ ရေးဆွဲနေကြစဉ်။

# ရွှေတိဂုံစေတီတော်တောင်ဘက် အောက်ပစ္စယံရှိ ရွှေပြားကြိတ်စက်ရုံ အဆောက်အဦ၌ အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ပွဲကျင်းပ

**ရန်ကုန် မတ် ၁၀**

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်တောင်ဘက် အောက်ပစ္စယံရှိ ရွှေပြားကြိတ်စက်ရုံ အဆောက်အဦအတွင်း၌ အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၆ နာရီခွဲက အဆိုပါ ရွှေပြားကြိတ်စက်ရုံ အဆောက်အဦအတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်း ညောင်တုန်းပါဠိတက္ကသိုလ် ကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တ ပဝရာဘိဝံသ ထံမှ ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ကြွရောက်လာကြသည့် ဆရာတော်သံဃာတော်များက အန္တရာယ်ကင်းပရိတ်များ ရွတ်ဖတ်သရဇ္ဈာယ်ပြီး အရပ်ရှစ်မျက်နှာ၌ လက်ယာရစ်ပတ်ကာ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများ ပက်ဖျန်းချည်နှောင်ပေးသည်။

ဆက်လက်၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် ဇနီးနှင့် ဝန်ထမ်းမိသားစုများမှ လှူဒါန်းသည့် ရွှေပြားကြိတ်စက်တစ်လုံး၊ အဝင်မုခ်ဦးတိုင် မှန်စီရွှေချ ရှုမျှော်ရပ်အတွက် လှူဒါန်းခြင်း၊ လည်ပတ်ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်နှင့် စကျင်ကျောက်ပြားအခင်းလှူဒါန်းခြင်း၊ ထီး၊ ကနုတ်ပြုလုပ်ခနှင့် စတီးလ်ထိုင်ခုံများလှူဒါန်းခြင်းနှင့် စိန်ရွှေထိပ်တန်းကုမ္ပဏီဥက္ကဋ္ဌ ဦးဇော်ဝင်းမိသားစုက ရွှေပြားကြိတ်စက်ရုံ အဆောက်အဦနှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်းခြင်းတို့အတွက် ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးဝင်းနိုင်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ယင်းနောက် ဆရာတော် သံဃာတော်များအား ပြည်ထောင်စုဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများလှူဒါန်းကြပြီး အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဆရာတော်သံဃာတော်များ၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဦးခင်မောင်ချိုနှင့် တက်ရောက်လာသူများက ရွှေပြားကြိတ်စက်ရုံအဆောက်အဦအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ရွှေတိဂုံစေတီတော်တွင် ယခင်က ကပ်လှူပူဇော်ခဲ့သည့် ရွှေစင်ရွှေပြားသင်္ကန်းတော်များသည် သမားရိုးကျ လက်ရိုက်ရွှေချနည်းစနစ်များဖြင့် ပြုလုပ်ခဲ့ရာမှ ယခုအခါ ရာသီဥတုဒဏ်ခံနိုင်ပြီး တင့်တယ်သပ္ပာယ်၍ ရေရှည်တည်တံ့ခိုင်မြဲစေမည့် ရွှေစင်ရွှေပြားတို့ဖြင့် ကပ်လှူပူဇော်နိုင်ရေးကို မျှော်မှန်းပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ အကြံပြုချက်အရ စက်မှုဝန်ကြီးဌာနက ဒီဇိုင်းရေးဆွဲဆန်းသစ်တီထွင်၍ ရွှေပြားကြိတ်စက်ရုံနှင့် တစ်ပေပတ်လည်ရှိသော ရွှေသားစစ်စစ် ရွှေစင်ရွှေပြားများ ထုတ်လုပ်နိုင်မည့် နိုင်ငံတကာ စံချိန်စံညွှန်းမီ ရွှေပြားကြိတ်စက်ခြောက်လုံးကို တပ်ဆင်ခဲ့ပြီးဖြစ်သည်။

ရွှေပြားကြိတ်စက်များအပါအဝင် ရွှေပြားကြိတ်စက်ရုံကို ၂၀၁၈ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် ပန္နက်တင်ရတနာအုတ်မြစ်ချခဲ့ပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်နေ့တွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချိုတို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး လေးလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့နှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဂေါပကရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင် ဦးသောင်းထိုက်တို့က အသီးသီးဆွေးနွေးတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**



**စာမျက်နှာ ၄ မှ**

"အခုတည်ဆောက်ပြီးတဲ့ တံတားတွေတော်တော်များများက ပြီးစီးသွားပါပြီ။ Plate Girder အမျိုးအစား သံမဏိသံပေါင်တံတားအစင်း ၇၀ ကျော်ပါပြီ။ Steel Truss Type Bridge ဆိုတဲ့ သံမဏိသံပေါင်တံတား ၁၅ စင်း ကျော်သွားပါပြီ။ Box Gider Type Bridge ဆိုတဲ့ သံမဏိသံပေါင် တံတားဆိုရင် ၁၃ စင်း၊ အခုဆိုရင် ထုတ်လုပ်ပြီးတဲ့ သံမဏိသံပေါင်တံတားပေါင်းက အစင်း ၁၀၀ ဝန်းကျင်ရှိသွားပါပြီ။ အဲဒီထဲကမှ ထူးခြားတဲ့တံတားကြီးတွေ ပြောပါဆိုရင် မွန်ပြည်နယ်မှာရှိတဲ့ ဗိုလ်ချုပ်အောင်ဆန်း(ချောင်းဆုံ)တံတား၊ ထီးချိုင့်တံတား၊ ချင်းတွင်းတံတား(ခန္တီး)၊ ချင်းတွင်းတံတား(ဟုမ္မလင်း)တို့ တည်ဆောက်ပြီးစီးပါပြီ"ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုက ပြောသည်။

မကြာမီဖွင့်လှစ်တော့မည့် မြောင်းမြတံတားအပါအဝင် ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်ဆဲတံတားများဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စော်ကဲတံတား၊ ကျွန်းပြဿဒ်တံတား၊ ပင်လယ်လေးတံတား၊ ပုသိမ်တံတားနှင့် မွန်ပြည်နယ်ရှိ အတ္ထရံတံတား၊ ချင်းပြည်နယ်ရှိ ပလက်ဝတံတားနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ သန်လျင်တံတား အမှတ်(၃)တို့တွင် J&M သံမဏိစက်ရုံထုတ် သံမဏိသံပေါင်များဖြင့် အသုံးပြုတည်ဆောက်လျက်ရှိကြောင်း သိရသည်။

"ဒီဘက်က သံမဏိသံပေါင်တံတားတွေက သီရိလင်္ကာကိုပို့ဖို့ပါ"ဟု ၁၆ ဧကကျယ်ဝန်းသည့် စက်ရုံဧရိယာအတွင်း စီတန်းထားသည့် သံမဏိသံပေါင်တံတားကိုယ်ထည်များကို ညွှန်ပြရင်း ကိုတံဘီက ဆိုသည်။

J&M သံမဏိစက်ရုံသည် မြန်မာနိုင်ငံ၏ သံမဏိသံပေါင်လိုအပ်ချက်ကို အထိုက်အလျောက်ဖြည့်ဆည်းပေးရုံမက ပြည်ပပို့ကုန်အနေဖြင့် လာအိုနိုင်ငံသို့ ၂၀၁၄ ခုနှစ်က တန်နှစ်ရာ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် တန်တစ်သောင်း၊ သီရိလင်္ကာနိုင်ငံသို့ ၂၀၁၆ ခုနှစ်တွင် တန်သုံးရာတင်ပို့နိုင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ခုနှစ်တွင် တန်ရှစ်ထောင် ထပ်မံတင်ပို့လျက်ရှိသည်။ အိန္ဒိယနိုင်ငံသို့လည်း ဆက်လက်တင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စက်ရုံစတင်တည်ထောင်ချိန်က တစ်နှစ်လျှင် သံမဏိသံပေါင် တန်ချိန်တစ်သောင်းထုတ်လုပ်နိုင်ခဲ့ပြီး လက်ရှိအချိန်အထိ စုစုပေါင်း တန်ချိန်ရှစ်သောင်းထုတ်လုပ်နိုင်ခဲ့ကာ ဆက်လက်၍ တစ်နှစ်တန်ချိန် သုံးသောင်း ထုတ်လုပ်နိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

"ကုမ္ပဏီကိုထပ်ပြီးတိုးချဲ့ဖို့အစီအစဉ်ရှိပါတယ်။ လက်ရှိအခြေအနေအထိဆိုရင် ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့တံတားတွေအပြင် ODA ပရောဂျက်နဲ့ အခြားပရောဂျက်တွေပါ J&M Steel Solutions မှာထုတ်လုပ်နိုင်ခဲ့ပါတယ်။ ထုတ်လည်း ထုတ်လုပ်နေဆဲဖြစ်ပါတယ်။ ဒါ့အပြင် တံတားတော်တော်များများဟာ မြစ်ချောင်းကို ကျော်ဖြတ်တဲ့ တံတားတွေဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ ထုတ်ကုန်တွေကို မြစ်ကြောင်းကနေတစ်ဆင့် သယ်ယူပို့ဆောင်နိုင်ဖို့နဲ့ ကုန်ကျစရိတ်လျှော့ချနိုင်ဖို့ ဆိပ်ခံတံတားတစ်ခုကို တိုးချဲ့ဆောက်လုပ်ချင်ပါတယ်"ဟု မန်နေဂျင်းဒါရိုက်တာ Mr.Yasuo Shoji ကဆိုသည်။



J & M သံမဏိစက်ရုံမှဝန်ထမ်းများ လုပ်ငန်းခွင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

J&M သံမဏိစက်ရုံရှိ အင်ဂျင်နီယာဌာနနှင့် စက်ရုံအတွင်း သံထည်များအပေါက်ဖောက်ခြင်း၊ ဝရိန်ဆော်ခြင်း၊ ဖြတ်တောက်ခြင်း၊ တံတားအဖြစ်တပ်ဆင်ခြင်း၊ ဆေးသုတ်ခြင်းများ ကဏ္ဍအလိုက် ဆောင်ရွက်နေမှုများကို မိမိတို့လှည့်လည်ကြည့်ရှုနေသည်မှာ အချိန်အတန်ကြာခဲ့လေပြီ။ မွန်းတည့် ၁၂ နာရီထိုးလုပင်ရှိရာ မကြာမီ စက်ရုံဥသြဆွဲသံနှင့်အတူ ကျွမ်းကျင်လုပ်သားများသည် လုပ်လက်စအလုပ်များကို တိခနဲ ရပ်ဆိုင်းကာ စက်ရုံစားသောက်ဆိုင်သို့ ဦးတည်သွားကြကုန်၏။

သို့နှင့် မိမိတို့လည်း တာဝန်ရှိသူများကို နှုတ်ဆက်၍ ပြန်လည်ထွက်ခွာလာခဲ့ကြ၏။ စက်ရုံအဝင်ဝရှိ J & M သံမဏိစက်ရုံဆိုင်းဘုတ်အနီးရောက်သောအခါမှ အတွေးတစ်ခုက ဖျတ်ခနဲ ဝင်ရောက်လာသည်။

တောင်ပေါ်မြေပြန့်မှ မောင်နှမညီအစ်ကိုများဖြင့် ပေါင်းစုထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ဧရာဝတီ၊ သံလွင်၊ ချင်းတွင်း၊ စစ်တောင်း၊ ရွှေလီ စသဖြင့် မြစ်ကြီးငါးသွယ်၊ မြစ်ငယ် ငါးရာဆိုဘိသို့ မြစ်ချောင်းအင်းအိုင်ပေါများလှသည်နှင့်အမျှ ပြည်ထောင်စုဖွား တိုင်းရင်းသားမိဘပြည်သူများ ကူးလူးယှက်နွယ်ဆက်သွယ်နိုင်ရန် မြစ်ကူး၊ချောင်းကူးတံတားကြီးငယ်များစွာ လိုအပ်နေပေသေးသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် မြစ်ကိုမြင်လျှင် တံတားဆင်ဖို့ တံတားကြီးငယ်များစွာကို ဆက်လက်တည်ဆောက်လျက်ရှိရာ ထိုထိုသော လိုအပ်ချက်များကို J&M သံမဏိစက်ရုံသည် အထိုက်အလျောက် ဖြည့်ဆည်းပေးနေရုံမက မအေးမြမွန်နှင့် ကိုတံဘီတို့ကဲ့သို့ မြန်မာလူငယ်မောင်မယ်များအတွက်ပါ ပညာလည်းရ၊ ဝမ်းလည်းဝအောင် စွမ်းဆောင်နေပါလားဟု စဉ်းစားတွေးတောမိပါကြောင်း။ ။

**သတင်းဆောင်းပါး -ခင်မောင်ထွေး၊ဓာတ်ပုံ-ဇော်မင်းလတ်**

# မြန်မာကျောက်ကပ်ဖောင်ဒေးရှင်း၏ နှစ်ပတ်လည်အခမ်းအနား ကျင်းပ

**ရန်ကုန် မတ် ၁၀**

မြန်မာကျောက်ကပ်ဖောင်ဒေးရှင်း၏ နှစ်ပတ်လည် အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ International Business Center ၌ ကျင်းပရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးတို့ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ မြန်မာကျောက်ကပ်ဖောင်ဒေးရှင်း တည်ထောင်သူ ဥက္ကဋ္ဌ ဒေါက်တာလှအောင်က ကြိုဆို နှုတ်ခွန်းဆက်စကားနှင့် မြန်မာကျောက်ကပ်ဖောင်ဒေးရှင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုကဲ့သို့ဖောင်ဒေးရှင်းအနေဖြင့် ကျောက်ကပ် ရောဂါဝေဒနာရှင်များအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် ရောဂါဖြစ်ပွားသူ များကို ကုသမှုပေးခြင်းအပြင် ရောဂါဖြစ်ပွားမှု လျော့ကျ စေရန် ကြိုတင်ကာကွယ်မှုလုပ်ငန်းများကိုပါ ရည်မှန်း ချက်များချမှတ်ထားရှိကာ အလေးထားထည့်သွင်း ဆောင်ရွက်နေသည်ဖြစ်၍ ဝန်ကြီးဌာနအတွက် များစွာ အထောက်အကူပြုပါကြောင်း၊ ရောဂါဖြစ်ပွားပြီးမှ ကုသခြင်းဆောင်ရွက်ပါက ရောဂါဖြစ်ပွားမှု တစ်စထက် တစ်စ ပိုမိုဆိုးရွားလာကာ ကျောက်ကပ်သွေးသန့်စင်မှု ပြုလုပ်ရသည့် အဆင့်အထိ ရောက်နိုင်ပါကြောင်း၊ ကျောက်ကပ်ရောဂါဖြစ်ပွားမှုသည် ကြိုတင်ကာကွယ်၍ ရနိုင်ပါကြောင်း၊ အငန်လျှော့စားသုံးခြင်း၊ ကိုယ်အလေးချိန် ထိန်းညှိခြင်း၊ သွေးပေါင်ချိန်ထိန်းညှိခြင်း၊ သွေးတွင်း သကြားဓာတ်ထိန်းညှိခြင်း၊ စပ်ဆေးများအသုံးပြုမှု ရှောင်ကြဉ်ခြင်း၊ ကိုယ်လက်လှုပ်ရှားအားကစား ပြုလုပ်ခြင်း စသည်တို့ဖြင့် ကျောက်ကပ်ရောဂါများ အပါအဝင် အခြားရောဂါများကိုပါ ကာကွယ်နိုင်သည်ကို ပြည်သူများ ပိုမိုသိရှိနိုင်စေရေး ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

**ရောဂါမဖြစ်ပွားမီ ကြိုတင်ကာကွယ်**

ကျောက်ကပ်ရောဂါဖြစ်ပွားပါက နေထိုင်မှုအရည် အသွေး များစွာကျဆင်းခြင်း၊ စနစ်တကျကုသမှုမခံယူပါက ရောဂါပိုမိုဆိုးရွားကာ အသက်သေဆုံးသည်အထိ ဖြစ်နိုင် သည်ဖြစ်၍ ရောဂါမဖြစ်ပွားမီ ကြိုတင်ကာကွယ်မှုများပြုမှု ဆောင်ရွက်ရန်မှာ အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံဆေးပညာရှင်အသင်းနှင့် မြန်မာနိုင်ငံ ပုဂ္ဂလိကဆရာဝန်များအဖွဲ့တို့ အပါအဝင် ဆက်စပ်အသင်းအဖွဲ့များနှင့်လည်း လက်တွဲပူးပေါင်းကာ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာကျောက်ကပ်ဖောင်ဒေးရှင်း၏ ဥက္ကဋ္ဌ ဒေါက်တာလှအောင်က ဆေးပစ္စည်းကိရိယာနှင့် ရန်ပုံငွေများလှူဒါန်းခဲ့သည့် အလှူရှင်များအား ကျေးဇူးတင် ဂုဏ်ပြုလွှာများပေးအပ်ခဲ့ပြီး ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဝင်းနိုင်က ကျေးဇူးတင်စကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးသည် အသစ်ပြန်လည်ဖွဲ့စည်းထားသော မြန်မာ နိုင်ငံ သူနာပြုနှင့် သားဖွားအသင်းမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ များ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများ၊ ဗဟို အလုပ်အမှုဆောင်များနှင့် ဗဟန်းမြို့နယ်ရှိ ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာနဧည့်ရိပ်သာ၌ တွေ့ဆုံ ဆွေးနွေးကာ ရေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများ နှင့်ပတ်သက်၍ မှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွား အသင်းမှ ဥက္ကဋ္ဌ ပါမောက္ခဒေါ်ရင်မြ၊ ဒုတိယဥက္ကဋ္ဌ(၁) ပါမောက္ခဒေါ်သိန်းသိန်းကြည်၊ ဒုတိယဥက္ကဋ္ဌ (၂) ဒေါ်ခင်မာကြည်နှင့်အဖွဲ့က လုပ်ငန်းပိုင်းဆိုင်ရာများနှင့် စပ်လျဉ်းပြီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ်(ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန) ဒေါက်တာတင်တင်လေး၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်(ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာန) ဒေါက်တာစိုးဦးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး)ဒေါက်တာသီတာလှတို့က ဆွေးနွေးမှာကြား ကြသည်။

**သတင်းစဉ်**



>>> **ကျောဖုံးမှ**

KNU၊ PPST၊ KNPP တို့နှင့် အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရာတွင် အစိုးရကိုယ်စားလှယ် များအဖြစ် ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဦးခင် ဇော်ဦး၊ အဖွဲ့ဝင် ဦးအောင်စိုး၊ နိုင်ငံတော်၏အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) အတွင်းရေးမှူးအဖွဲ့ဝင် ဦးလှမောင်ရွှေ၊ နည်းပညာ အထောက်အကူပြုအဖြစ် ဦးကျော်လင်းဦးတို့ ပါဝင်သည်။

တွေ့ဆုံဆွေးနွေးမှုများကို သိရှိနိုင်ရန်အတွက် ထိုင်းနိုင်ငံ ချင်းမိုင်မြို့သို့ ရောက်ရှိနေသည့် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) အတွင်းရေးမှူးအဖွဲ့ဝင် ဦးလှမောင်ရွှေအား ဆက်သွယ် မေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်-

**မေး ။ ။ အခု NCA လက်မှတ်ရေးထိုးထားတဲ့တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ အပြင် KNPP နဲ့လည်း တွေ့ဆုံခဲ့တယ်လို့ သိရပါတယ်။ တွေ့ဆုံဖြစ်တဲ့ အဓိက အကြောင်းရင်းကို သိချင်ပါတယ်။**

ဖြေ ။ ။ ဒီတစ်ခေါက် ချင်းမိုင်လာတဲ့ အဓိကရည်ရွယ် ချက်ကတော့ KNU ဘက်က တရားဝင် ဆွေးနွေးပွဲတွေကို ခေတ္တရပ်ဆိုင်းထားတယ်။ အလွတ် သဘောဆွေးနွေးပွဲတွေကနေ ပြန်အဖြေရှာမယ်လို့ ပြောထားတယ်။ နောက် RCSS ကလည်း ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ(JMC)နဲ့ ဆွေးနွေးမှု ခေတ္တရပ်ဆိုင်းထားတယ်။ အဲဒီလိုခေတ္တရပ်ဆိုင်းထားတဲ့အတွက် လက်မှတ်ရေးထိုး ထားတဲ့ ၁၀ ဖွဲ့အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ ဆက်လက်ဆောင်ရွက်ဖို့၊ စကားဝိုင်းပေါ်ကို ပြန်လာဖို့ အခက်အခဲဖြစ်တယ်။ ဒါကြောင့် PPST အစည်းအဝေး ခေါ်တဲ့ အချိန်ရယ်၊ နောက် KNU လည်း ရှိနိုင်မယ့် အချိန်ကို ကျွန်တော်တို့ လာတွေ့တာပါ။ အဲဒါနဲ့ တစ်ဆက်တည်းပဲ NCA လက်မှတ်မထိုးရသေးတဲ့ KNPP နဲ့လည်း တွေ့ဆုံခဲ့ပါတယ်။

တွေ့တာက အလွတ်သဘောပါ။ အလွတ်သဘော ဆွေးနွေးပွဲတွေက အရေးလည်းကြီးတယ်။ အများကြီး လိုအပ်တယ်ဆိုတဲ့သဘောလည်း ကျွန်တော်တို့ တွေ့ရ တယ်။ အလွတ်သဘော ဆွေးနွေးပွဲရဲ့သဘောသဘာဝက ဆုံးဖြတ်ချက်တွေမရှိဘူး။ ဒါပေမယ့် အပြန်အလှန် အားမနာတမ်း ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်းဆွေးနွေး လို့ရတယ်။ ပြီးတော့မှ ယုံကြည်မှုတည်ဆောက်မယ်ဆိုတဲ့ အခွင့်အရေးရတယ်။ နောက်တစ်ဖက်က မရှင်းလင်းတဲ့ ကိစ္စတွေကိုလည်း ပြောဆိုရှင်းပြဆောင်ရွက်လို့ရတယ်။ ဒါတွေအားလုံးကို အခုတစ်ခေါက်မှာ ပြောနိုင်ခဲ့တယ်လို့ ကျွန်တော်မြင်တယ်။

**မေး ။ ။ KNU နဲ့ တွေ့ဆုံဆွေးနွေးမှု အကြောင်းလေး ပြောပြပေးပါ ခင်ဗျာ။**

ဖြေ ။ ။ KNU ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ နောက်တာဝန် ရှိသူတွေနဲ့ ဆွေးနွေးတဲ့အခါမှာ KNU ဘက်က နေပြီးတော့ သူတို့ရဲ့နားလည်မှုနဲ့ ချဉ်းကပ်မှုတွေကို ရှင်းပြတယ်။ ကျွန်တော်တို့ဘက်ကလည်း ဒါကို ပြန်ရှင်းပြ တယ်။ အဓိကက KNU ဘက်က နိုင်ငံရေး ဆွေးနွေးပွဲ တွေကို တစ်ဖက်သတ်ဆောင်ရွက်မှာကို စိုးရိမ်တာမျိုး တင်ပြတယ်။ နောက် NCA လမ်းကြောင်းအတိုင်း သွားဖို့ ပြောတယ်။ ကျွန်တော်တို့ဘက်ကလည်း NCA ဆိုတာက KNU နဲ့ ကျွန်တော်တို့တင်မဟုတ်ဘူး။ NCA လက်မှတ် ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင် ၁၀ ဖွဲ့နဲ့ အစိုးရ၊ တပ်မတော်နဲ့တင်မဟုတ်ဘူး။ NCA process အတိုင်းသွားမယ်ဆိုရင် UPC ဆိုတဲ့ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံတွေ ရှိရမယ်။ ပြည်ထောင်စုငြိမ်း ချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)ရှိရမယ်။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေး ကော်မတီ(JMC) ရှိရမယ်။ အဲဒီမှာ ညှိနှိုင်းအဖြေရှာဖို့ ဖြစ်ပါတယ်။ အခုဆိုရင် ဆွေးနွေးပွဲတွေ ရပ်ဆိုင်းထားတာ ဖြစ်တဲ့အတွက် ရွေးကောက်ပွဲအနိုင်ရပါတီ ၂၄ ပါတီက ကိုယ်စားလှယ် ၁၆ ယောက်ပါတယ်။ သူတို့လည်း စောင့်ဆိုင်းနေရတယ်။ အဲဒါကြောင့် လိုအပ်တဲ့ စိုးရိမ်မှု တွေ၊ လိုအပ်တဲ့ အာမခံချက်တွေကို UPDJC မှာလည်း မဆွေးနွေးနိုင်တော့ဘူး။

UPDJC ရဲ့ ဆွေးနွေးမှုတွေကို ညီလာခံမှာလည်း ထည့်သွင်းဆုံးဖြတ်လို့ရတယ်။ ညီလာခံကနေတစ်ဆင့် လွှတ်တော်မှာလည်း အတည်ပြုတာ လုပ်လို့ရတယ် ဆိုတာမျိုး ကျွန်တော်တို့လည်း ရှင်းပြတယ်။ နောက်တစ်ခု ကတော့ ၂၀၁၉ အတွင်းမှာပဲ ဆွေးနွေးနိုင်ဖို့နဲ့ နိုင်ငံရေး ဆွေးနွေးမှုတွေကိုလည်း ဆက်လက်အကောင်အထည်ဖော် နိုင်ဖို့ ဒီဘက်မှာ ဆွေးနွေးတာရှိတဲ့အတွက် ဒါတွေကို နှစ်ဖက်စလုံးက ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်ခဲ့တယ်။ ဒါကြောင့် သိပ်မကြာခင်မှာ KNU အဖွဲ့နဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) တွေ့နိုင်မယ်။ တပ်မတော်နဲ့လည်း တွေ့နိုင်မယ်။ အဲဒါတွေ ပြီးသွားရင်တော့ တရားဝင်ဆွေးနွေးပွဲတွေ ရောက်လာမယ် လို့ ကျွန်တော်တို့ဘက်ကတော့ ယုံကြည်ပါတယ်။



**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့ဝင် ဦးလှမောင်ရွှေ။**

**မေး ။ ။ NCA စာချုပ် လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ၁၀ ဖွဲ့ရဲ့ PPST နဲ့ တွေ့ဆုံမှုအခြေအနေကိုလည်း သိချင်ပါတယ်။**

ဖြေ ။ ။ PPST ၁၀ ဖွဲ့နဲ့ တွေ့ဆုံတာကလည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ ဘက်က Summit လိုမျိုး တိုင်းရင်းသားခေါင်းဆောင်တွေ လုပ်မယ့် ထိပ်သီးအစည်းအဝေးကို မေလမှာ လုပ်မယ်။ အဲဒီမတိုင်မီ ဒီအပေါ်မှာ လိုအပ်တဲ့ပြင်ဆင်မှု UPDJC၊ JMC စတာတွေအတွက် ပြင်ဆင်တဲ့ အစည်းအဝေးပါ။ UPDJC ကို အလွတ်သဘော ဆွေးနွေးပွဲပဲဖြစ်ဖြစ် လုပ်နိုင်ဖို့ကိုတော့ ကျွန်တော်တို့က ရှင်းပြနိုင်ခဲ့တယ်။ ဒါကိုလည်း သူတို့အနေနဲ့ အများကြီးနားလည်မယ်လို့ ယူဆ တယ်။ ဒါကြောင့် သူတို့နဲ့လည်း ရန်ကုန်မှာဖြစ်ဖြစ်၊ နေပြည်တော်မှာဖြစ်ဖြစ် ပြင်ဆင်တဲ့လုပ်ငန်းတွေကို အလွတ်သဘောဖြစ်ဖြစ် ကျွန်တော်တို့ ဆက်လုပ်နိုင် လိမ့်မယ်လို့ မျှော်လင့်တယ်။

**မေး ။ ။ ဒီနေ့မနက်ပိုင်း KNPP နဲ့ ငြိမ်းချမ်းရေးကော်မရှင် တွေ့ဆုံမှုကိုလည်း ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ KNPP နဲ့ကတော့ NCA လက်မှတ်မရေးထိုးရ သေးပေမယ့် လက်မှတ်မထိုးဘူးလို့လည်း မပြောသလို NCA လမ်းကြောင်းပြင်ပလို့လည်း မပြော တဲ့အတွက် သူတို့အနေနဲ့ ကျွန်တော်တို့နဲ့ အများကြီး မစိမ်းဘူး။ အောက်ခြေမှာရှိတဲ့ အခက်အခဲလေးတွေကို ဝိုင်းပြီးတော့ နှစ်ဖက်သဘောထားအမြင်တွေဖလှယ်ပြီး သူတို့ KNPP ရဲ့ ဆွေးနွေးပွဲတွေ ဆက်လုပ်ပြီးရင်တော့ သူတို့ကိုလည်း နေပြည်တော်မှာ NRPC နဲ့ ဆွေးနွေးနိုင်ဖို့ ပါ။ သူတို့အနေနဲ့ တပ်မတော်နဲ့လည်း ဆွေးနွေးနိုင်ဖို့ ရှိတယ်လို့ ကျွန်တော်နားလည်တဲ့အတွက် သိပ်မကြာခင် မှာ ဖြစ်လာလိမ့်မယ်လို့ နားလည်ပါတယ်။

**မေး။ ။ ကျေးဇူးပါခင်ဗျာ။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အတွက် အစိုးရရဲ့ ဆက်လက်ဆောင်ရွက်နေမှုတွေ ကိုလည်း သိချင်ပါတယ်။**

ဖြေ ။ ။ မတ် ၁၁ ရက် နေပြည်တော်မှာ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)နဲ့ ကျွန်တော်တို့ ဆွေးနွေးပွဲတွေရှိတယ်။ အမျိုးသားပြန်လည် သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)နဲ့ RCSS ဆွေးနွေးပွဲပါ။ နောက်ရက်တွေမှာလည်း တပ်မတော်နဲ့ ဆွေးနွေးဖို့ရှိမယ်လို့တော့ သိရတယ်။ ငြိမ်းချမ်းရေးကော်မရှင်အနေနဲ့ကတော့ မြောက်ပိုင်းမှာ ရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ လည်း NCA ရေးထိုးနိုင်ဖို့အတွက် ဆက်လက်ကြိုးစား နေပါတယ်။ တွေ့ဆုံနိုင်ဖို့ ဆောင်ရွက်နေပါတယ်။

**တွေ့ဆုံမေးမြန်း-ရဲခေါင်ညွှန့်**
**ဓာတ်ပုံ-HMS**

**စာပေမြင့်မှ လူမျိုးတင့်မည်**
**စာအုပ်စာပေ လူ့မိတ်ဆွေ**

# မြန်မာရေးရာလေ့လာရေးအဖွဲ့က ပြုစုရေးသားထုတ်ဝေသည့် ကမ္ဘာ့ရေးရာအမှတ်(၁) စာအုပ်မိတ်ဆက်ပွဲ ကျင်းပ

**ရန်ကုန် မတ် ၁၀**

မြန်မာရေးရာလေ့လာရေးအဖွဲ့က ပြုစုရေးသားထုတ်ဝေသည့် ကမ္ဘာရေးရာ အမှတ်(၁)စာအုပ်မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း အမှတ်(၂၁၂)ရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့် တက်ရောက်အမှာစကားပြောကြားသည်။

**လေ့လာကြည့်ရှု**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရုံးချုပ်သို့ ရောက်ရှိပြီး အဆောက်အအုံမြေညီထပ်၌ ချိတ်ဆွဲပြသထားသည့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်း၊ ကြေးမုံ၊ The Global New Light of Myanmar သတင်းစာတိုက်နှင့် ကိုယ်ပွားသတင်းစာတိုက်များ၏ တည်နေရာ ပြမြေပုံ၊ သတင်းစာ ထုတ်လုပ်ဖြန့်ချိရေးနှင့် ပတ်သက်သည့် မှတ်တမ်းဓာတ်ပုံများကို လေ့လာကြည့်ရှုသည်။

ထို့နောက် ကမ္ဘာရေးရာ အမှတ်(၁) စာအုပ် မိတ်ဆက်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုသည် ထိုတိုင်းပြည်၏ အသိဉာဏ်ပညာဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် မူတည်ပါကြောင်း၊ အသိပညာဖွံ့ဖြိုးတိုးတက်စေရန် ဘာသာရပ်တစ်ခုကို စူးစမ်းလေ့လာသုတေသနပြုသည့် ပုဂ္ဂိုလ်များက စုဝေးဆွေးနွေးတိုင်ပင်ပြီး တင်ပြကြမည်၊ တင်ပြသည့်အပေါ် ဝေဖန်မည်၊ ထောက်ပြမည်၊ ဖြည့်စွက်မည် စသည့် နည်းလမ်းများကို အသုံးပြုခြင်းဖြင့် တိုင်းပြည်၏ အသိပညာများ ဖွံ့ဖြိုးတိုးတက်လာပြီး ကဏ္ဍအသီးသီးအပေါ် ပိုမိုပီသသည့် အတွေးအမြင်များ၊ အယူအဆများ ရှိလာမည်ဟု ယူဆသည့်အတွက် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် အများကြီး အထောက်အကူဖြစ်မည်ဟု မြင်မိပါကြောင်း။

**အသိပညာများ ဖြည့်ဆည်းနိုင်ရန်ရည်ရွယ်**

ကမ္ဘာရေးရာ၊ မြန်မာရေးရာ၊ တိုင်းရင်းသားရေးရာ စာစောင်များကို စုစည်းသည့် မြန်မာရေးရာသုတေသနအဖွဲ့သည် မြန်မာနိုင်ငံမှ အသိဉာဏ်အမြော်အမြင်ရှိသည့် ပုဂ္ဂိုလ်များနှင့် စုစည်းဖလှယ်ရာ နေရာတစ်ခုဖြစ်စေရန်၊ နိုင်ငံတကာမှ ယခုကဲ့သို့ သုတေသနပြုသူများနှင့် ဆက်သွယ်ပြီး လုပ်ကိုင်ဆောင်ရွက်ရန်၊ နိုင်ငံတကာမှ မြန်မာရေးရာနှင့်ပတ်သက်ပြီး ကိုးကားလိုသည့် အချက်အလက်များ မေးမြန်းလာမှုကို ဌာနအနေဖြင့် ပြောဆိုဆွေးနွေးနိုင်စေရန်၊ မိမိတို့သည်လည်း နိုင်ငံတကာနှင့် ပတ်သက်ပြီး သိရှိလိုသည်များကို မြန်မာရေးရာသုတေသနအဖွဲ့နှင့် နိုင်ငံတကာမှ သုတေသနအဖွဲ့များနှင့် ဆက်စပ်ပြီး မေးမြန်းဆွေးနွေးနိုင်ရန်နှင့် မိမိတို့ အသိပညာများ ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာကဏ္ဍမှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် ကြွရောက်လာကြသည့် ပုဂ္ဂိုလ်များအနေဖြင့်လည်း ယင်းကဏ္ဍကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ဖိတ်ခေါ်ပါကြောင်း၊ စာစောင်များနှင့် ပတ်သက်ပြီး လိုအပ်မှုများ၊ ချို့ယွင်းမှုများရှိပါက ထောက်ပြဝေဖန် ပြောဆိုစေလိုပါကြောင်းနှင့် အောင်မြင်နိုင်ရေးအတွက် တတ်နိုင်သမျှ ရေးသားဖြည့်ဆည်းပေးပြီး ဝိုင်းဝန်းကူညီပေးကြစေလိုကြောင်း ပြောကြားသည်။



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာရေးရာလေ့လာရေးအဖွဲ့က ပြုစုရေးသားထုတ်ဝေသည့် ကမ္ဘာ့ရေးရာ အမှတ်(၁)စာအုပ်မိတ်ဆက်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

**ဘာသာပြန်ဖော်ပြခြင်းဖြစ်**

ယင်းနောက် အခမ်းအနားနှင့် ပတ်သက်၍ မြန်မာရေးရာလေ့လာရေးအဖွဲ့မှ အကြီးတန်းသုတေသနမှူး ဦးအေးမောင်ကျော်က ကမ္ဘာရေးရာစာအုပ်နှင့် ပတ်သက်၍ မိတ်ဆက်အမှာစကားပြောကြားရာတွင် ကမ္ဘာရေးရာစာအုပ်သည် ပြန်ကြားရေးဝန်ကြီးဌာန၏ တွန်းအားပေးမှု၊ လှုံ့ဆော်မှုကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ပါကြောင်း၊ မိမိတို့အား စင်ကာပူနိုင်ငံမှ မြန်မာ့အရေးစိတ်ဝင်စားသူများကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြပါကြောင်း၊ စာအုပ်တွင် အမေရိကန်နိုင်ငံ၊ အင်္ဂလန်နိုင်ငံတို့အပြင် ကမ္ဘာ့နိုင်ငံကြီးများနှင့် အာရှတိုက်ရှိ နိုင်ငံအချို့မှ ထုတ်ဝေသည့် ဆောင်းပါးအရင်းအမြစ်များကို ဘာသာပြန်ဖော်ပြခြင်းဖြစ်ပါကြောင်း မိတ်ဆက်ပြောကြားသည်။

**မေးမြန်းချက်များကို ပြန်လည်ဖြေကြား**

ဆက်လက်၍ မြန်မာရေးရာလေ့လာရေးအဖွဲ့မှ အကြီးတန်းသုတေသနမှူး ဦးဇေယျာက မြန်မာရေးရာလေ့လာရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ကမ္ဘာရေးရာအမှတ်(၁)စာအုပ်သည် နိုင်ငံတကာမှ နာမည်ကြီးသည့် ဆောင်းပါးများ၊ သုံးသပ်ချက်များကို ဘာသာပြန်ဆို၍ ပြန်လည်ထုတ်ဝေထားခြင်းဖြစ်ပြီး ကမ္ဘာ့နိုင်ငံများတွင် လတ်တလော ဖြစ်ပေါ်နေသည့် အတွေးအခေါ်ရေစီးကြောင်းများ၊ ကမ္ဘာ့နိုင်ငံများ၏ ထူးခြားသည့် နိုင်ငံရေးအဖြစ်အပျက်များအပြင် စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေးတို့နှင့် ပတ်သက်ပြီး ၂၀၁၉ ခုနှစ်အတွင်း ဖြစ်ပေါ်လာနိုင်သည့် ခန့်မှန်းချက် ဆောင်းပါးများနှင့် ရသစာပေများ ပါဝင်သည်။

**တက်ရောက်ကြ**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဗဟို) ပြန်ကြားရေးကော်မတီ အတွင်းရေးမှူး မိုးရွာအောင်ရှင်က "ဒီစာအုပ်မှာ ကမ္ဘာ့နိုင်ငံကြီးတွေနဲ့ပတ်သက်ပြီး ကဏ္ဍစုံပါဝင်တယ်။ မြန်မာနဲ့ ပတ်သက်တဲ့ ကမ္ဘာ့အမြင်ဆောင်းပါး၊ တရုတ်နိုင်ငံ၊ ဥရောပနိုင်ငံတွေနဲ့ ပတ်သက်တဲ့ဆောင်းပါးတွေပါတယ်။ အကြောင်းအရာတွေတော်တော်ပြည့်စုံပါတယ်။ ဒီစာအုပ်ကို ဖတ်လိုက်ရင် ကမ္ဘာ့အကြောင်းကို တော်တော် သိသွားကြပါလိမ့်မယ်"ဟုပြောသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ စာပေပညာရှင်များ၊ စာရေးဆရာများ၊ စာပေဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်း - ဇော်ကြီး၊မီမီဖြိုး**

**ဓာတ်ပုံ-ရဲထွဋ်**

# စနေ-တနင်္ဂနွေ စာအုပ်လမ်း စာအုပ်ဆိုင်များတွင် ပြည်တွင်းစာပေဝါသနာရှင်များသာမက နိုင်ငံခြားသားခရီးသွားဧည့်သည်များလည်း ဝယ်ယူအားပေး

**ရန်ကုန် မတ် ၁၀**

Yangon Book Street စနေ-တနင်္ဂနွေ စာအုပ်လမ်းကို နံနက်ပိုင်းမှ စတင်ကာ ရန်ကုန်မြို့ သိမ်ဖြူလမ်း ဝန်ကြီးများရုံးရှေ့တွင် စာအုပ်ဆိုင်များ ဖွင့်လှစ်ရောင်းချလျက်ရှိရာ ပြည်တွင်းစာပေဝါသနာရှင်များသာမက နိုင်ငံခြားသားခရီးသွားဧည့်သည်များလည်း ဝယ်ယူအားပေးလျက်ရှိသည်။

သဃ်္ာန်းကျွန်းမြို့နယ် သုဝဏ္ဏနေ ဦးဇော်ဝင်းက "အိမ်က ကလေးတွေအတွက် စာအုပ်လာဝယ်တာပါ။ ငယ်ငယ်ကတည်းက စာဖတ်တဲ့အလေ့အကျင့်လေးတွေ ရစေချင်ပါတယ်။ ကျောင်းပိတ်ရက်မှာ သူတို့ဝါသနာပါရာ စာပေတွေဖတ်ရှုနိုင်ဖို့ စာအုပ်မျိုးစုံတော့ဝယ်ဖြစ်တယ်။ အခုလို တစ်နေရာတည်းမှာ တစ်စုတစ်စည်းတည်း ဝယ်လို့ရတော့ အဆင်ပြေပါတယ် " ဟု ပြောသည်။



Yangon Book Street စနေ-တနင်္ဂနွေ စာအုပ်လမ်းတွင် စာအုပ်ရောင်းသည့် ဆိုင်ခန်း ၇၀ ခန့်ရှိပြီး စာပေချစ်မြတ်နိုးသူ ပရိသတ်များအတွက် ဘာသာရပ်မျိုးစုံ စာအုပ်များ၊ ဘာသာပြန်စာအုပ်များ၊ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် စာအုပ်များ၊ သုတရသ အဟောင်း/အသစ်၊ လုံးချင်းဝတ္ထုတို/ဝတ္ထုရှည် စာအုပ်များ၊ ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုဆိုင်ရာ သုတရသ စာအုပ်များ၊ ဆေးပညာဆိုင်ရာ စာအုပ်များ၊ အင်္ဂလိပ်-မြန်မာ အဘိဓာန်စာအုပ်များ၊ ပုံပြင်စာအုပ်မျိုးစုံ၊ ဗေဒင်စာအုပ် မျိုးစုံ၊ ကလေးငယ်များ ဘာသာရေးကိုင်းရှိုင်းစေရန်အတွက် ဘာသာရေးစာအုပ်များ ခင်းကျင်းရောင်းချပေးလျက်ရှိသည်။

ယနေ့တွင် Yangon Book Street စနေ-တနင်္ဂနွေ စာအုပ်လမ်း၌ စာအုပ်ရောင်းချခြင်းများအပြင် နံနက် ၁၀ နာရီတွင် Save the Library ၏ လူသားစာကြည့်တိုက်မှ လူသားစာအုပ်များဖတ်ရှုခြင်း အစီအစဉ်၊ မွန်းလွဲ ၁ နာရီတွင် စာရေးဆရာထက်မြက်၏"ကျွန်တော်ချစ်ခင်လေးစားသည့် နိုင်ငံရေးစာပေပညာရှင်များ" စာပေဟောပြောပွဲနှင့် ညနေ ၃ နာရီတွင် ထိန်ဝင်းစာအုပ်တိုက်မှ စီစဉ်ပြီး သရုပ်ဆောင်ရွှေပိုးအိမ် ပါဝင်ကူညီမည့် "မေးကြည့် ဖြေကြည့် ပဟေဠိ "အစီအစဉ်များ ထည့်သွင်းထားသည်။

Yangon Book Street စနေ-တနင်္ဂနွေ စာအုပ်လမ်းကို ယခုနှစ်တွင် ဖွင့်လှစ်ရောင်းချရာ ရက်သတ္တပတ်ခြောက်ပတ်မြောက်ရှိပြီးဖြစ်ကြောင်း သိရသည်။

**သတင်း - မင်းသစ်(MNA)**

**ဓာတ်ပုံ - သန့်ဇင်ဝင်း**

**❖ ဗီယက်နမ်မှ**

ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဦးစိုးမြတ်မင်းက ကိုင်တွယ်နေပြီး ၎င်းအနေဖြင့် မြန်မာ ယူ-၂၂ အသင်းတွင် လက်ထောက်နည်းပြတာဝန်ကိုပါ ပူးတွဲရယူထားရသော်လည်း လေ့ကျင့်မှုမပြတ်စေရန် ဆောင်ရွက်နေကြောင်း သိရသည်။ ယင်းအသင်းကို ကစားသမား ၂၆ ဦးဖြင့် ဖွဲ့စည်းထားပြီး ကစားသမားများအတွေ့အကြုံရစေရန် ပြည်တွင်းလိဂ်ပြိုင်ပွဲဖြစ်သည့် MNL- ယူ-၂၁ ပြိုင်ပွဲတွင် MFF Youth အသင်းအမည်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ မြန်မာ ယူ-၁၈ အသင်းသည် နည်းပြသစ် ဦးစိုးမြတ်မင်းလက်ထက် ပထမဆုံးနိုင်ငံတကာပွဲအဖြစ် မတ် ၇ ရက်က ဂျပန်ကလပ် နီဂါတာ အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာ ယူ-၁၈ အသင်းတွင် နည်းပြချုပ်-ဦးစိုးမြတ်မင်း၊ လက်ထောက်နည်းပြ-ဦးမင်းမင်းထွန်း၊ ဂိုးနည်းပြ-ဦးစိန်အေး၊ ဂိုး-နေလင်းထက်၊ ပြည့်ဖြိုးသူ၊ ဟိန်းထက်စိုး၊ နောက်တန်း- ရဲထက်အောင်၊ စည်သူမိုးခန့်၊ သော်ဇင်ထက်၊ ဉာဏ်လင်းထက်၊ စောကျော်ထက်၊ မျိုးချစ်ဇော်၊ ရှင်းသန့်အောင်၊ ဝေယံစိုး၊ ကိုကို၊ ဇော်ဇော်၊ အလယ်တန်း-ရန်ကျော်စိုး၊ ဇော်ဝင်းသိန်း၊ အောင်ကိုဦး၊ ပြည့်ဖြိုးအောင်၊ ရန်နိုင်လင်း၊ နောင်နောင်စိုး၊ သူရအောင်၊ ခွန်ကျော်ဇင်ဟိန်း၊ ရှေ့တန်း-စောကျော်အဲ၊ ညီညီ၊ လမင်းထွေး၊ သြဘာခနှင့် နွေအေးတို့ ပါဝင်ကြသည်။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-စိုးညွန့်**

# သက်ဝင်လှုပ်ရှား ရန်ကုန်စာအုပ်လမ်းပုံရိပ်များ













“ယနေ့တွင် Yangon Book Street စနေ-တနင်္ဂနွေ စာအုပ်လမ်း၌ စာအုပ်ရောင်းချခြင်းများအပြင် နံနက် ၁၀ နာရီတွင် Save the Library ၏ လူသား စာကြည့်တိုက်မှ လူသားစာအုပ်များ ဖတ်ရှုခြင်းအစီအစဉ်၊ မွန်းလွဲ ၁ နာရီတွင် စာရေးဆရာထက်မြက်၏ “ကျွန်တော် ချစ်ခင်လေးစားသည့် နိုင်ငံရေးစာပေပညာရှင်များ”စာပေ ဟောပြောပွဲနှင့် မွန်းလွဲ ၃ နာရီတွင် ထိန်ဝင်းစာအုပ်တိုက်မှ စီစဉ်ပြီး သရုပ်ဆောင် ရွှေပိုးအိမ်ပါဝင်ကူညီမည့် “မေးကြည့် ဖြေကြည့် ပဟေဠိ”အစီအစဉ်များ ထည့်သွင်းထား”



ဓာတ်ပုံ-ရဲထွဋ်၊ သန့်ဇင်ဝင်း

# မဝေးတော့တဲ့ အနာဂတ်မှာ မြန်မာနိုင်ငံရဲ့အင်္ဂလိပ်စာ သင်ကြားသင်ယူမှုမြှင့်တင်ရေး လုပ်ငန်းကြီးဟာလည်း အောင်မြင်ပေါက်မြောက်လိမ့်မယ်လို့ ယုံကြည်ပါတယ်

ဒေါက်တာလွင်လွင်စိုး

## အင်္ဂလိပ်စာသင်ကြားသင်ယူမှုမြှင့်တင်ရေး စကားဝိုင်း ကျင်းပ

**အင်္ဂလိပ်စာ သင်ကြားသင်ယူမှုမြှင့်တင်ရေး စကားဝိုင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါ စကားဝိုင်းတွင် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီအဖွဲ့ဝင် ဒေါက်တာလွင်လွင်စိုး၊ ရန်ကုန်တက္ကသိုလ်မှ ကျွမ်းကျင်သူ ဒေါက်တာနော်ဂျူးဖော၊ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန ပါမောက္ခ (ဌာနမှူး) ဒေါက်တာပိုးပိုးနှင့် မန္တလေးတက္ကသိုလ် အင်္ဂလိပ်စာဌာန ပါမောက္ခ (ဌာနမှူး) ဒေါက်တာသန္တာစိုးတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။**

**သတင်းအဖွဲ့**


ဒေါက်တာသန္တာစိုး


ဒေါက်တာပိုးပိုး


ဒေါက်တာနော်ဂျူးဖော


ဒေါက်တာလွင်လွင်စိုး

(ယမန်နေ့မှအဆက်)

**အစီအစဉ်မှူး။ ။ဆရာ ဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေ အင်္ဂလိပ်စာစွမ်းရည်မြင့်မားလာအောင် ဆောင်ရွက်ရမယ့် အပိုင်းတွေ၊ ဆောင်ရွက်နေတာတွေနဲ့ပတ်သက်ပြီး လုပ်ဆောင်ချက်တွေကို သိရှိခဲ့ရပါတယ်။ ထပ်မံပြီး အစိုးရဝန်ထမ်းတွေ၊ ကုမ္ပဏီဝန်ထမ်းတွေအပြင် ပြည်သူလူထုအတွက်ကို အင်္ဂလိပ်စာစွမ်းရည်မြင့်မားဖို့ ပို့ချပေးနေတဲ့ သင်တန်းတွေ ရှိရင်လည်း ပြောပြပေးပါဦးရှင့်။**

**ဒေါက်တာပိုးပိုး။** ။ပြည်သူလူထုနဲ့ ဝန်ထမ်းတွေအတွက် ပို့ချပေးတဲ့ သင်တန်းတွေရှိပါတယ်။ အထူးသဖြင့် တက္ကသိုလ်တွေမှာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအစီအစဉ်တွေ၊ အင်္ဂလိပ်စာ စွမ်းရည်မြှင့်တင်ရေး သင်တန်းတွေအများကြီးကို ဖွင့်လှစ်ပို့ချနေပါတယ်။ ဥပမာ ရန်ကုန်တက္ကသိုလ်မှာ Global English Course သင်တန်းကို ပို့ချပေးနေပါတယ်။ Diploma သင်တန်းတစ်ခုဖြစ်ပါတယ်။ SEAMEO CHAT က နေပြီး Communicative Skills သင်တန်းတွေကို ပို့ချပေးနေပါတယ်။ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှာလည်း English Language Proficiency Course တွေကို အချိန်ပိုင်းသင်တန်းတွေအနေနဲ့ ပို့ချပေးနေပါတယ်။ အဲဒီလိုပဲ မန္တလေးတက္ကသိုလ်မှာလည်း ဒီဇင်ဘာလမှာ English Proficiency သင်တန်းကို လူ့စွမ်းအားဖွံ့ဖြိုးမှုအစီအစဉ်နဲ့ သင်ကြားပေးဖို့ စီစဉ်လျက်ရှိပါတယ်။ လက်ရှိ နေပြည်တော်မှာ ပညာရေးဝန်ကြီးဌာနက အရာရှိတွေနဲ့ ဝန်ထမ်းတွေအတွက် English Language Proficiency Upgrading Course တွေကို စနေ၊ တနင်္ဂနွေတွေမှာ သင်ကြားပို့ချပေးနေတာတွေရှိပါတယ်။ ဒီလိုသင်တန်းတွေ ပို့ချရာမှာ မြို့ကြီးတွေမှာရှိတဲ့ ကျောင်းတွေ၊ ရုံးဌာနတွေတင် မဟုတ်ပါဘူး။ အခြားသော နယ်မြို့တွေမှာရှိတဲ့ တက္ကသိုလ်တွေမှာလည်း ဒီလိုအစီအစဉ်တွေ၊ ပို့ချနေတဲ့ သင်တန်းတွေ အများကြီး ရှိပါတယ်။ အဲဒီလို သင်တန်းတွေပို့ချရာမှာ ဝန်ထမ်းတွေနဲ့ ပြည်သူလူထုရဲ့ အင်္ဂလိပ်စာလိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့၊ လက်တွေ့ဘဝမှာ အသုံးပြုလို့ရမယ့် အင်္ဂလိပ်စာကို သင်ကြားပို့ချနေတယ်။ အဲဒါကြောင့် ဒီသင်တန်းတွေမှာ formal letter ရေးနည်းတွေ၊ e-mail writing တွေ၊ presentation တွေ လုပ်တတ်အောင်လို့ presentation skills တွေကို သင်ကြားပို့ချပေးနေပါတယ်။ အင်္ဂလိပ်စာစွမ်းရည်မြှင့်တင်ဖို့ကြိုးပမ်းရာမှာ အဓိကကျတာက သင်ကြားပေးတဲ့ အင်္ဂလိပ်စာက လက်တွေ့ဘဝမှာ အသုံးပြုနိုင်မယ့် ဝေါဟာရတွေ၊ အသုံးအနှုန်းတွေဖြစ်ဖို့လိုပါတယ်။ ဒါတွေကို သင်ကြားပို့ချတဲ့အခါမှာလည်းပဲ သူတို့ပြန်လည်ပြီး အသုံးချတတ်ဖို့၊ ကျွန်မတို့က အခွင့်အလမ်းတွေ ဖန်တီးပေးဖို့လိုပါတယ်။ အဲဒီလို ဖန်တီးပေးနိုင်ဖို့ Classroom ထဲမှာ သူတို့ကို Exposure များများရအောင် သင်ပြနည်းတွေကို ပြောင်းလဲပြီး ဆန်းစစ်နည်းတွေ ပြောင်းလဲဖို့လိုပါတယ်။ ဒီလို ပြောင်းလဲမယ်ဆိုရင် ပြည်သူလူထုရဲ့အင်္ဂလိပ်စာစွမ်းရည်မြှင့်တင်ဖို့ကြိုးပမ်းတဲ့အခါမှာ အောင်မြင်နိုင်မယ်လို့ ထင်ပါတယ်။

**အစီအစဉ်မှူး။ ။အင်္ဂလိပ်စာစွမ်းရည်မြှင့်တင်ဖို့ ဆောင်ရွက်တဲ့အခါ တွေ့ကြုံရတဲ့ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေရှိရင် သိချင်ပါတယ်။**

**ဒေါက်တာလွင်လွင်စိုး။** ။အင်္ဂလိပ်စာ သင်ကြား သင်ယူမှုမြှင့်တင်ရေး လုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ စိန်ခေါ်မှုတွေကတော့ အများကြီး ရှိပါတယ်။ မိခင်ဘာသာစကား မဟုတ်တဲ့ နိုင်ငံခြားဘာသာစကားတစ်ခုကို ကျွမ်းကျင်အောင်လို့ သင်ကြားတဲ့အခါမှာ အခုကြုံတွေ့နေရတဲ့ အဓိကစိန်ခေါ်မှုကတော့ ဆရာ၊ ကျောင်းသား အချိုးမညီမျှမှုပါပဲ။ အခြေခံပညာကဏ္ဍမှာရော၊ အဆင့်မြင့်ပညာကဏ္ဍမှာရော ခေတ်အဆက်ဆက် အတန်းတော်တော်များများမှာ ဆရာနဲ့ ကျောင်းသား အချိုးမညီမျှပါဘူး။ ကျောင်းသား ရာချီရှိတဲ့အတန်း၊ ၈၀၊ ၉၀ ရှိတဲ့အတန်း မပြောပါနဲ့ ၆၀၊ ၇၀ ရှိတဲ့ အတန်းမှာတောင် ဘာသာစကားကို ကျွမ်းကျင်အောင်လို့၊ အမှန်တကယ် ရရှိအောင်လို့ သင်ကြားပေးဖို့ ထိရောက်မှုမရှိနိုင်ပါဘူး။ အဲဒါကြောင့် ဘာသာစကား အမှန်တကယ် ကျွမ်းကျင်မှုရရှိဖို့ဆိုရင် မှတ်ဉာဏ်ကို အခြေပြုပြီး ကျက်မှတ်ပြီးတော့ စာမေးပွဲဖြေဆိုရုံတင် မကပါဘူး။ တကယ် လက်တွေ့အသုံးပြု ပြောဆို၊ ရေးသား၊ ဆက်ဆံနိုင်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းသားတွေအားလုံး လက်တွေ့ပါဝင်ပြောဆိုရေးသားနိုင်အောင် အခွင့်အလမ်းတွေ ဖန်တီးပေးဖို့၊ အုပ်စုလိုက် လုပ်ရှားမှုအပြင် တစ်ဦးချင်းအတွက်လည်း အချိန်ပေးရပါတယ်။ အဲဒီစိန်ခေါ်မှုကို ဖြေရှင်းနိုင်ဖို့ဆိုရင် ဆရာတွေ တိုးမြှင့်ပြီး ခန့်ထားဖို့ပဲဖြစ်ပါတယ်။ ဒီလို ဆရာတွေ တိုးမြှင့်ခန့်ထားရာမှာ အရည်အချင်းရှိတဲ့ ဆရာများ စုဆောင်းရရှိဖို့ လိုအပ်ပါတယ်။ ဆရာအရေအတွက်သာမကဘဲ သင်ကြားမှုစွမ်းရည် အရည်အသွေးတက်လာဖို့လည်း ဆောင်ရွက်ကြရပါမယ်။ ဆရာတွေရဲ့ လုပ်ငန်းခွင် အရည်အသွေး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ လုပ်ငန်းခွင် အရည်အသွေးကို အစဉ်မပြတ် ဖွံ့ဖြိုးတိုးတက်အောင်လို့ Continuous Professional Development ရရှိအောင်လို့လည်း ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။နောက်ထပ် စိန်ခေါ်မှုတွေအကြောင်းကိုလည်း ရှင်းပြပေးပါဦးရှင့်။**

**ဒေါက်တာသန္တာစိုး။** ။အင်္ဂလိပ်စာသင်ကြားတဲ့ ဆရာတွေ ဆရာမတွေဟာ သင်ကြားရေးတာဝန်တွေအပြင် အခြားသော တာဝန်လုပ်ငန်းတွေနဲ့ မအားမလပ်ဖြစ်နေတာကိုလည်း တွေ့ရှိရပါတယ်။ ဥပမာ ကျောင်းသား ကျောင်းသူတွေကို သင်ကြားရေးအပြင် နေ့ကျောင်းသား ကျောင်းသူတွေရဲ့ အဖြေလွှာတွေကို စစ်ဆေးခြင်းလုပ်ငန်းတွေ၊ အဝေးသင်တက္ကသိုလ်က ကျောင်းသား ကျောင်းသူတွေရဲ့စာစဉ်တွေ၊ အဖြေလွှာတွေ စစ်ဆေးခြင်းလုပ်ငန်းတွေ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အဖြေလွှာတွေ စစ်ဆေးခြင်းလုပ်ငန်းတွေ၊ နောက်ပြီး နိုင်ငံခြားပညာသင်စာမေးပွဲတွေရဲ့ ရေးဖြေ၊ နှုတ်ဖြေ စစ်ဆေးခြင်းလုပ်ငန်းတွေ၊ ဘာသာပြန်လုပ်ငန်းတွေ ဒီတာဝန်တွေနဲ့ မအားမလပ်ဖြစ်နေတဲ့အခါကျတော့ Continuous Professional Development လုပ်ငန်းခွင်အရည်အသွေး မြှင့်တင်ဖို့အတွက် အချိန်တွေ ရှားပါးနေတာ တွေ့ရပါတယ်။ အချိန်ရှားပါးမှု အခက်အခဲပေါ့နော်။ အဲဒါတွေရဲ့အကျိုးဆက်ဖြစ်တဲ့ အခက်အခဲ တစ်ခုကတော့ လုပ်ငန်းခွင်အရည်အသွေးမြှင့်တင်ဖို့၊ ဆောင်ရွက်ဖို့ အချိန်ရှားပါးတဲ့အခါမှာ အချို့သော ဆရာ ဆရာမတွေဟာ အင်္ဂလိပ်စာအရည်အသွေးရော၊ သင်ကြားမှုနည်းစနစ်တွေရော လိုအပ်ချက်တွေ ရှိနေတာကိုလည်း တွေ့ရပါတယ်။ ဒါပေမယ့် သက်ဆိုင်ရာဌာနတွေက ရုံဖန်ရံခါဆိုသလို သင်တန်းတွေပို့ချပါတယ်။ ဒီလိုသင်တန်းတွေ ပို့ချတဲ့အတွက်ကြောင့် ဆရာ ဆရာမတွေရဲ့စွမ်းရည်မြှင့်တင်ပေးရာ ရောက်တယ်လို့လည်း ပြောလို့ရပါတယ်။ ဒါပေမယ့် အဲဒီလိုသင်တန်းတွေ ပို့ချလိုက်တဲ့အခါ သက်ဆိုင်ရာ ဆရာ ဆရာမတွေက ပြန်လည်ပြီး ဆင့်ပွားသင်တန်းတွေပို့ချဖို့ လိုအပ်သလို သက်ဆိုင်ရာ ဆရာ ဆရာမတွေကိုယ်တိုင်ကလည်း ကိုယ့်ရဲ့တိုးတက်မှုအတွက် ကိုယ့်ဟာကိုယ် တာဝန်ယူမှုရှိဖို့ လိုအပ်ပါတယ်။ နောက်တစ်ချက်က ဆရာ ဆရာမတွေရဲ့ လူနေမှုဘဝကို မြှင့်တင်ပေးဖို့လည်း လိုအပ်ပါတယ်။ ဒါကြောင့် ဆရာ ဆရာမတွေဟာ ကိုယ်ရဲ့လုပ်ငန်းခွင် အရည်အသွေးတိုးတက်အောင်၊ ကြိုးစားချင်စိတ်တွေရှိအောင်၊ အခြေအနေတွေ၊ အခွင့်အရေးတွေ ဖန်တီးပေးဖို့လည်း လိုအပ်မယ်လို့ ယူဆပါတယ်။ ဒီလိုမျိုး ဖန်တီးပေးမှသာ ဆရာ ဆရာမတွေ ရင်ဆိုင်ရမယ့်၊ ကြုံတွေ့လာမယ့် အခက်အခဲတွေကို ကျော်လွှားနိုင်မယ်လို့ ယူဆပါတယ်။

**အစီအစဉ်မှူး။ ။အင်္ဂလိပ်စာအဆင့်မြှင့်တင်ရေး၊ အဆင့်မြင့်မားရေးအတွက် ဆောင်ရွက်ရာမှာ ဖြည့်စွက်ပြောကြားချင်တာရှိရင် ပြောပြပေးပါဦး။**

**ဒေါက်တာပိုးပိုး။** ။အခြေခံမှာပဲဖြစ်ဖြစ်၊ အဆင့်မြင့်မှာပဲဖြစ်ဖြစ် သင်ကြားသင်ယူနေတဲ့ ကျောင်းသား ကျောင်းသူများရဲ့ အရည်အသွေးမြှင့်တင်ပေးဖို့အတွက် လက်တွေ့ကျကျနဲ့ အင်္ဂလိပ်စာသင်ကြားသင်ယူမှုမြှင့်တင်ဖို့ဆိုရင် အဓိကအရေးကြီးတာက ဆရာ ဆရာမ အရည်အချင်းမြှင့်တင်ဖို့ပေါ့နော်။ ဆရာ ဆရာမတွေရဲ့ အရည်အချင်းမြှင့်တင်ဖို့ဆိုရင် သူတို့ရဲ့ Professional Development ကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးဖို့ လိုပါတယ်။

စာမျက်နှာ ၁၁ သို့ ❖



❖ **စာမျက်နှာ ၁၀ မှ**

ဘာကြောင့်လဲဆိုရင် ဆရာ ဆရာမရဲ့ အရည်အသွေး မြင့်တက်မှု၊ သူတို့ရဲ့အရည်အချင်းရှိမှုဟာ ကျောင်းသား ကျောင်းသူရဲ့အောင်မြင်မှုပါပဲ။ ကျောင်းသား ကျောင်းသူ အောင်မြင်မှုဟာ ဆရာ ဆရာမပေါ်မှာ အများကြီးမူတည် နေတာကို တွေ့ရပါတယ်။ ဒါကြောင့် ဆရာ ဆရာမတွေကို ပြည်တွင်းမှာ သင်တန်းတွေ ပို့ချနေတဲ့အပြင် ပြည်ပမှာ သွားရောက်သင်ယူနိုင်တဲ့ အခွင့်အလမ်းတွေလည်း ကြိုးစားပြီး ဖန်တီးပေးနေပါတယ်။ အထူးသဖြင့် အင်္ဂလိပ် စာဘာသာရပ်အတွက် စင်ကာပူနိုင်ငံမှာရှိတဲ့ SEAMEO Regional Language Centre က နှစ်စဉ် Scholarship တွေကို ထောက်ပံ့ပေးနေပါတယ်။ အဲဒီလို ထောက်ပံ့ပေးနေတဲ့အတွက်ကြောင့် နှစ်စဉ်နှစ်တိုင်း ဆရာ ဆရာမ ၁၀ ဦးမှ ၂၀ လောက်အထိ ပညာသင်စေလွှတ်ပြီး သူတို့ရဲ့အရည်အချင်းတွေ တိုးတက်လာအောင်၊ ခေတ်မီပြီး မိမိနိုင်ငံမှာ ပြန်လည်အသုံးချလို့ရနိုင်မယ့် သင်ပြနည်း တွေကို လေ့လာလို့ရအောင် စေလွှတ်နေတာရှိပါတယ်။ Certificate Course ရက်တိုသင်တန်းတွေလည်း ရှိတယ်။ Diploma Course တွေလည်း ရှိတယ်။ Master Degree Course တွေပါ ပို့ချပေးနေတာ တွေ့ရပါတယ်။ သူတို့ နှစ်စဉ် သင်တန်းတွေတက်ရောက်ပြီး ကိုယ့်နိုင်ငံမှာ ပြန်လည်ပြီး အသုံးချနေတာလည်း တွေ့ရပါ တယ်။ အဲဒီအပြင် အခြေခံကဏ္ဍမှာဆိုရင်လည်း ပြဋ္ဌာန်း စာအုပ်တွေ ပြောင်းလိုက်တဲ့အခါမှာ Communication Skills ကို ထည့်လာပြီ။ ဒါကြောင့် ဆရာ ဆရာမ တွေကလည်း သူတို့ရဲ့အပြောစွမ်းရည်တွေ တိုးတက်လာဖို့ လိုပါတယ်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှာ အခြေခံ ဆရာ ဆရာမတွေအတွက် Oracy Skills ဆိုပြီး SEAMEO RELC က ဆရာမတွေ လာရောက် ပို့ချသွားပါတယ်။ အဲဒီလိုပို့ချတဲ့အပြင် ပညာရေးကောလိပ်တွေနဲ့ ပညာရေး တက္ကသိုလ်တွေမှာရှိတဲ့ ဆရာ ဆရာမတွေရဲ့အရည်အသွေး မြင့်တက်လာအောင် ပညာရေးဝန်ကြီးဌာနနဲ့ British Council က Teacher Trainer တွေပူးပေါင်းပြီး ဌာန တွေမှာ သင်တန်းတွေပို့ချနေတာရှိပါတယ်။ Native Speaker Teacher Trainer ၅၀ က သက်ဆိုင်ရာ ပညာရေးတက္ကသိုလ်နဲ့ ပညာရေးကောလိပ်တွေမှာ သင်တန်းတွေ ပို့ချခဲ့တယ်။ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ကနေ ၂၀၁၆ ခုနှစ် ဩဂုတ်လအထိ တစ်ကြိမ်ပို့ချခဲ့တယ်။ Course ရဲ့အမည်က English for Education College Trainers(EfECT) Project လို့ခေါ်ပါတယ်။ ၂၀၁၆ ခုနှစ် စက်တင်ဘာလကနေပြီး ၂၀၁၇ ခုနှစ် ဇူလိုင် လအထိ ပညာရေးကောလိပ်တွေမှာရှိတဲ့ အင်္ဂလိပ်စာ စာပေနဲ့ သင်ပြနည်းဌာနက ဆရာ ဆရာမတွေကို Master trainer အနေနဲ့ သင်တန်းပို့ချပြီး ဒီဆရာ ဆရာမတွေက ဆရာ ဆရာမလောင်းတွေကို ပြန်လည်ပြီး ပို့ချပေးနေတယ်။ ပညာရေးကောလိပ်မှာရှိတဲ့ ဆရာ ဆရာမတွေရဲ့ အင်္ဂလိပ် စာစွမ်းရည်နဲ့ သင်ပြနည်းစွမ်းရည်တွေကလည်း အတိုင်း အတာတစ်ခုအထိ တိုးတက်လာပြီလို့ ယူဆပါတယ်။ အခြေခံပညာကစပြီးတော့ ပြဋ္ဌာန်းစာအုပ်တွေ ပြောင်းလဲ တဲ့အခါမှာ ဆရာ ဆရာမတွေကို နှစ်စဉ် သင်ပြနည်း သင်တန်းတွေလည်း ပေးနေတယ်။ အဲဒီအတွက်ကြောင့် လည်း မကြာတော့တဲ့အချိန်အတွင်းမှာ အခြေခံပညာ မှာရှိတဲ့ ဆရာ ဆရာမတွေရဲ့ အင်္ဂလိပ်စာ စွမ်းရည်တွေ ကလည်း တိုးတက်လာမယ်လို့ ကျွန်မမျှော်လင့်ပါတယ်။ ဒီလိုအခြေခံမှာ ဆောင်ရွက်နေတဲ့နည်းတူ အဆင့်မြင့် မှာလည်း ဆောင်ရွက်ချက်တွေရှိပါတယ်။ အထူးသဖြင့် ကျွန်မတို့ တက္ကသိုလ်တွေမှာ အင်္ဂလိပ်စာကို Medium of Instruction အနေနဲ့ ပြဋ္ဌာန်းထားပါတယ်။ ဆိုလို တာကတော့ တက္ကသိုလ်မှာရှိတဲ့ ဘာသာရပ်တွေကို အင်္ဂလိပ်စာကို အသုံးပြုပြီးတော့ သက်ဆိုင်ရာ ဘာသာရပ် တွေကို သင်ကြားရပါတယ်။ ဒါပေမယ့် လက်ရှိအခြေ အနေမှာ ဆရာ ဆရာမတွေက ဘာသာရပ်တွေကို အင်္ဂလိပ်လိုချည်းပဲပြောဆိုပြီး ထိထိရောက်ရောက် သင်ကြားနိုင်မှုက အားနည်းနေပါသေးတယ်။ အဲဒါကြောင့် တက္ကသိုလ်မှာရှိတဲ့ ဆရာ ဆရာမတွေရဲ့ အင်္ဂလိပ်စာ စွမ်းရည်နဲ့ သူတို့ရဲ့ဘာသာရပ်ကို အင်္ဂလိပ်လို ကျွမ်းကျွမ်း ကျင်ကျင်နဲ့ ပို့ချနိုင်အောင်လို့ Enhancing English Medium Instruction (EMI)Project ဆိုပြီး စတင်ဆောင်ရွက်ဖို့ ကြိုးပမ်းနေပါတယ်။ အထူးသဖြင့် ရန်ကုန်တက္ကသိုလ်နဲ့ မန္တလေးတက္ကသိုလ်တွေမှာ ဒီ Project ကို စတင်ပြီး ဆရာ ဆရာမတွေ အင်္ဂလိပ်စာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်လာအောင် ကျွန်မတို့ ပထမဆုံး စတင်ဆောင်ရွက်ဖို့ ကြိုးပမ်းနေပါတယ်။ ဒီလိုဆောင်ရွက် လို့ အောင်မြင်တဲ့အချိန်မှာတော့ တခြားသော နယ် တက္ကသိုလ်တွေမှာရှိတဲ့ ဆရာ ဆရာမတွေအတွက်လည်း ဒီလို Project တွေကို Model အနေနဲ့ထားပြီးတော့ Project တွေကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ ဟုတ်ကဲ့ပါ ဆရာမကြီးရှင့်။ အခု ဆရာမကြီး ဆွေးနွေးရှင်းပြပေးခဲ့တဲ့ အကြောင်းအရာဟာ အင်္ဂလိပ်စာသင်ကြားမှု အဆင့်မြှင့်တင်မှုအပိုင်းတွေနဲ့ပတ်သက်ပြီးတော့ ဖြည့်စွက်ပြောကြား ပေးခဲ့တာ၊ သုံးသပ်ချက်တွေပေးခဲ့တာဖြစ်ပါတယ်။ ဆရာမကြီးရဲ့သုံးသပ်ချက်ကို ထပ်မံပြီးတော့ ဖြည့်စွက်ပြောကြား ချင်တာများ ရှိပါသလားရှင်။**

**ဒေါက်တာလွင်လွင်စိုး။** ။ ဟုတ်ကဲ့ပါ။ ပြုပြင်ပြောင်းလဲမှု လုပ်ရာမှာ တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခု၊ ဥပမာအားဖြင့် ပညာရေးမိသားစု တစ်ခုတည်းက လုပ်လို့မရပါဘူး။ ဒီပညာရေးပြုပြင် ပြောင်းလဲမှုမျိုးကို အဲဒီမှာပါဝင်တဲ့ ကျောင်းသား ကျောင်းသူတွေ၊ ဆရာ ဆရာမတွေ၊ မိဘပြည်သူတွေအပြင် တစ်တိုင်းတစ်ပြည်လုံးက ပူးပေါင်းပြီးတဲ့နောက်မှာ စိတ်ရောကိုယ်ပါ အမြင်ကြည်လင်စွာနဲ့ တစုတစည်းတည်း ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ အဲဒီလို အခြေခံပညာကဏ္ဍမှာရော အဆင့်မြင့်ကဏ္ဍမှာပါ ပြုပြင် ပြောင်းလဲမှုတွေကို တညီတညွတ်တည်း အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်နိုင်မယ်ဆိုရင် မဝေးတော့တဲ့ အနာဂတ်မှာ မြန်မာနိုင်ငံရဲ့အင်္ဂလိပ်စာ သင်ကြားသင်ယူမှု မြှင့်တင်ရေးလုပ်ငန်းကြီးဟာလည်း အောင်မြင် ပေါက်မြောက်လိမ့်မယ်လို့ ယုံကြည်ပါတယ်ရှင်။

**အစီအစဉ်မှူး။ ။ ကျေးဇူးတင်ပါတယ်။ ဆရာမကြီးရှင့်။ ရုပ်မြင်သံကြား ပရိသတ်များရှင်၊ ဒီကနေ့ တင်ဆက်ပေးတဲ့ အင်္ဂလိပ်စာသင်ကြားမှု၊ သင်ယူမှု၊ မြှင့်တင်မှုတွေနဲ့ပတ်သက်တဲ့ စကားဝိုင်းဆွေးနွေး ပွဲကို ဒီမှာပဲ ရပ်နားခွင့်ပြုပါရှင်။**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၇ ရက်အထိ ထွက်ရှိသော စာအုပ်စာရင်း

**(ယမန်နေ့မှ အဆက်)**

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁၉။ | ဆေးနည်းတို(ဆေးမြီးတိုများ) အမေးအဖြေ | ကြည်လွင်မြင့် (မုဒြာ) | အလင်းသစ် | ၈၅၀၀ |
| ၂၀။ | လူရွေးပွဲ | သင့်လူ | ကံ့ကော်ဝတ်ရည် | ၂၅၀၀ |
| ၂၁။ | အချစ် အချစ်ဦး အချစ် | မောင်စိန်ဝင်း(ပုတီးကုန်း) | ကံ့ကော်ဝတ်ရည် | ၅၅၀၀ |
| ၂၂။ | စုံထောက်ဆရာဝန် | လင်းယုန်မောင်မောင် | စိတ်ကူးချိုချို | ၅၇၀၀ |
| ၂၃။ | အတွေးအမြင် ၂၀၁၉ မတ်လ | ကလောင်စုံ | ဒေါင်းစာပေ | ၂၅၀၀ |
| ၂၄။ | ဝိဇ္ဇာမိုရ်ရတို့၏ ဖိုဝင်ထုံးကူးခြင်းနှင့် ဂမ္ဘီရအစုံစုံဆန်းကြယ်ပုံများ အတွဲ (၃) | မောင်မောင်သိမ်းဟံ(ဖြူး) | ဘရဏီစံအိမ် | ၄၅၀၀ |
| ၂၅။ | အခြေခံအင်္ဂလိပ်သဒ္ဒါအသုံးအနှုန်း | ဆရာဦးမြင့်နောင် | စိတ်ကူးချိုချို | ၄၀၀၀ |
| ၂၆။ | သမုဒယမော်ကွန်းတွင်ရစ်စေသတည်း | ငြိမ်းကျော် | စိတ်ကူးချိုချို | ၇၀၀၀ |
| ၂၇။ | ဝမ်းရေးထက်ပင်ခက်ပါသည် | ဖိုးကျော့ | မိဘမေတ္တာ | ၄၅၀၀ |
| ၂၈။ | ဤအရပ်တွင်မိုးရွာခဲ့သည် | သိုးဆောင်း | Aung Myin | ၃၀၀၀ |
| ၂၉။ | Real lives,Real stories V-48 March-2019 | ကလောင်စုံ | The Book House | ၅၀၀၀ |
| ၃၀။ | ဝေဖန်ထောက်ပြမှုကိုလက်ခံနိုင်မှ နိုင်ငံရေးလုပ်ပါ | တူးတူးသာ | စိတ်ကူးချိုချို | ၂၅၀၀ |
| ၃၁။ | ကံကောင်းလို့ (ပြာကလောင်၊ ပြာလချောင်) | ကာတွန်းတင်အောင်နီ | စိတ်ကူးချိုချို | ၂၀၀၀ |
| ၃၂။ | ရစ်သမ်အကြောင်း | မောင်သတိုး | စိတ်ကူးချိုချို | ၂၂၀၀ |
| ၃၃။ | ညောင်ရမ်းဆက်အဝကို ပြန်လည်ထူထောင်ခြင်း | ဒေါက်တာသန်းထွန်း | Bagan Princess Publication | ၂၅၀၀ |
| ၃၄။ | ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈-ခုနှစ်)ပါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အခန်းကဏ္ဍနှင့် ရွေးကောက်ပွဲစနစ်များ | ဦးစိုင်းကျော်သူ | ရှုတိုင်းယဉ် | ၃၀၀၀ |
| ၃၅။ | ကမ္ဘာ့အကြီးဆုံးအောင်မြင်ရေး လျှို့ဝှက်ချက်များ | ဟိန်းလတ်(မြန်မာပြန်) | စိုးစံစာပေ | ၂၅၀၀ |
| ၃၆။ | မြန်မာနိုင်ငံခေတ်အဆက်ဆက် ဗုဒ္ဓဘာသာသမိုင်းစဉ် | မေကျော့ရှင်း | ရွှေသစ္စာစာပေ | ၂၀၀၀ |
| ၃၇။ | ဗောဓိဉာဏ်အလင်းတန်း | ပါရဂူ | အိပ်မက်ရိပ် | ၃၀၀၀ |
| ၃၈။ | ရုပ်ရှင်ဇာတ်ညွှန်းရေးနည်း အခြေခံလမ်းညွှန် | တက္ကသိုလ် မကျည်းတန် | ဂန္ထဝင်ပညာအိမ် | ၁၀၀၀၀ |
| ၃၉။ | အဝေးရောက်ချင်းလူငယ်များသို့ | ဆလိုင်းနော်စော် | ချင်းသမိုင်းနှင့်ယဉ်ကျေးမှုကျောင်းမှစီစဉ်သည် | ၄၀၀၀ |
| ၄၀။ | ဘဝကူးလမ်းညွှန် | တင်အောင်ထွန်း၊ သုတေသန | ဒေါက်တာဌေးဌေးဝင်း | ၁၀၀ |
| ၄၁။ | ဘဝလမ်းခွဲစွန့်ခွာရဲဖို့ | တင်အောင်ထွန်း၊ သုတေသန | ဒေါက်တာဌေးဌေးဝင်း | ၁၀၀ |
| ၄၂။ | ဘဝဆည်းဆာနေညိုချိန် | တင်အောင်ထွန်း၊ သုတေသန | ဒေါက်တာဌေးဌေးဝင်း | ၁၀၀ |
| ၄၃။ | အမြန်သင် ကစ္စည်းသဒ္ဒါ | ဘဒ္ဒန္တသုမ္မောစာရာဘိဝံသ | ဒေါက်တာဌေးဌေးဝင်း | ၅၀၀၀ |



# ဥပဒေပြုအဖွဲ့အသစ်တစ်ရပ် ရွေးချယ်တင်မြှောက်ရန် မြောက်ကိုရီးယားနိုင်ငံတွင် ရွေးကောက်ပွဲ ကျင်းပ

**ပြုံယမ်း မတ် ၁၀**

မြောက်ကိုရီးယားနိုင်ငံက နိုင်ငံ၏ဥပဒေပြုအဖွဲ့အသစ်တစ်ရပ် ရွေးချယ်တင်မြှောက်ရန်အတွက် ရွေးကောက်ပွဲတစ်ရပ်ကို မတ် ၁၀ ရက်တွင် ကျင်းပခဲ့ကြောင်း ယနေ့ အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

အဆိုပါရွေးကောက်ပွဲကို ငါးနှစ်တစ်ကြိမ် ကျင်းပလျက်ရှိသည်။ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီတစ်ရပ်ကသာ အနိုင်ရမည်ဖြစ်သည်။ ခေါင်းဆောင်ကင်ဂျုံအန်ဦးဆောင်သော လက်ရှိအာဏာရအလုပ်သမားပါတီသည် မြောက်ကိုရီးယားနိုင်ငံအတွက် အင်အားကြီးပါတီတစ်ခုဖြစ်သည်။

မြောက်ကိုရီးယားပြည်သူများက မတ် ၁၀ ရက်တွင် မဲရုံများသို့သွားရောက်ကာ ဆန္ဒမဲများပေးခဲ့ကြကြောင်း သိရသည်။ ဒေသစံတော်ချိန် ညနေ ၆ နာရီ မထိုးမီအချိန်တွင် နိုင်ငံအတွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ်မြေများ၌ ပြည်သူများက ဆန္ဒမဲများပေးပြီးဖြစ်ကြောင်း သိရသည်။

ရွေးကောက်ပွဲကျင်းပပြီးမကြာမီအချိန်တွင် အနိုင်ရပါတီဝင်များဖြင့် ဖွဲ့စည်းထားမည့် ဥပဒေပြုအဖွဲ့က ရသုံးငွေစာရင်းများအပါအဝင် တရားရေးရာပြင်ဆင်ချက်များ စသည့် နိုင်ငံရေးရာကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်သည်။

**အေအက်ဖ်ပီ**



# သမ္မတ မာဒူရိုအား ဖြုတ်ချရန် အတိုက်အခံခေါင်းဆောင် ဂွါအီဒို ပြည်သူများအား တိုက်တွန်း



**ကာရာကတ်စ် မတ် ၁၀**

ဗင်နီဇွဲလားသမ္မတ နီကိုလပ်စ် မာဒူရိုအား ရာထူးမှ ဖြုတ်ချနိုင်ရေးအတွက် အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွါအီဒိုက နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများအားလုံးအနေဖြင့် အစိုးရဆန့်ကျင်လှုပ်ရှားမှုတွင် ပါဝင်ကြရန် မတ် ၉ ရက်က တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

သမ္မတ မာဒူရိုနှင့် အတိုက်အခံခေါင်းဆောင် ဂွါအီဒိုတို့အကြား နိုင်ငံရေးအားပြိုင်မှုတွင် သေဆုံးမှုထိခိုက်ဒဏ်ရာရရှိမှုများနှင့် ပတ်သက်ပြီး တိကျသော အချက်အလက်များ မရရှိသေးသော်လည်း နိုင်ငံအတွင်းရှိ ဆေးရုံများ၌ လျှပ်စစ်မီးပြတ်တောက်ခဲ့ပြီးနောက် ဆေးကုသမှုခံယူရန် ခက်ခဲမှုများရှိခဲ့သည့်အတွက် အသည်းရောဂါသည် လူနာ ၁၅ ဦးကျော် သေဆုံးခဲ့ကြောင်း အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုက ပြောကြားခဲ့သည်။

ထို့ပြင် စီးပွားရေးလုပ်ငန်းများ ရပ်ဆိုင်းထားရပြီး ဆေးရုံများနှင့် ပို့ဆောင်ရေး ဝန်ဆောင်မှုကဏ္ဍများလည်း ရပ်တန့်လျက်ရှိသည်။

အသက် ၃၅ နှစ်အရွယ်ရှိ အတိုက်အခံခေါင်းဆောင် ဂွါအီဒိုက နိုင်ငံတစ်ဝန်းလုံးသို့ သွားရောက်ကာ သူ့အား ထောက်ခံသူများ၏ ပြောကြားချက်များကို နားထောင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့နောက် မြို့တော်ကာရာကတ်စ်သို့ ပူးပေါင်းစုဝေးကာ ချီတက်လာကြမည်ဟု ဂွါအီဒိုက ဆိုသည်။

နိုင်ငံအတွင်းရှိ သန်း ၃၀ သော ပြည်သူများ၏ ထောက်ခံမှုကို ရရှိထားသော အတိုက်အခံခေါင်းဆောင် ဂွါအီဒိုသည် ရွေးကောက်ပွဲအသစ်တစ်ရပ် ပြန်လည်ကျင်းပပေးရန် တောင်းဆိုလျက်ရှိသည်။

တစ်ဖက်ကလည်း သမ္မတမာဒူရိုက သူ့အား ထောက်ခံသူများနှင့် လူထုစည်းဝေးပွဲများ ပြုလုပ်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုက ဗင်နီဇွဲလားနိုင်ငံအား စီးပွားရေးပိတ်ဆို့မှုများနှင့် လုံခြုံရေးခြိမ်းခြောက်မှုများ စတင်ခဲ့သည့် လွန်ခဲ့သော လေးနှစ်ကတည်းက သမ္မတမာဒူရိုနှင့် ထောက်ခံသူများက နယ်ချဲ့ဝါဒဆန့်ကျင်သည့် လူထုစည်းဝေးပွဲများကို မကြာခဏပြုလုပ်ခဲ့သည်။

အတိုက်အခံခေါင်းဆောင် ဂွါအီဒိုက သမ္မတမာဒူရိုအား ရာထူးမှ ဖြုတ်ချရန် အစွမ်းကုန်ကြိုးပမ်းစေကာမူ သမ္မတ မာဒူရိုက ၎င်းအနေဖြင့် လက်မြှောက်အရှုံးမပေးပါကြောင်း သူ့အား ထောက်ခံသူများအား ပြောကြားခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံ၏ စီးပွားရေးအကျပ်အတည်းနှင့် နိုင်ငံရေးအရှုပ်တော်ပုံတို့ကြောင့် ၂၀၁၅ ခုနှစ်ကစပြီး နေရပ်စွန့်ခွာသွားကြသော ပြည်သူအရေအတွက် ၂ ဒသမ ၇ သန်းရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# အမျိုးသမီးအာကာသယာဉ်မှူးများ အာကာသသို့ ပထမဆုံးအကြိမ် သွားမည်

**ဝါရှင်တန် မတ် ၁၀**

'အာကာသအတွင်းသို့ လူသားအားလုံးသွားရောက်ရမည်' ဟူသည့် အစီအစဉ်အရ အမျိုးသမီးအာကာသယာဉ်မှူးအဖွဲ့တစ်ဖွဲ့သည် အာကာသသို့ ပထမဆုံးအကြိမ် သွားရောက်မည်ဖြစ်ကြောင်း အမေရိကန်အာကာသအေဂျင်စီ နာဆာအဖွဲ့က ဆိုသည်။

အဆိုပါအဖွဲ့သည် မတ် ၂၉ ရက်တွင် အာကာသအတွင်းသို့ စတင်ထွက်ခွာမည်ဖြစ်သည်။ ထို့ပြင် နာဆာ၏ အာကာသယာဉ်မှူးများဖြစ်ကြသော အန်နီ မက်စ်ကလိန်းနှင့် ခရစ္စတီးနားကိုစ်တို့က နိုင်ငံတကာအာကာသစခန်း (ISS) အပြင်ဘက်သို့ လမ်းထွက်လျှောက်မည်ဖြစ်ပြီး အာကာသစခန်း၏ အဆင့်မြှင့်တင်မှုလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း နိုင်ငံတကာအမျိုးသမီးများနေ့တွင် ထုတ်ပြန်သည့် နာဆာ၏ ကြေညာချက်တွင် ဖော်ပြထားကြောင်း သိရသည်။

ယင်းအဖွဲ့အား အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ် ဟူစတန်မြို့ရှိ ဂျွန်ဆန်အာကာသစခန်းရှိ ကနေဒါအာကာသအေဂျင်စီက မြေပြင်မှ ထောက်ပံ့မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

အန်နီ မက်စ်ကလိန်းနှင့် ခရစ္စတီးနားကိုစ်တို့အား ၂၀၁၃ ခုနှစ်တွင် နာဆာအဖွဲ့က အမျိုးသမီးအာကာသယာဉ်မှူးများအဖြစ် ရွေးချယ်ခဲ့သည်။ မက်စ်ကလိန်းသည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာမှစတင်ပြီး နိုင်ငံတကာအာကာသစခန်းတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ခရစ္စတီးနားကိုစ်သည် ၂၀၁၈ ခုနှစ် မတ် ၁၄ ရက်တွင် နိုင်ငံတကာအာကာသစခန်း၌ စတင်တာဝန်ထမ်းရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အမျိုးသမီးအာကာသယာဉ်မှူးများအဖွဲ့သည် အာကာသအတွင်းသို့ ခုနှစ်နာရီတိုင်တိုင် လမ်းထွက်လျှောက်မည်ဖြစ်ကြောင်း နာဆာက ဆိုသည်။

အမျိုးသမီးအာကာသယာဉ်မှူးများ၏ ကြိုးပမ်းမှုသည် အာကာသသိပ္ပံနယ်ပယ်တွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို ပိုမိုမြှင့်တင်ရာရောက်စေသည့်အပြင် သမိုင်းဝင်မှတ်တမ်းတစ်ခုအဖြစ် အသိအမှတ်ပြုခံရမည်ဖြစ်သည်။

**ဆင်ဟွာ**

# အီသီယိုးပီးယားလေကြောင်းလိုင်းမှ ဘိုးရင်း ၇၃၇ လေယာဉ်တစ်စင်း ပျက်ကျ

**အာဒစ်အာဘာဘာ မတ် ၁၀**

အီသီယိုးပီးယားလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် မြို့တော်အာဒစ်အာဘာဘာမှ စတင်ပျံတက်ထွက်ခွာခဲ့ပြီး မကြာမီအချိန်တွင် ပျက်ကျခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

ခရီးသည် ၁၄၉ ဦးနှင့် လေယာဉ်မှူး၊လေယာဉ်မယ်ရှစ်ဦးတို့အား သယ်ဆောင်မောင်းနှင်လာသော ဘိုးရင်း ၇၃၇ လေယာဉ်သည် ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့သို့ ဦးတည်ပျံသန်းစဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။

မြို့တော် အာဒစ်အာဘာဘာမှ ကီလိုမီတာ ၆၀ ခန့်အကွာတွင် ပျက်ကျခဲ့ခြင်းဖြစ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလေယာဉ်ပျက်ကျခဲ့ခြင်းနှင့်ပတ်သက်ပြီး အီသီယိုးပီးယားဝန်ကြီးချုပ်က အလွန်အမင်း ဝမ်းနည်းမိပါကြောင်း သူ၏ တွစ်တာစာမျက်နှာတွင် ရေးသားခဲ့သည်။

နိုင်ငံပိုင်အီသီယိုးပီးယားလေကြောင်းလိုင်းသည် လေကြောင်းလိုင်းများ ပိုမိုပြေးဆွဲလျက် ရှိသည်။ မြို့တော်အာဒစ်အာဘာဘာလေဆိပ်သည် အာဖရိကနိုင်ငံများသို့ အလည်အပတ်လာရောက်ကြသည့် နိုင်ငံတကာခရီးသွားများအတွက် အဓိကအချက်အချာတစ်ခုဖြစ်လာကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**




အီသီယိုးပီးယားလေကြောင်းလိုင်းမှ ပျံသန်းနေသည့် လေယာဉ်တစ်စင်း။

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ Global Grand Services (GGS) ကုမ္ပဏီမှ MD ဦးသိန်းထွေး၊ ဒါရိုက်တာ ဦးအောင်မြတ်နှင့် ဦးသူရအုံတို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေဖြင့် အမှုဖွင့် အရေးယူ

**နေပြည်တော် မတ် ၁၀**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော် အပေါ် အဂတိလိုက်စားမှုများကျူးလွန်ကြောင်း တိုင်ကြားစာများနှင့်စပ်လျဉ်း၍ ကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ စစ်ဆေးခဲ့သည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ဖေဖော်ဝါရီ ၄ ရက်မှ ၆ ရက်အထိ နေပြည်တော်၊ ရန်ကုန်နှင့် ထားဝယ်မြို့များတွင် စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးဖော်ထုတ်ချက်များအရ ၂၀၁၆ ခုနှစ် ဧပြီလတွင် မဟာသင်္ကြန်ပွဲတော် ဇဟိုမဏ္ဍပ် တည်ဆောက်ရေးလုပ်ငန်း၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် ထားဝယ်တက္ကသိုလ်ဝင်းအတွင်း ချုံနွယ်ရှင်းလင်းခြင်းလုပ်ငန်း၊ ထားဝယ်လေယာဉ်ကွင်း အပြင်ဘက် ချုံနွယ်ရှင်းလင်းခြင်းလုပ်ငန်းများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ထိုက်သင့်သည့်တန်ဖိုးမပေးဘဲ F-22 Sunny Construction Co.,Ltd. သို့ တာဝန်ပေးဆောင်ရွက်စေခဲ့ပြီး မကြာမီ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် တင်ဒါခေါ်ယူခြင်း၊ အစိုးရအဖွဲ့အစည်းအဝေး၌ အတည်ပြုဆုံးဖြတ်ခြင်းတို့မရှိဘဲ ထားဝယ်လေယာဉ်ကွင်းအတွင်း ချုံနွယ်ရှင်းလင်းခြင်းလုပ်ငန်းတစ်ခုတည်းကို ခွင့်ပြုငွေကျပ်သိန်း ၄၀၀၀ ဖြင့် ဝန်ကြီးချုပ်၏ ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ F-22 Sunny Construction Co.,Ltd. သို့ တိုက်ရိုက်ခွင့်ပြုဆောင်ရွက်စေခြင်းသည် တံစိုးလက်ဆောင်ကို အဖွဲ့အစည်းအတွက် ရယူခြင်းဖြစ်ကြောင်းနှင့် တိုင်းဒေသကြီးများ၏ဒေသန္တရပေါက်ဈေးများနှင့် နှိုင်းယှဉ်တွက်ချက်မှုအရ နိုင်ငံတော်ဘဏ္ဍာငွေများ နစ်နာဆုံးရှုံးရကြောင်း။

ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်သည် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းများ၊ ပြည်ထောင်စု အစိုးရအဖွဲ့၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်းမရှိဘဲ လမ်းဦးစီးဌာနသို့ တစ်လုံးတစ်ခဲတည်း ငွေကျပ် ၁ ဒသမ ၉ ဘီလီယံခန့် ထုတ်ယူရန် အခွင့်အရေး ပေးအပ်ခဲ့ပြီး ၂၀၁၈ ခုနှစ် အောက်တိုဘာလခန့်တွင် တိုင်းဒေသကြီး လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးအား သူ၏ခင်ပွန်း ဦးထွန်းမင်းက ဦးမြင့်ဟို အမည်ဖြင့် ဝယ်ယူထားသော ထားဝယ်မြို့ဆေးရုံလမ်းနှင့် ဂေါ်သဇင်လမ်းထောင့်ရှိ အိမ်အမှတ် (၁၀၆၈) နှင့် (၁၀၇၀) မြေကွက်နှစ်ကွက်ကို အုတ်ခြံစည်းရိုး ကာရံပေးရန် စေခိုင်းခဲ့ရာ ငွေကျပ် သိန်း ၁၄၀ ကျော် ကုန်ကျခဲ့ပြီး သူ့အား စုံစမ်းစစ်ဆေးသည့်အခါမှ ယင်းငွေကို ပြန်လည်ပေးချေကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ထိုက်သင့်သည့်တန်ဖိုးပေးချေခြင်းမရှိဘဲ အုတ်ခြံစည်းရိုး ကာရံပေးစေခြင်းဖြင့် တံစိုးလက်ဆောင်အဖြစ် ရယူခဲ့ကြောင်း။

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်သည် ၎င်း၏ မိသားစုပိုင်သည့် သရက်ချောင်းမြို့နယ် မြို့မရပ် မြိတ်-ထားဝယ် ကားလမ်း၊ အိမ်အမှတ် (၆)ရှိ နှစ်ထပ်နေအိမ်နှင့် ဝိုင်းမြေကို ကာလတန်ဖိုးငွေကျပ် သိန်း ၃၂၀ ကျော် ခန့်သာ တန်ဖိုးရှိသော်လည်း ကျပ်သိန်း ၂၀၀၀ ဖြင့် GGS ကုမ္ပဏီသို့ ရောင်းချခဲ့ကြောင်း၊ GGS ကုမ္ပဏီအား သရက်ချောင်း ငါးလေလံဈေးတည်ဆောက်ခြင်း၊ ထားဝယ်ခရိုင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ ထားဝယ်မြို့ ခြင်းလုံးရုံတည်ဆောက်ခြင်း၊ ပုလောမြို့မြို့တော်ခန်းမတည်ဆောက်ခြင်း၊ ထားဝယ်နှင့် မြိတ်တွင် ခြောက်ခန်းတွဲ လေးထပ်တန်ဖိုးနည်း အငှားအိမ်ရာ လေးလုံး တည်ဆောက်ခြင်း၊ နေပြည်တော်တွင် တနင်္သာရီတိုင်းဧည့်ရိပ်သာနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်းများကို လုပ်ကိုင်ခွင့်ပြုခြင်းဖြင့် အခွင့်အရေးပေးခဲ့ကြောင်း၊ နေအိမ်ကို ဝယ်ယူသူ ဦးသူရအုံသည် GGS ကုမ္ပဏီနှင့် အကျိုးစီးပွားဆက်စပ်ဆောင်ရွက်သူဖြစ်ပြီး ကုမ္ပဏီအထွေထွေမန်နေဂျာဖြစ်ကြောင်း၊ GGS ကုမ္ပဏီမှတာဝန်ရှိသူများဖြစ်သော ဦးသိန်းထွေး၊ ဦးအောင်မြတ်နှင့် ဦးသူရအုံတို့သည် အိမ်နှင့်မြေကိုကာလတန်ဖိုးထက် ခြောက်ဆခန့် ပိုသည့်တန်ဖိုးဖြင့် ဈေးပိုပေး၍ဝယ်ယူခဲ့ပြီး အကျိုးအမြတ်ရရှိမည့် လုပ်ငန်းများ လုပ်ကိုင်ခွင့်ရရှိခဲ့ကြကြောင်း။

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ရောင်းချခြင်းဆိုင်ရာ သဘောတူစာချုပ်ကို ၂၀၁၆ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ချုပ်ဆိုခဲ့ပြီး လုပ်ကိုင်ခွင့်ပြုသူနေရာတွင် တိုင်းအစိုးရအဖွဲ့ ကိုယ်စား အတွင်းရေးမှူးနှင့် လုပ်ကိုင်ခွင့်ရသူနေရာတွင် GGS ကုမ္ပဏီ ကိုယ်စား ဦးသိန်းထွေးတို့ လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ စာချုပ်ပါ စည်းကမ်းချက်များအတိုင်း အကောင်အထည်ဖော်ရေးကြီးကြပ်ရန် ပျက်ကွက်သဖြင့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်ရာရောက်ကြောင်း၊ ၂၀၁၇ ခုနှစ် ဇူလိုင် ၁ ရက်မှစ၍ စစ်ဆေးသည့်အချိန်အထိ သဘာဝဓာတ်ငွေ့ဖိုး ကျပ်သန်း ၈၀၀၀ ကျော်ကို ပေးချေရန် တာဝန်ရှိသည့် GGS ကုမ္ပဏီဘက်မှ ပေးချေရန် ပျက်ကွက်နေကြောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ စိုက်ထုတ်ကျခံခဲ့ရသဖြင့် နိုင်ငံတော်ဘဏ္ဍာငွေများ ထိခိုက်နစ်နာဆုံးရှုံးမှုရှိကြောင်း၊ ပေါ်ပေါက်မှုအပေါ် အဆိုပါလုပ်ငန်းစဉ်တွင် ပါဝင်ခဲ့သည့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် GGS ကုမ္ပဏီမှ ဦးသိန်းထွေးနှင့် ဦးအောင်မြတ်တို့သည် အဂတိလိုက်စားမှုဖြင့် ငြိစွန်းကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်များအရ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်အား အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅ အရလည်းကောင်း၊ GGS ကုမ္ပဏီမှ MD ဦးသိန်းထွေး၊ ဒါရိုက်တာ ဦးအောင်မြတ်နှင့် ဦးသူရအုံတို့အား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅/၆၃ အရလည်းကောင်း သီးခြားပြစ်မှုများအတွက် သီးခြားစွဲချက်များဖြင့် အမှုလေးမှုခွဲ၍ အရေးယူဆောင်ရွက်ရန် ထားဝယ်မြို့ မြို့မရဲစခန်း၌ ယနေ့ရက်စွဲဖြင့် ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်ပြီး တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

**သတင်းလမ်းညွှန်**

## မြန်မာနိုင်ငံတွင် ပထမဆုံးမုန့်တိုက်ပွဲကျင်းပမည်

အာဟာရတန်ဖိုးနည်းသော စားသောက်ကုန်များ အပြိုင်အဆိုင်ထုတ်လုပ်ရောင်းချလာမှုကို တိုက်ဖျက်သည့်အနေဖြင့် ကလေးလူငယ်များအကြား မြန်မာမုန့်များအား တန်ဖိုးထားစားသုံးမှုကို မြှင့်တင်သွားနိုင်ရန်အတွက် မြန်မာနိုင်ငံတွင် ပထမဆုံးမုန့်တိုက်ပွဲအဖြစ် မြန်မာမုန့်များ စုပေါင်းရောင်းချခြင်းကို မတ် ၁၇ ရက် ညနေပိုင်းတွင် မော်ဘီမြို့မဈေးကြီးရှေ့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

## မြန်မာ့စီးပွားရေး ထူးချွန်သူများတွေ့ဆုံပွဲ ကျင်းပမည်

Myanmar B2B Management မဂ္ဂဇင်းက ကြီးမှူး၍ ဆရာကြီးဒေါက်တာအောင်ထွန်းသက်နှင့် မြန်မာ့စီးပွားရေးထူးချွန်သူများ တွေ့ဆုံဆွေးနွေးပွဲကို မတ် ၁၅ ရက် နံနက် ၉ နာရီတွင် ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့်ရှိ CBC Ballroom ၅ လွှာ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

## ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ ကျင်းပမည်

၂၀၁၉ ခုနှစ် မတ် ၁၅ ရက်တွင် ကျရောက်သော ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အဖြစ် ပြည်သူများ အသိပညာပြန့်ပွားရေး လူထုလှုပ်ရှားမှုတစ်ရပ်ကို မတ် ၁၅ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

## မြန်မာနိုင်ငံတွင် မော်တော်ကား လေလံပွဲကျင်းပမည်

မြန်မာနိုင်ငံတွင် ကားလေလံပွဲကြီးကို ရန်ကုန်မြို့ မိုင်ဒါကွင်း၌ မတ် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

## VISA မှ Contactless ငွေပေးချေမှုစနစ် မိတ်ဆက်မည်

ကမ္ဘာတစ်ဝန်း ဒစ်ဂျစ်တယ်ငွေပေးချေမှုနယ်ပယ်ကို ဦးဆောင်နေသော VISA မှ မြန်မာနိုင်ငံ၏ ပထမဆုံး Brand Ambassador ခန့်အပ်ခြင်းနှင့် နိုင်ငံတစ်ဝန်း ဒစ်ဂျစ်တယ်ငွေပေးချေအသုံးပြုမှု ပိုမိုများပြားလာစေရန် ရည်ရွယ်၍ Contactless ငွေပေးချေမှု အစီအစဉ် မိတ်ဆက်ခြင်းအခမ်းအနားကို မတ် ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် မီလီယာဟိုတယ်၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

## ဆရာကြီးသခင်ကိုယ်တော်မှိုင်းမွေးနေ့ ကျင်းပမည်

ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ (၁၄၃) နှစ်မြောက်မွေးနေ့အထိမ်းအမှတ် ငြိမ်းချမ်းရေးစကားဝိုင်း ဆွေးနွေးပွဲကို မတ် ၂၃ ရက်တွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဂူဗိမာန်နှင့် ဦးဥတ္တမပန်းခြံတို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်စိုး**



## ရသေ့တောင်မြို့နယ် ကာဒီချောင်းအတွင်း စက်လှေဖြင့် လှုပ်ရှားသွားလာနေသည့် ရဲတပ်ဖွဲ့ဝင်များအား AA သောင်းကျန်းသူအဖွဲ့က လက်နက်များဖြင့်ပစ်ခတ်ပြီး စက်လှေအကြီးဖြင့် ဝင်တိုက်သဖြင့် တပ်ဖွဲ့ဝင်တစ်ဦး ရေထဲမျောပါသွားပြီး လှေနှင့်အတူ လက်နက်ငယ်သုံးလက် နစ်မြုပ်ပါရှိသွားခဲ့


**နေပြည်တော် မတ် ၁၀**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ကာဒီချောင်းအတွင်း စက်လှေဖြင့် လှုပ်ရှားသွားလာနေသည့် ရဲတပ်ဖွဲ့ဝင်များအား ယနေ့ညနေပိုင်းက စက်လှေအကြီးတစ်စင်းဖြင့် ရောက်ရှိလာသည့် AA သောင်းကျန်းသူအဖွဲ့က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ပြီး စက်လှေအား အရှိန်ဖြင့်ဝင်တိုက်သဖြင့် လှေနစ်မြုပ်ကာ ရဲတပ်ဖွဲ့ဝင်တစ်ဦး ရေထဲမျောပါသွားပြီး လက်နက်ငယ်သုံးလက် နစ်မြုပ်ပါရှိသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အုတ်ဖိုရဲကင်းစခန်းမှ ရဲတပ်ဖွဲ့ဝင် ၁၄ ဦးသည် ညောင်ချောင်းနယ်မြေရုံးသို့ စက်လှေဖြင့် လှုပ်ရှားသွားလာစဉ် ညနေ ၆ နာရီ မိနစ် ၂၀ ခန့်တွင် မေယုမြစ်နှင့် ကာဒီချောင်းဆုံရာအနီးအရောက် မျက်နှာချင်းဆိုင်ဘက်မှ စက်လှေအကြီးတစ်စင်းဖြင့် ရောက်ရှိလာသည့် AA သောင်းကျန်းသူအဖွဲ့က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ပြီး ရဲတပ်ဖွဲ့ဝင်များ၏ စက်လှေကို ဝင်တိုက်ခဲ့သဖြင့် စက်လှေမှာ ရေထဲနစ်မြုပ်သွားခဲ့ကြောင်း၊ ရဲတပ်သားတစ်ဦး သေနတ်ဒဏ်ရာရရှိပြီး ရေနှင့်အတူ မျောပါသွားခဲ့ကြောင်း၊ ရေထဲနစ်မြုပ်သွားသည့် စက်လှေအတွင်း လက်နက်ငယ်သုံးလက် ပါရှိသွားပြီး ကျန်တပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် AA သောင်းကျန်းသူအဖွဲ့သည် မြစ်ကြောင်းအတိုင်း ဂွဆုံဘက်သို့ မောင်းနှင်ထွက်ပြေးသွားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **သတင်းစဉ်**

၁၀-၃-၂၀၁၉ ရက်က ရသေ့တောင်မြို့နယ် ကာဒီချောင်းအတွင်း ထိတွေ့မှုဖြစ်ပွားသည့် နေရာပြမြေပုံ




## ပုဏ္ဏားကျွန်းမြို့နယ်ရှိ ယိုးတရုတ်ရဲကင်းစခန်းအား AA သောင်းကျန်းသူအဖွဲ့က အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်၊ ရဲတပ်ဖွဲ့ဝင်ကိုးဦး ကျဆုံး၊ ရဲတပ်သားတစ်ဦး ပျောက်ဆုံးလျက်ရှိ

**နေပြည်တော် မတ် ၁၀**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်ရှိ ယိုးတရုတ်ရဲကင်းစခန်းအား AA သောင်းကျန်းသူအဖွဲ့က မတ် ၉ ရက် ညပိုင်းတွင် အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင် ကိုးဦးကျဆုံးပြီး ရဲတပ်သားတစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယိုးတရုတ်ကျေးရွာရှိ ရဲအုပ်စောသိန်းထွန်း ဦးစီးအခြေပြု၍ နယ်မြေလူထုအတွက် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းတာဝန်များ ဆောင်ရွက်ပေးနေသည့် ယိုးတရုတ် ရဲကင်းစခန်းအား မတ် ၉ ရက် ည ၁၁ နာရီ မိနစ် ၂၀ ခန့်မှ မိနစ် ၅၀ ခန့်အထိ AA သောင်းကျန်းသူအဖွဲ့က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း၊ အဆိုပါ ရဲကင်းစခန်းသည် ယိုးတရုတ်ကျေးရွာတွင် ဖွင့်လှစ်ထားသည့် ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်းစာစစ်ဌာန၏ မေးခွန်းလွှာနှင့် အဖြေလွှာများအား ထိန်းသိမ်းသည့်လုပ်ငန်း တာဝန်ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်ခံရမှုကြောင့် ကျဆုံးသွားသည့် တပ်ဖွဲ့ဝင်များမှာ ပုဏ္ဏားကျွန်းမြို့နယ်နှင့် ယိုးတရုတ်ကျေးရွာဇာတိ ဒေသခံရခိုင်တိုင်းရင်းသားများဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ခြံစည်းရိုးတည်ဆောက်ရေးလုပ်ငန်းအား AA သောင်းကျန်းသူအဖွဲ့က နှောင့်ယှက်တိုက်ခိုက်

**နေပြည်တော် မတ် ၁၀**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်အတွင်းရှိ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ခြံစည်းရိုး နယ်စပ်မှတ်တိုင်အမှတ် ဘီပီ-၆၇ နှင့် ဘီပီ-၆၈ အကြားတွင် နယ်စပ်ခြံစည်းရိုး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော ဆောက်လုပ်ရေးလုပ်ငန်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား မတ် ၉ ရက် မွန်းလွဲပိုင်းတွင် AA သောင်းကျန်းသူအဖွဲ့မှ အင်အား ၂၀၀ ခန့်က နေရာများဖြန့်ခွဲ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်းမှတစ်ဆင့် နှောင့်ယှက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ နှောင့်ယှက်တိုက်ခိုက်လာခဲ့သဖြင့် ပြန်လည်တိုက်ခိုက်ခဲ့ရာ အပြန်အလှန် ထိတွေ့မှုများဖြစ်ပွားခဲ့ပြီး ဆောက်လုပ်ရေးလုပ်သားများကို လက်ရှိလုပ်ငန်းခွင်မှ လုံခြုံသောနေရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများအား ၂၀၁၀ ပြည့်နှစ်မှစတင်၍ အဆင့်(၄)ဆင့်ဖြင့် ဆောင်ရွက်ခဲ့ရာ လက်ရှိအချိန်အထိ နယ်စပ်ခြံစည်းရိုးမှတ်တိုင်အမှတ် ၆၇ အထိ ၁၂၉ ဒသမ ၁၅ မိုင် ဆောင်ရွက်ပြီးစီးပြီးဖြစ်သည်။

ထိုသို့ မြန်မာနိုင်ငံ၏ အနောက်ဘက်တံခါးလုံခြုံရေးနှင့် ဒေသခံတိုင်းရင်းသားများ လုံခြုံရေးအတွက် နယ်စပ်ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများအား ဆောင်ရွက်နေသော ဆောက်လုပ်ရေးလုပ်ငန်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား AA သောင်းကျန်းသူအဖွဲ့များက ယခုကဲ့သို့ နှောင့်ယှက်တိုက်ခိုက်ခြင်းများဆောင်ရွက်လာခြင်းသည် နိုင်ငံတော်၏ နယ်မြေပိုင်နက်လုံခြုံရေး၊ အချုပ်အခြာတည်တံ့ခိုင်မြဲရေးနှင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးတို့အား နှောင့်ယှက်ဖျက်ဆီးခြင်းဖြစ်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် သောင်းကျန်းသူ နှိမ်နင်းရေးစစ်ဆင်ရေးအား ထိရောက်စွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

"ဧရှပင်နား၊ မှ ဧရှဧကျ၊"
ဂုဏ်ထူးဦးသိန်းနိုင်
● ကိုယ်ပိုင်အထက်တန်းကျောင်း
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
● ပညာရေးဘော်ဒါ (၁၊၉၊၁၀ တန်းများသာ)

(၁) စည်းကမ်းကို တန်ဘိုးထား လိုက်နာသူတိုင်း ထူးချွန်ထူးကောင်းဖြစ်စေရမည်။
(၂) ပညာရည်တိုးတက်မှုအစီရင်ခံစာကို လစဉ် ပေးပို့၍ ညှိနှိုင်းတိုင်ပင်ကြသည်။
(၃) ကြေငြာထားသော ဆရာကြီးများအားလုံး နှစ်စ နှစ်ဆုံး အပျက်အကွက်မရှိ သင်ကြားကြောင်း အာမခံစာချုပ် ချုပ်ပေးသည်။
Study Guide
(၄) ...
(၅) ...
(၆) ...
(၇) ...
(၈) ...
(၉) ...

၁၉၉၃ ခုနှစ်ကတည်းက ယနေ့ထိ အစဉ်တစိုက်သင်ကြားပြီး အောင်မြင်ဆုဖြစ်ခဲ့သည်မှာ တစ်နိုင်ငံလုံး အသိပင်။
SKY NET ရှမ်းသံ
Brand Brain Study Camp
• မြန်မာစာ - ဂုဏ်ထူးဦးသိန်းနိုင်
• အင်္ဂလိပ်စာ - ဆရာ နေအုပ်(စိန်ပေါက်)
- ဂုဏ်ထူးဦးအောင်နိုင်
• သင်္ချာ - ဒေါက်တာညီညီ(Ph.D)
• ရူပဗေဒ - ပါမောက္ခ ဒေါက်တာထွန်းခင်
• ဓာတုဗေဒ - ဆရာမကြီး ဒေါ်ရွှေညွန့်လွင်
- ဆရာ ဇော်လင်းအောင်
• ဇီဝဗေဒ - ဒေါက်တာဇီဝ (Dr. ညီညီနိုင်)
• ဘောဂဗေဒ - စိုင်းစိန်မြင့်အောင်
အထွေထွေအုပ်ချုပ်ရေးမှူး
ဆရာမ ဒေါ်ကြည်ကြည်တင် M.Sc(Final)

အစဉ်အလာ ကြီးမားလှစွာသော
နွေမြန်မာစာ
စာစီစာကုံးတန်းများ
၈၊ ၉၊ ၁၀ သင်ရိုးကုန်တန်းခွဲများ
မတ်လ (၉) ရက် ဖွင့်မည်။
ကျောင်းသားသစ် လက်ခံပြီ
အ.ထ.က
နွေဒသမတန်း
မတ်လ (၇) ရက် ဖွင့်မည်။
အ.ထ.က အတန်းစုံ
ဧပြီလ (၂၇) ရက် ဖွင့်မည်။

● မြေအမှတ် ၂၀ (A)+၂၀ (B)၊ (ORANGE SUPER MART) နှင့်ကပ်လျက် ... သာကေတ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ...

## ကစားပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲ သံတောင်ကြီးတွင် ကျင်းပ

**သံတောင်ကြီး မတ် ၁၀**

သံတောင်ကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ မတ် ၈ ရက် နံနက်ပိုင်းတွင် ကလေးစာဖတ်ခန်း၌ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများပြုလုပ်ပေးခြင်း၊ ပုံပြင်များပြောပြခြင်းနှင့် ပုံပြင်ပြောပြိုင်ပွဲများ ပြုလုပ်ပေးခဲ့သည်။

ကျောင်းသား ကျောင်းသူလေးများအား ကျန်းမာရေးနှင့် ဉာဏ်ရည်ထက်မြက်စေရန် ကိုယ်လက်လှုပ်ရှား ကစားနည်းများကို ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ကျောင်းသား ကျောင်းသူများအတွက် ပုံပြင်ပြောပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခဲ့ကြပြီး ဆုရရှိသူများအား မြို့နယ်ဦးစီးမှူး နော်လော်မူက ဆုများချီးမြှင့်ပေးခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စွန့်ပစ်အမှိုက် စီမံခန့်ခွဲရေးသင်တန်းဖွင့်

**ဝက်လက် မတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့တွင် စွန့်ပစ် အမှိုက်စီမံခန့်ခွဲမှုသင်တန်းကို မတ် ၁၀ ရက် နံနက် ၉ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ ကျင်းပသည်။

အဆိုပါသင်တန်းသို့ ဝက်လက်မြို့နယ်အတွင်းရှိ ကျေးရွာများမှ တစ်ရွာလျှင် နှစ်ဦးနှုန်းဖြင့် သင်တန်းသား ၂၀ တို့ တက်ရောက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မတ် ၃၁ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ယှဉ်ပြိုင်မည့် အောင်လအန်ဆန်နှင့် တွေ့ဆုံမေးမြန်း

**မြန်မာ့စပါးအုံး အောင်လအန်ဆန်သည် မတ်လ ၃၁ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပမည့် ONE: A NEW ERA ပြိုင်ပွဲတွင် ONE မစ်ဒယ်ဝိတ် ကမ္ဘာ့ချန်ပီယံခါးပတ်ကို KEN HASEGAWA နှင့် ယှဉ်ပြိုင် ထိုးသတ်သွားမည်ဖြစ်ရာ ၎င်းအနေဖြင့် ယင်းပွဲစဉ်အတွက် ပြင်ဆင်ထားမှုများနှင့် ရှေ့ဆက်လုပ်ဆောင်သွားမည့် အကြောင်းအရာများကို မတ် ၈ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ Rose Garden ဟိုတယ်၌ မီဒီယာများနှင့် တွေ့ဆုံပြောကြားထားသည်များကို ကောက်နုတ်တင်ပြလိုက်ရပါသည်။**




**လာမယ့် ဂျပန်ပွဲအတွက် ဘာတွေ ပြင်ဆင်ထားသလဲ။**

ဂျပန်ပွဲအတွက် ပြင်းပြင်းထန်ထန် ကျွန်တော် လေ့ကျင့်နေပါတယ်။ မြန်မာနိုင်ငံက ပရိသတ်တွေ ဂုဏ်ယူနိုင်အောင် ကြိုးစားမယ်။

**ဂျပန်ပွဲအတွက် အချိန်ဘယ်လောက် လေ့ကျင့်မှုလုပ်ထားသလဲ။**

လေ့ကျင့်နေတာ နှစ်လကျော်ပြီ။ အိပ်ရာကနိုးလာတာနဲ့ လေ့ကျင့်မှုစလုပ်တယ်။ တစ်နေကုန် မအိပ်ခင်အချိန်အထိ လုပ်တယ်။ တစ်ပတ်မှာ ခြောက်ရက်ကြိုးစားပါတယ်။ အကောင်းဆုံးပြင်ဆင်ထားတယ်။ ဒီပွဲမှာ အကောင်းဆုံးဖြစ်မယ်လို့ ကျွန်တော် ယုံကြည်တယ်။

**ပြိုင်ဘက်အတွက်ရော ဘာတွေ လေ့လာထားတာရှိသလဲ၊ ဘယ်နှချီလောက်နဲ့ အနိုင်ယူကစားမလဲ။**

ဒီပွဲက ပထမပွဲနဲ့ မတူပါဘူး။ ဒီပွဲအတွက် အကောင်းဆုံးပြင်ဆင်ထားတယ်။ ဒီပွဲမှာ ဝိတ်ကို ၁၀ ပေါင်လောက် ကြီးအောင်လုပ်ထားတယ်။ ပထမပွဲထက် ပိုကြီးမယ်၊ ပိုအားရှိမယ်။ ကျွန်တော့်ရဲ့ သက်လုံပိုင်းကိုလည်း ကောင်းအောင်ကြိုးစားထားတယ်။ ပြိုင်ဘက်ကို ပွဲစစချင်းမှာ ဖိအားပေးမယ်။ နှစ်ချီ၊ သုံးချီအတွင်း နိုင်အောင်ကစားမယ်။

**ဂျပန်ပွဲဟာ ကိုယ့်မြေမှာ မဟုတ်တဲ့အတွက် ဘယ်လိုခံစားရသလဲ။**

ပရိသတ်အားပေးမှုကတော့ ဒီလောက်များမှာ မဟုတ်ဘူး။ ဘယ်မှာပဲဖြစ်ဖြစ် ပြိုင်ဘက်က တစ်ယောက်တည်းဖြစ်တဲ့အတွက် ကျွန်တော့်အတွက်တော့ စိတ်ထဲမှာ ဘာမှထူးခြားမှုတော့ မဖြစ်ပါဘူး။

**အရင်က ကိုယ့်မြေမှာ ထိုးခဲ့ပြီး အခု ဂျပန်မြေမှာ ထိုးသတ်ရမှာဆိုတော့ ပရိသတ်တွေရဲ့စိုးရိမ်ပူပန်မှု အပေါ် ဘာများပြောချင်သလဲ။**

ကျွန်တော့်အမြင်ကတော့ ဂျပန်ပြည်မှာရှိတဲ့ မြန်မာတွေ လာရောက်အားပေးကြမယ်လို့ ယုံကြည်တယ်။ မြန်မာပြည်မှာရှိတဲ့ မိသားစုတွေလည်း လာရောက်အားပေးကြမှာဆိုတော့ ကျွန်တော့်အနေနဲ့ ဘာမှစိုးရိမ်မှုတော့ မရှိပါဘူး။ အကောင်းဆုံးပြင်ဆင်ပြီး အကောင်းဆုံးကစားပေးမှာဆိုတော့ ရလဒ်ကောင်းတွေ ထွက်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်။

**နောက်ပွဲအတွက်ရော ထိုးသတ်သွားဖို့ ရှိလား။**

လောလောဆယ်တော့ မစ်ဒယ်ဝိတ်ပဲပေါ့။ လိုက်ဟဲဗီးဝိတ်ကတော့ ထိုးဖို့ရှိပါတယ်။ အဲဒီပွဲကတော့ အောက်တိုဘာလနောက်ပိုင်းမှာ ဖြစ်ဖို့များတယ်။ မြန်မာနိုင်ငံမှာ ဖြစ်ရင်တော့ ပိုကောင်းတာပေါ့။

**ဝမ်းချန်ပီယံရှစ် ကစားသမားတွေ မွေးထုတ်ပေးဖို့ အစီအစဉ်ရှိပါသလား။**

ရှိပါတယ်။ လောလောဆယ် ကျွန်တော့်အနေနဲ့ ကမ္ဘာ့ချန်ပီယံအနေနဲ့ ခါးပတ်ကို ထိန်းသိမ်းထားရမယ်။ လာမယ့်နှစ်တွေမှာ ကျွန်တော်အများကြီး ကစားရဦးမယ်။ ကစားတဲ့အချိန်မှာလည်း ပညာတွေရှာနေတယ်။ အဲဒီ ပညာတွေကို နောက်လာမယ့် လူငယ်တွေကို ပြန်ပေးဖို့ ကျွန်တော့်မှာ အစီအစဉ်တွေ ရှိပါတယ်။

**MMA လောကကနေ ဘယ်အသက်အရွယ်လောက်မှာ အနားယူဖို့ စဉ်းစားထားသလဲ။**

နောက်ထပ် နှစ်နှစ်လောက်တော့ ကစားဦးမယ်။ အများဆုံး သုံးနှစ်ပေါ့။ အဲဒါပြီးရင် ကျွန်တော့်ပညာတွေကို ကစားချင်တဲ့ လူငယ်တွေကို ပြန်ဝေမျှမယ်။ မြန်မာနိုင်ငံက လူငယ်တွေကို ကျွန်တော့်ပညာတွေ ပြန်လည်ဝေမျှဖို့ အစီအစဉ်ရှိပါတယ်။ မြန်မာနိုင်ငံမှာ လာပြီးသင်ပေးမှာပါ။ အခြေအနေပေါ်မူတည်ပြီး ရန်ကုန်မှာလုပ်ဖို့ စဉ်းစားထားပါတယ်။ ကချင်တို့၊ မန္တလေးတို့မှာလည်း လုပ်ဖို့ အစီအစဉ်ရှိပါတယ်။

**သတင်းနှင့်ဓာတ်ပုံ**
**အေးမင်းသူ၊ ဇာနည်မောင်**



ကြေးမုံ





## ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှီ သိမ်းဆည်းလယ်ယာမြေများအတွက် နစ်နာကြေးပေးအပ်

**လွိုင်ကော် မတ် ၁၀**

ကယားပြည်နယ် ရှားတောမြို့နယ် စုစည်းကျေးရွာ တိုးချဲ့ပြင်ဆင်ခြင်းကြောင့် လယ်မြေများ သိမ်းဆည်းခံရသည့် တောင်သူ ခြောက်ဦးထံသို့ နစ်နာကြေးပေးခြင်းနှင့် လူထုတွေ့ဆုံပွဲကို မတ် ၉ ရက် နံနက် ၉ နာရီခွဲတွင် ရှားတောမြို့နယ် စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ကယားပြည်နယ် လယ်ယာမြေနှင့် အခြားမြေ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ ခေတ္တအုပ်ချုပ်ရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူ များ၊ ခရိုင်/ မြို့နယ်ဌာနဆိုင်ရာများ၊ နစ်နာကြေးလက်ခံမည့်ပြည်သူများ၊ ဒေသခံပြည်သူများ စုံလင်စွာ တက်ရောက်ခဲ့သည်။

ကယားပြည်နယ်လယ်ယာမြေနှင့် အခြားမြေ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှီက ရှားတောမြို့နယ် စုစည်းကျေးရွာတည်ထောင်စဉ်က ပါဝင်သွားသည့် လယ်မြေတွေအတွက် တစ်ဧကလျှင် ကျပ် ၁၅ သိန်းနှုန်းဖြင့် ပေးအပ်သွားမည်ဖြစ်ကြောင်း၊ သိမ်းဆည်းမြေများအပြင် ပြည်သူများ၏ ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ လုံခြုံရေးအတွက် မြေငှားဂရန် ရရှိရေးနှင့် ပုံစံ(၇) ရရှိရေးအတွက် သုံးကြိမ် ပေးအပ်ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ကယားပြည်နယ် ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ကုန်သွယ် ရေးစခန်းကို ဘီပီ ၁၃ တွင် ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ အစိုးရသစ် (၃) နှစ်တာကာလအတွင်း ကုန် သွယ်ရေးစခန်းဖွင့်လှစ်နိုင်ပြီး တရားမဝင်ကုန်စည် စီးဆင်းမှုမှ တရားဝင်ကုန်စည်စီးဆင်းလာပြီဖြစ်ကြောင်း၊ ထို့အပြင် ရင်းနှီးမြှုပ်နှံမှုဇိုရမ် ကိုလည်း ဆောင်ရွက်ခဲ့ရာ ပြည်နယ်သို့ ရင်းနှီးမြှုပ်နှံမှု ၃၀ ရာခိုင်နှုန်းဝင်ရောက်လာပြီဖြစ် ကြောင်း၊ ထို့အပြင် BP ၁၃ မှ ရှားတောမြို့နယ်အထိ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေး၊ မြို့နယ်ခွဲခြားမှုမရှိဘဲ အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရန် အစိုးရ၊ လွှတ်တော်၊ ပြည်သူများပူးပေါင်းဆောင် ရွက်မှုရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရှားတောမြို့နယ် စုစည်းကျေးရွာ တည်ထောင်စဉ်က နစ်နာခဲ့သည့် လယ်ပိုင်ရှင် ခြောက်ဦးအတွက် နစ်နာကြေးငွေ ကျပ် ၂၇၄ ဒသမ ၈ သိန်းကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

## ရေရှည်တည်တံ့ပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှု ရှင်းလင်းဆွေးနွေးပွဲ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင် တက်ရောက်

**ပုသိမ် မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် မြန်မာနိုင်ငံ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးမှု (MSDP) နှင့် စီမံကိန်းဘဏ်(Project Bank) ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို မတ် ၉ ရက် နံနက်ပိုင်းက မြို့တော်ခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင် က အမှာစကားပြောကြားပြီး မြန်မာ့ဖွံ့ဖြိုးအဖွဲ့အစည်း( MDI)မှ ဒေါ်သီဒါနွဲ့က (MSDP) နှင့် (Project Bank)အကြောင်းကိုလည်းကောင်း၊ Project Evaluation Specialist ဒေါက်တာစိုးခိုင်က စီမံကိန်း အဆိုပြုလွှာပုံစံများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်းသိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**



## နေပြည်တော်တွင် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် မတ် ၁၀**

နေပြည်တော်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၁၉)ကို မတ် ၈ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

နေပြည်တော်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်း ခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က အဖွင့်အမှာစကား ပြောကြားပြီး နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ထို့နောက် နေပြည်တော်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအတွင်းရေးမှူး ဦးကျော်ဝင်းက သိမ်းဆည်းလယ်ယာမြေများနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ရမည့် အခြေအနေများကိုရှင်းလင်းဆွေးနွေး တင်ပြပြီး တက်ရောက်လာသောကော်မတီအဖွဲ့ဝင်များမှ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

## တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေသည့် ရပ်ဝေးကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ထောက်ပံ့ပစ္စည်းများပေးအပ်

**ဘားအံ မတ် ၁၀**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် မတ် ၉ ရက် နံနက်ပိုင်းက ဘားအံမြို့ပေါ်စာစစ်ဌာနများတွင် တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုကြသည့် ရပ်ဝေးကျောင်းများမှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများနှင့်အတူ လှာကာဓမ္မာရုံတွင် တည်းခိုနေထိုင်သည့် အထက(နို့အောလာ) ကျောင်းမှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၆၂ ဦး၊ အမက (မန္တလေးကုန်း)ကျောင်းတွင် တည်းခိုနေထိုင်သော အထက(တကောင်ဘိုး)ကျောင်းမှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၆၈ ဦး၊ အမက (ဇရပ်ဖြူ)ကျောင်းတွင် တည်းခိုနေထိုင်သော အထက(ဝတ်ကြီး)ကျောင်းမှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၆၉ ဦး၊ ကရင်ပရိယတ္တိဘုန်းတော်ကြီးကျောင်းတွင် တည်းခိုနေထိုင်သည့် အထက (နောင်ကမြိုင်)ကျောင်းမှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၅၆ ဦး၊ အလက(၆)တွင် တည်းခိုနေထိုင်သော အထက (မင်းဇီ)ကျောင်းမှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၅၄ ဦး၊ မူလွန်(၄)တွင် တည်းခိုနေထိုင်သော ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၄၆ ဦး၊ အမက(၁၂)တွင် တည်းခိုနေထိုင်သော ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၉၄ ဦးတို့အား သွားရောက်တွေ့ဆုံ အားပေးစကားများ ပြောကြားကာ ကြက်ဥ၊ အချိုရည်၊ ခေါက်ဆွဲခြောက်၊ ရေသန့်၊ တိုင်းရင်းဆေးမျိုးစုံ၊ ဓာတ်ဆားအစရှိသည့် အာဟာရဆိုင်ရာအစားအစာများအား ထောက်ပံ့ပေးအပ်ခဲ့သည်။

ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲကို ကရင်ပြည်နယ်အတွင်း စာစစ်ဌာန ၄၆ ခုဖြင့် ကျင်းပပေးလျက်ရှိပြီး လုံခြုံရေး၊ ကျန်းမာရေး၊ ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်မီးရရှိရေးနှင့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ စာမေးပွဲဖြေဆိုနိုင်ရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများ ပူးပေါင်း၍ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## တာချီလိတ်နယ်စပ်ဝင်ပေါက်မှ မတ်လ ပထမပတ်အတွင်း နိုင်ငံခြားသား ခရီးသွား ၂၂၀၀၀ ကျော် လည်ပတ်



**တာချီလိတ် မတ် ၁၀**

တာချီလိတ်နယ်စပ် ဝင်ပေါက်မှ တစ်ဆင့် ထိုင်းနိုင်ငံသား အများစု ပါဝင်သည့် နိုင်ငံခြားသားကမ္ဘာလှည့် ခရီး သွားဧည့်သည်များ ဝင်ရောက် လည်ပတ်လျက်ရှိရာ မတ် ၁ ရက်မှ ၇ ရက်အထိ နေ့ချင်းပြန်နှင့် ညအိပ် ခရီးစဉ်အဖြစ် စုစုပေါင်း ၂၂၀၄၇ ဦး ဝင်ရောက် လည်ပတ်ခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီး ဌာန တာချီလိတ်ရုံးခွဲမှ သိရသည်။

နိုင်ငံခြားသား ခရီးသွားဧည့်သည် များသည် မြန်မာနိုင်ငံအတွင်း ဘုရားဖူးခြင်း၊ ရေမြေတောတောင် သဘာဝ အလှရှုခင်းများနှင့် အထင်ကရနေရာများ၊ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ဗဟုသုတအဖြစ် ကြည့်ရှုလေ့လာရန် ဝင်ရောက်လျက်ရှိရာ တာချီလိတ် နေ့ချင်းပြန်အဖြစ် ထိုင်းနိုင်ငံသား ၁၉၅၆၇ ဦးနှင့် တတိယနိုင်ငံသား (နိုင်ငံခြားသား) ၂၀၃ ဦး၊ ညအိပ် ခရီးစဉ်အဖြစ် မိုင်းဖြတ်မြို့နှင့် ကျိုင်းတုံမြို့သို့ ထိုင်းနိုင်ငံသား အများစု ပါဝင်သည့် တတိယနိုင်ငံသားကမ္ဘာလှည့်ခရီးသည် ၂၁၂ဦး၊ ပြည်တွင်း ခရီးစဉ်သို့ ဗီဇာဖြင့် (ဗီဇာ ကင်းလွတ်ခွင့်ရ)နိုင်ငံသားအပါအဝင် နိုင်ငံခြားသား ကမ္ဘာလှည့် ခရီးသည် ၂၀၆၅ ဦးတို့ ဝင်ရောက် လည်ပတ်ခဲ့သည်။

တာချီလိတ်နယ်စပ်ဝင်ပေါက်မှ ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၁၉ ခုနှစ် မတ်လ ၇ ရက်အထိ ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသား နေ့ချင်းပြန် ခရီးသည် စုစုပေါင်း ၉၆၆၃၆၈ ဦး၊ မိုင်းဖြတ်နှင့် ကျိုင်းတုံခရီးစဉ်အဖြစ် ခရီးသည် ၁၂၅၈၀၊ တာချီလိတ်မြို့မှ ဗီဇာဖြင့် ပြည်တွင်းပိုင်းခရီးစဉ်သို့ ၃၂၀၁၄ဦး စုစုပေါင်း ၁၀၁၀၉၆၂ဦး ဝင်ရောက် လည်ပတ်ခဲ့ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

## ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ရုံးခန်း ထားဝယ်မြို့၌ ဖွင့်လှစ်

**ထားဝယ် မတ် ၁၀**

တနင်္သာရီတိုင်းဒေသကြီး ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ရုံးခန်းကို မတ် ၉ ရက် နံနက် ၉ နာရီက ထားဝယ်မြို့ ဆန်ချိုရပ် ပြည်သူ့ဝန်ဆောင်မှုရုံး ဒုတိယထပ်တွင် ရုံးခန်းဖွင့်လှစ်သည်။

တိုင်းဒေသကြီးလူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဦးဟိုပင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်က ကျေးဇူးတင်စကားပြောကြားကာ တာဝန်ရှိသူများက ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြသည်။

ဥပဒေဆိုင်ရာ၊ အထောက်အကူပေးရာတွင် တန်းတူညီမျှအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေးနှင့်တရားမျှတမှုအခွင့်အရေးတို့ကို ဤဥပဒေနှင့်အညီ ခံစားခွင့်ရရှိစေရန်၊ ပြစ်မှုများတွင် ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်တို့တွင် ဥပဒေဆိုင်ရာ အထောက်အကူရရှိစေရန်၊ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများကို အများပြည်သူ သိရှိနားလည်ကျင့်သုံးလာစေရေးအတွက် ပညာပေးဆွေးနွေးမှုများဆောင်ရွက်နိုင်ရန်၊ ပြစ်မှုဆိုင်ရာ ဥပဒေပြဿနာများကို ဖြေရှင်းရာတွင် ပွင့်လင်းမြင်သာပြီး တရားမျှတမှု ပိုမိုရရှိစေခြင်းဖြင့် တရားဥပဒေ စိုးမိုးမှုမြင့်မားလာစေရန်၊ ပြစ်မှုဆိုင်ရာ စုံစမ်းထောက်လှမ်းမှုနှင့် စုံစမ်းစစ်ဆေးမှုပြုလုပ်စဉ်ကာလအတွင်း ရဲအချုပ်နှင့် အကျဉ်းထောင်များ၌ မလိုလားအပ်သော ဖမ်းဆီးချုပ်နှောင်သည့်ကာလ လျော့ကျစေရန်နှင့်ဥပဒေနှင့်မညီသော ဖမ်းဆီးချုပ်နှောင်မှုများ ပပျောက်စေရန် အမှုများကို မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်နိုင်ရေးအတွက် အထောက်အကူပြုရန်၊ မှုခင်းကြိုတင်ကာကွယ်ရေးကို အထောက်အကူပြုစေရန်၊ ကုလသမဂ္ဂ အထွေထွေညီလာခံက ထုတ်ပြန်ထားသည့် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးနှင့် စပ်လျဉ်းသည့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အခြေခံသဘောတရားများ၊ လမ်းညွှန်မှုများနှင့်အညီ ဆောင်ရွက်နိုင်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ရုံးခန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## အစိုးရနည်းပညာကောလိပ်(မြင်းခြံ)တွင် ကျောင်းသင်္ကြန်ပွဲ ကျင်းပ

**မြင်းခြံ မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ အစိုးရနည်းပညာကောလိပ်(မြင်းခြံ)၏ ပင်မဆောင်ရှေ့တွင် ကျောင်းသား ကျောင်းသူများ၏ ဒုတိယအကြိမ် ကျောင်းသင်္ကြန်ကို မတ် ၁၀ ရက် နံနက် ၉ နာရီက ပြုလုပ်သည်။

ကျောင်းအုပ်ကြီး ဒေါက်တာလေးမာန်ဝင့်က ကျောင်းသား ကျောင်းသူများအနေဖြင့် အေးချမ်းပျော်ရွှင်စွာရေကစားကြစေလိုကြောင်း၊ ကျောင်းသား ကျောင်းသူများညီရင်းအစ်ကို၊ မောင်ရင်းနှမ စိတ်ဓာတ်ဖြင့် သည်းခံခွင့်လွှတ်စေလိုကြောင်း စသည်ဖြင့်ပြောကြားသည်။

အဆိုပါ အစိုးရနည်းပညာကောလိပ် (မြင်းခြံ) ၏ ဒုတိယအကြိမ် ကျောင်းသင်္ကြန်တွင် မုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်းများကိုစတုဒိသာကျွေးခြင်း၊ ဖျော်ဖြေရေးအဖွဲ့အဖြစ် ယိမ်းအကများ ၁၀ ဖွဲ့ဖြင့်



ကပြဖျော်ဖြေခြင်း၊ DJ များဖြင့် ဖျော်ဖြေခဲ့ပြီး ကျောင်းသား ကျောင်းသူများ အေးချမ်း ပျော်ရွှင်စွာ ရေကစားလျက်ရှိကြောင်း သိရသည်။

**ဇော်မင်းနိုင်**

## ဟိုတယ်အိပ်ရာခင်း ပြင်ဆင်ခြင်းနှင့် အလှဆင်ပြိုင်ပွဲ မန္တလေးမြို့တွင် ကျင်းပ

**မန္တလေး မတ် ၁၀**

မန္တလေးမြို့တွင် ပထမဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်းမှ ကြီးမှူးကျင်းပသည့် ဟိုတယ်အိပ်ရာခင်းပြင်ဆင်ခြင်းနှင့် အလှဆင်ပြိုင်ပွဲကို မန္တလေးမြို့တော်ခန်းမ(၁)၌ မတ် ၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို မန္တလေးမြို့တော်အတွင်း ဖွင့်လှစ်ထားသည့် ဟိုတယ်များမှ အိပ်ခန်းထိန်းသိမ်းရေး(House Keeping) ဝန်ထမ်းများမှ တစ်သင်းလျှင် နှစ်ဦးနှုန်းဖြင့် အသင်း ၂၄ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ယှဉ်ပြိုင်မှုအနေဖြင့် တစ်သင်းလျှင် အိပ်ရာခင်းပြင်ဆင်ခြင်းအတွက် အချိန် ငါးမိနစ်နှင့် အလှဆင်ခြင်းအတွက် အချိန် ၁၅ မိနစ် သတ်မှတ်ပေးခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် နောက်ဆုံးယှဉ်ပြိုင်သည့် အသင်း ခြောက်သင်းအနက် ချန်ပီယံဆုကို Hotel Sakura Princess က ရရှိပြီး 1st Winner ဆုကို Hotel Magic၊ 2st Winner ဆုကို အောင်မြင့်မိုရ်၊ 3rd Winner ဆုကို Mandalay City Hotel၊ 4th Winner ဆုကို Hilton Hotel၊ 5th Winner ဆုကို Oway Grand Hotel များမှ အသီးသီးရရှိခဲ့ကြောင်း သိရသည်။

**အောင်ဖြိုးကျော်**



## စစ်ကိုင်းခရိုင်အတွင်းရှိ ကျေးရွာများအား ရေစုပ်စက်နှင့် ပန့်များပေးအပ်

**စစ်ကိုင်း မတ် ၁၀**

ရေကြီးနစ်မြုပ်မှုဒဏ်၊ သဘာဝဘေးအန္တရာယ် ခံစားခဲ့ရသည့် စစ်ကိုင်းခရိုင်အတွင်းရှိ ကျေးရွာများ ပြန်လည်ထူထောင်ရေးအတွက် ရေစုပ်စက်နှင့်ပန့် ၁၀ စုံတို့အား လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို မတ် ၉ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

စစ်ကိုင်းခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းလှိုင်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးစံပေါ်က အမှာစကားပြောကြားခဲ့ကြသည်။

စစ်ကိုင်းမြို့နယ်မှ သုံးလင့်၊ ကိုင်းပြင်၊ လက်ပံတော၊ မြင်းဆည်ကျေးရွာများအတွက် ရေစုပ်စက်နှင့်ပန့် လေးစုံ၊ မြင်းမူမြို့နယ်မှ ဂုံညှင်းဆိပ်၊ ပုံညာ၊ သပြေသာ ကျေးရွာများအတွက် ရေစုပ်စက်နှင့် ပန့်သုံးစုံ၊ မြောင်မြို့နယ်မှ ရွှေပေါက်ပင်၊ သောင်ကြီး၊ မယ်မသော်ကျေးရွာများအတွက် ရေစုပ်စက်နှင့် ပန့်သုံးစုံ စုစုပေါင်း ၁၀ စုံတို့အား တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်စုမြတ်ထက်နှင့် တာဝန်ရှိသူအသီးသီးက ကျေးရွာတာဝန်ခံကိုယ်စားလှယ်များအား လွှဲပြောင်းပေးအပ်ခဲ့သည်။

မွန်းလွဲပိုင်းတွင် စစ်ကိုင်းခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ စစ်ကိုင်းမြို့နယ်အတွင်းရှိ ကျေးရွာရှစ်ရွာမှ မြေအောက်ရေ အဝီစိတွင်း ၁၅ တွင်းနှင့် မြင်းမူမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာမှ မြေအောက်ရေ အဝီစိတွင်း လေးတွင်း စုစုပေါင်း ၁၉ တွင်းအတွက်တပ်ဆင်ရန် (12HP)အင်ဂျင်နှင့် ပန့် ၁၉ စုံတို့ကို ကျေးရွာတာဝန်ခံများအား ထောက်ပံ့လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်း(စစ်ကိုင်း)**

## သမဝါယမကောလိပ်(ဖောင်ကြီး)တွင် ကျောင်းတွင်းသင်္ကြန်ပွဲတော် ကျင်းပ

**လှည်းကူး မတ် ၁၀**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် မင်းကုန်းကျေးရွာရှိ သမဝါယမ ကောလိပ် (ဖောင်ကြီး)တွင် ကျောင်းတွင်းသင်္ကြန်ပွဲတော် အခမ်းအနားကို မတ် ၈ ရက် နံနက် ၉ နာရီက ကျင်းပသည်။

သမဝါယမကောလိပ်(ဖောင်ကြီး)မှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာတင်လဲ့လဲ့ဝင်း၊ ဒုတိယကျောင်းအုပ်ကြီး ဦးရဲမြင့်သန်း၊ မော်ကွန်းထိန်းဒေါ်ခင် မီမီကို အပါအဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကျောင်းတွင်းသင်္ကြန်ပွဲတော်တွင် ပျော်ရွှင်စွာ စုပေါင်းရေကစားခြင်း၊ သင်္ကြန်သီချင်းများဖြင့် ကခုန်ခြင်း၊ မုန့်လုံးရေပေါ် စတုဒိသာများ ကျွေးမွေးခဲ့ကြသည်။

**နိုင်လင်း(လှည်းကူး)**

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့ လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

# ဘယ်သူရွှေ့တာလဲ မန္တလေး

**ဆူးငှက်**



ကျွန်တော်သည် ၁၉၉၉ ခုနှစ်ကတည်းက ယခုနေထိုင်သော အောင်ပင်လယ် လမိုင်းလယ် အဝန်းအဝိုင်းရှိ လယ်တောအိမ်ကလေးသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ထိုစဉ်က ကျွန်တော့်အိမ်ကလေး၏ မြောက်ဘက်ခြမ်းမှာသာ လူနေအိမ်ခြေတွေရှိသည်။ တောင်ဘက်ခြမ်းမှာကကွင်းပြင် တစ်လျှောက်လုံး ဟို ... အောင်ပင်လယ်ကန်ပေါင်ရိုးအထိ ပိတ်စွယ်ရိုင်းတောကြီးဖြစ်သည်။ ယခု ၂၆ ဘီ လမ်းမကြီးကမြေသားလမ်းပေါ် ကျောက်ကြမ်းတွေ ခင်းပြီးကာစ . . .၊ မချောမွေ့သေး။ ညတိုင်းရောက်လျှင် ခြောက်ဖို့ဘက်ထရီ မီးလုံးလေး၏ အလင်းရောင်မှိန်မှိန် အောက်၌ ရေဒီယိုလေးတစ်လုံးနှင့် ထိုင်နေရင်းပိတ် စွယ်တောကြီးပေါ် တိုင်ဦးတမ်းကစားနေကြသော ပိုးစုန်းကြူးအုပ်ကြီး၏ ပဒေသာကပွဲကိုပဲ ကြည့်ရှုနေရသည်။

ဝါတွင်းကာလများတွင် ဆိုလျှင်တော့ တောင်ဘက်ကျွန်းမာရေးရပ်ကွက် ဓမ္မာရုံဆီကဖွင့်နေသည့် အသံချဲ့စက်မှ ဗုဒ္ဓဝင်ဖွားတော်မူခန်းဓာတ်ပြားမှအသံများနှင့် နှလုံးစိတ်ဝမ်းအေးချမ်းရပြန်၏။ မနက်လင်းလျှင်ဖြင့် ကိုယ့်အိမ်အရှေ့ဘက်မှာလည်း ပိတ်စွယ်တောကြီးမို့ အရှေ့ရိုးမပေါ်က ခေါင်းပြူလာသော ထွန်းသစ်စနေရောင်ခြည်ကိုအစောဆုံး ထိတွေ့ရပြန်သည်။ နံနက်ခင်း၏ နေရောင်ခြည်အောက်တွင် ရန်ကင်းတောင်ပေါ်မှ စေတီပုထိုးတို့၏ မှန်စီရွှေချအရောင်လက်လက်များလည်း ကွန့်မြူးနေ၏။ ရန်ကင်းတောင်နှင့် အရှေ့ရိုးမကြားက ထုံးသင်္ကန်းဖြူဖြူတွေက ရေတံခွန်တောင်ဖြစ်မှာပေါ့။

### ကျေးငှက်ပေါင်းစုံတို့ညီလာခံ

လယ်တောအိမ်လေးပတ်ဝန်းကျင်မှာ သရက်ခြံ၊ သပြေခြံကြီးတွေလည်းရှိသည်။ ပေ ၅၀ ပတ်လည်လောက်ရှိမည့် ရေကန်ကြီးတွေလည်းရှိသည်။ တောစပ်လက်ကျန်မှာ မနက်ကတည်းက ကျေးငှက်ပေါင်းစုံတို့ ညီလာခံကြ၏။ ချိုးကူသံနွဲ့နွဲ့က ညီလာခံကို စည်ရွှမ်းပေးနေသည်နှင့်တူသည်။ မျက်နှာချင်းဆိုင် ခြံတွင်းရှိ သရက်ပင်အုပ်ဆီက ငှက်ဆိုင်းသမားတို့၏ တီးဝိုင်းကလည်း နေထန်းတစ်ဖျားမှာပင် စတင်ချေပြီ။ တစ်ကောင်က တကယ်ကယ်ဟု နှုတ်၏။ နောက်တစ်ကောင်က တိုးတီနောင် ..၊ တိုးတီနောင် ဟု ကြေးမောင်းတီးသည်။ နောက်ဆုံးတစ်ကောင်က လင်ကွင်းသမားပေထင့်။ ဂျန်းဟိုးတဲ့။ မနက်စောစော ဆွမ်းခံချိန်လောက်ကတော့ ညကအိပ်တန်းတက်ခဲ့သော ရေဘဲအုပ်တွေအသံပေးရင်း အစာရှာထွက်သွားကြပြီ။ အိမ်ရှေ့တောလမ်းလေးဘေးက မြက်ရိုင်းပင်တွေမှာ နှင်းငွေ့အစိုပြန်နေ၏။ တောစပ်ပယ်ပန်းလေးတွေကမွှေးပျံ့သည်။ ဟို..တောင်ဘက်မှသည် ခြံလေးတွေရှေ့က ဝေ့ဝိုက်လာသော လမ်းကလေးက အနောက်ဘက် မြို့ပတ်မီးရထားလမ်းနှင့် ရေနီမြောင်းဆီဦးတည်သည်။

### မြို့လယ်ကောင်က ‘အတိတ်’

အစက . . . ထိုလယ်တောအိမ်လေးမှာနေထိုင်ရင်း မြို့လယ်ကောင်က ‘အတိတ်’ ကို လွမ်းဆွတ်နေမိသေး၏။ အထီးကျန်သလိုလည်းခံစားမိသေး၏။ နောက်တော့ နေသားကျသွားသည်။ မနက်စောစောလမ်းလျှောက်ထွက်ရင်း နားခိုအပန်းဖြေစရာနေရာလေးတစ်ခုကို တွေ့ရှိသွားခဲ့သည်။ ထိုနေရာလေးကား အောင်ပင်လယ်ကန်ပေါင်ရိုးမေးတင်သော ကန်စပ်က စိမ်းမြအေးရိပ်ငြိမ်သက်နေရာဖြစ်သည်။ ထိုနေရာမှာ ပိတောက်တွေဝေနေအောင်လည်း ပွင့်တတ်သလို ဝါစက်သောပိတောက်ပွင့်ဖတ်တွေလည်း ဖွေ့ဖွေ့ကြွေနေတတ်သည်။ ပိတောက်တွေဝေနေသောရက်တွေဆိုလျှင် ပိတောက်ပင်အောက် သစ်သားစားပွဲအိုလေးပေါ်က လက်ဖက်ရည်ခွက်ထဲ ပိတောက်ပွင့်ဖတ်တွေကခုန်ဆင်းလာတတ်၏။ ထို့အတူ ပိတောက်လှေတွေမျောသည့် စမ်းချောင်းရေစပ်လည်းရှိ၏။ မဟော်ဂနီရွက်ဖားဖားတွေလည်းရှိ၏။ စက္ကူပန်းရောင်စုံတွေလည်းရှိ၏။ အယုဒ္ဓယ မြန်မြန်နမ်းလှည့်ပန်းနီနီ၊ ဖြူဖြူတွေလည်းရှိ၏။ ဗုဒ္ဓံသရဏံပွင့်ဝါ၊ ပွင့်နီတွေလည်းရှိ၏။ နန်းဦးလွင်ရွာက ထိုမိသားစုပန်းခြံလက်ဖက်ရည်ဆိုင်လေးမှာထိုင်ရင်း ‘မန္တလေး ’ ကိုပိုမိုသိရှိခံစားခဲ့ရသည်။

### သစ်သားစားပွဲလေးပေါ်မှာ ‘မန္တလေး’

ထိုပိတောက်ပင်ရိပ်အောက်ကသစ်သားစားပွဲလေးပေါ်မှာ ‘မန္တလေး’ ရှိနေတာသေချာပြီ။ အဘယ်ကြောင့်ဆိုသော် ထိုစားပွဲလေးမှာအစွဲအလမ်းကြီးလွန်းလှစွာသော ‘ငါတို့ မန္တလေးမှ မန္တလေးသား’တွေမနက်တိုင်းလိုလိုစုဖြစ်ကြလို့ ဖြစ်သည်။ သီချင်းရေးဆရာပါသည်။ ပြဇာတ် ရုပ်ရှင်ဒါရိုက်တာပါသည်။ ဆိုင်းဆရာရွာစားပါသည်။ စာရေးဆရာပါသည်။ ကာတွန်းဆရာပါသည်။ ဂီတမှူးပါသည်။ သရုပ်ဆောင်ပါသည်။ အဆိုတော်ပါသည်။ ရုပ်ရှင်ထုတ်လုပ်သူ ပါသည်။ ပန်းပုဆရာပါသည်။ ဆက်တင်ဆရာပါသည်။ ပန်းချီဆရာပါသည်။ ပြဇာတ်မင်းသားပါသည်။ ကဗျာဆရာပါသည်။ ရိုက်ကူးရေးမန်နေဂျာပါသည်။ ဇာတ်မန်နေဂျာပါသည်။ လေမှုတ်တူရိယာပညာရှင်ပါသည်။ မြန်မာစာကထိကပါသည်။

ထို ‘မန္တလေး’ စကားဝိုင်းက မနက်ခုနစ်နာရီလောက်မှ တစ်ခါခါ ၁၀ နာရီအထိ စကားတွေ ဖောင်ဖွဲ့၊ စကားတွေမပြတ်၊ စကားရေယဉ်ကြောထဲမျောပါသွားတတ်ကြသေးသည်။ ဈေးချိုတော်မှာ၊ ရတနာပုံဈေးမှာ၊ လမ်း ၈၀ မှာ၊ ၇၈လမ်းမှာ၊ မြို့သစ်မနော်ဟရီလမ်းမှာ၊ ၆၂လမ်း မနော်ရမ္မံမှာ၊ သိပ္ပံလမ်း အောင်ပင်လယ်မှာ မန္တလေးကို ဘယ်သူတွေ ဘယ်လိုပဲ ရွှေ့ရွှေ့ထိုစားပွဲလေးမှာတော့ မန်းရာပြည့်ဝန်းကျင် မန္တလေးကို စုံရေ မက်ရေမရွှေ့စတမ်း ကုပ်ကပ်အားတင်း ဖက်တွယ် လွမ်းဆွတ်နေကြခြင်း ဖြစ်သည်။

### ကွန်ဆာဗေးတစ်ကြီးများပါတီ

ဒင်္ဂါဇာတ်ရုံမှသည် မြသီတာဇာတ်ရုံအထိ၊ လေဘာတီမမြရင်မှသည် ပန်တျာငွေးငွေးမြင့်အထိ၊ ငြိမ်းချမ်းရေးသင်္ကြန်မှသည် စေတနာအလှပြယာဉ်အထိ၊ ပြင်စည်မင်းသားကြီးမှသည် အဥ္စလီမောင်မောင်အထိ၊ အီနောင်ကိုစံတုတ်မှသည် ငါးမည်ရတင်သိန်းအထိ၊ ဆရာခြုံမှသည် စစ်ငြိမ်းအေးအထိ၊ ဘဝသံသရာမှသည် သင်္ကြန်မိုးအထိ၊ ရတနာပုံနေပြည်တော်သတင်းစာမှသည် ဟံသာဝတီအထိ၊ ဘိုးဝဇီရမှသည် ဦးဝင်းတင်အထိ၊ နန်းတွင်းဟစ်တိုင်မှသည် ရာပြည့်ကွင်းအထိ၊ အတွင်းတော်တီးစိန်ဆိုင်းဆရာဖေမှသည် မန်းဟေမာဗြောအထိမရွှေ့ခဲ့သော မန္တလေးကို ရေပက်မဝင် တဖွဖွ တသနေကြသည်။

> **မန္တလေးကို ဘယ်သူတွေ ဘယ်လိုပဲ ရွှေ့ရွှေ့ ထိုစားပွဲလေးမှာတော့ မန်းရာပြည့်ဝန်းကျင် မန္တလေးကို စုံရေမက်ရေမရွှေ့စတမ်း ကုပ်ကပ်အားတင်း ဖက်တွယ် လွမ်းဆွတ်နေကြခြင်းဖြစ် . . .**



မန္တလေးမရွှေ့ရေးဒို့အရေးဟု မကြွေးကြော်ကြရုံတမယ်၊ သည်းသည်းလှုပ် မရွှေ့စေချင်သူ ကွန်ဆာဗေးတစ်ကြီးများပါတီ ဖြစ်သည်။ ထို့ကြောင့်လည်း မန္တလေးကို မရွှေ့စေချင်သူတွေ ထပ်မံပူးပေါင်းရောက်ရှိလာကြပြန်၏။

### မန္တလေးမရွှေ့ရေးအာဘော်များအောက်

တစ်ခါတစ်ခါ မန္တလေးရောက်နေသည့် ကဗျာဆရာဇာတ်မင်းသားလေးလည်း သူ့မိခင်အိမ်ဆီကခြေကျင်ကူးလာချေသည်။ တစ်နှစ်မှာတစ်ကြိမ်နှစ်ကြိမ်ဆိုသလို မန္တလေးသားဖြစ်သော မန္တလေးနှင့်နွှယ်သော၊ မန္တလေးကို နားလည်သောနာမည်ကျော် ရုပ်ရှင်ဒါရိုက်တာ တစ်ဦးစနှစ်ဦးစလည်းရောက်လာတတ်သည်။ သူတို့က ရန်ကုန်မှာအနေကြာ (သို့မဟုတ်) ရန်ကုန်သား ဖြစ်နေပြန်တော့ ဒမ်ဘလယ်ဒီဖူးရန်ကုန်မှာ ဒီလိုဖြစ်ကုန်ပြီ၊ ကမ္ဘာမှာ ဒီလိုဖြစ်ကုန်ပြီဟု တံတွေးတဖွားဖွားနှင့် အာပေါင်အာရင်းသန်သန် မန္တလေးကိုလည်း ခေတ်နှင့် လိုက်လျောညီထွေစွာဟု ဆိုကာရွှေ့ဖို့ ဩဝါဒလာခွေတတ်၏။

ဒီမှာကအရိုးစွဲ၊ ခေါက်ရိုးကျိုး၊ ခေါင်းမာ၊ ပေကပ်ကာ မန္တလေးမရွှေ့ရေးအချက်နှင့် အလက်နှင့်၊ စာကိုးကျမ်းကိုးနှင့်၊ ဓမ္မသတ် ရာဇသတ်နှင့် ချက်ကျ လက်ကျ ပြန်လည်ချေပတုံ့ပြန်ပြောဆိုလိုက်ကြတော့ အနီအင်တာနေရှင်နယ်ဝါဒီများလည်း ကန်ကောက်ရွာဟောင်း နွားခြံက နွားနို့ကိုဖွဲမီးဖိုတွင် ချက်သော နို့ဆီနှင့် မန္တလေးကျုံးတွင်းသွင်းသည့် ရေနီမြောင်းရေနှင့် ဖျော်သောဖန်ဆိမ့်လက်ဖက်ရည်ကို မတ်ပဲဗယာကြော်၊ ပဲကောက်ညှင်းကြော်၊ ကြက်သွန်ကြော်များကို မန်ကျည်းအနှစ်အချဉ်ရည်နှင့်တို့ကာ မြိန်ရေရှက်ရေစားသောက်ပြီးသကာလ အိမ်ရှင်များ၏ မန္တလေးမရွှေ့ရေးအာဘော်များအောက် နစ်မွန်းပြီးလက်လျှော့ပေးသွားကြသည်။ မန္တလေးကိုမရွှေ့စေချင်သူတွေကတော့ လက်ဖက်ရည်ကြမ်းအိုးများစွာနှင့်ပဲခုခံနေကြဆဲ . . .၊ ရွှေ့သည့် မန္တလေးက (ထုံးစံအတိုင်း) ရွှေ့နေသည်။ မတတ်နိုင် . . . ရွှေ့ခြင်းကသူ့ကိစ္စပဲ . . . ။ ကျွန်တော်တို့ စားပွဲဝိုင်းလေးကတော့ မရွှေ့ရေး ကြံ့ကြံ့ခံဆဲ . . . ။

### ဘယ်ဆီသို့ ဘယ်ညာသို့ လွမ်းပါရမယ်ဆွေးပါရမယ်

ဘာကြာသေးလို့လဲ...။ မန္တလေးမရွှေ့ရေးခေါင်းမာခဲ့ကြပြီး နိုင်ရာနိုင်ရာအနုပညာဆွေသဟာများနှင့် ခေါင်းမာခဲ့ကြတာ ဘာကြာသေးလို့လဲ ... ။ သည်ကြားထဲအခုပဲ မန္တလေးအနှစ်၁၆၀ပြည့်လှုပြီ။ မန္တလေး အနှစ် (၁၆၀) ပြည့်ပြီးနောက်နှစ်မှာ ရွှေးကောက်ပွဲလာတော့မည်။ ဆွေမျိုးပေါက်ဖော်တို့၏ ကမ္ဘာကျော် ခါးပတ်တစ်ကွင်းလမ်းတစ်စင်းက ရွှေလီမှတစ်ဆင့် မူဆယ်ကိုဖြတ်ပြီး ကျည်ဆန်ရထားနှင့် မန္တလေးရောက်လာတော့မည်။ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်အဖြစ် အသိအမှတ်ပြုခံရဖို့ ကြိုးစားဆဲ ရှေးဟောင်းပုဂံကမဟာတံတိုင်း၊ ရှီအန်းနန်းတော်၊ လီရှန်ဗုဒ္ဓရုပ်ပွားတော်တို့နှင့်အတူ ခရီးစဉ်တစ်ကြောင်း တည်းဆွဲကြတော့မည်။ သေချာတာတစ်ခုကတော့ ကုန်လွန်ခဲ့သည့် ၁၀ နှစ်လောက်က နန်းဦးလွင်ရွာမိသားစု လက်ဖက်ရည်ဆိုင်က စားပွဲလေးမှာ မနက်တိုင်းသဲကြီးမဲကြီးဆုံကြပြီး မန္တလေးမရွှေ့ရေးခေါင်းမာခဲ့ကြသော ‘ငါတို့ မန္တလေးမှ မန္တလေးသား’ ဆိုသူတွေ အကွဲကွဲအပြားပြားနှင့် ဘယ်ဆီသို့ ဘယ်ညာသို့ လွမ်းပါရမယ်ဆွေးပါရမယ် ကြာပင်အိုင်ကြီးအလယ်ရောက်ရှိ ပြိုကွဲသွားသောအခြေအနေပင်ဖြစ်ပါ၏။


မန္တလေးလည်း ထိန်းမနိုင်သိမ်းမနိုင်ရွှေ့ မန္တလေးသားတွေလည်း ကုန်းကောက်စရာမရှိအောင်ရွှေ့ ...။ နောက်ဆုံးခံတပ်ဟူသည်ကား သပြေတန်းခံတပ်အလား ကျဆုံးခဲ့လေပြီ။ ဘယ်သူက အလံဖြူလွှင့်စေခဲ့တာလဲ...။ ။




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် မော်ကွန်း

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**

## အကယ်ဒမစ် လွတ်လပ်ခွင့်၊ အကယ်ဒမစ် အရည်အသွေးနှင့် ပညာရေး အတွေးအမြင်ဆောင်းပါးများ





ပါမောက္ခ ဒေါက်တာအောင်အောင်မင်း စီစဉ်ရေးသားသည့် အကယ်ဒမစ် လွတ်လပ်ခွင့်၊ အကယ်ဒမစ် အရည်အသွေးနှင့် ပညာရေး အတွေးအမြင် ဆောင်းပါးများစာအုပ်ထွက်ရှိလာသည်။

ပညာရေးတွင် ဖြတ်လမ်းနည်းဖြင့် ပြောင်းလဲ၍မရနိုင်ပေ၊ အောက်ခြေက ပြန်စပြီး အခြေခံအုတ်မြစ်ခိုင်မာအောင် စနစ်တကျပြုပြင်ပြောင်းလဲခဲ့သည့် တိုင်အောင် နိုင်ငံတကာနှင့် ပညာရေးရင်ပေါင်တန်းနိုင်သည်အထိ ဆယ်စုနှစ် နှစ်ခုလောက်ခန့် အချိန်ယူရမည်ဖြစ်သည်။ အထူးသဖြင့်အဆင့်မြင့်ပညာကဏ္ဍ တွင် တက္ကသိုလ်များကို မဟာဌာနများ၊ ကောလိပ်များ၊ အင်စတီကျူများနှင့် ဖွဲ့စည်းပြီး လွတ်လပ်စွာ စီမံခန့်ခွဲ အုပ်ချုပ်နိုင်ခွင့်များရှိသည့် ပညာရပ်များ စုစည်းညီညွတ်စွာဖွဲ့စည်း၍ အကယ်ဒမစ်လွတ်လပ်ခွင့် အပြည့်အဝရှိသည့် ပညာရေးရပ်ဝန်းတစ်ခုဖြစ်မှသာ ပညာရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ကြောင်း ရေးသားထားသည်။

**ဇာအုပ်ကို ဒေါင်းစာပေ၊ အမှတ်-၁၁၃၊ ၃၃-လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း-၀၁ ၃၇၃၂၁၀နှင့် ၀၉ ၅၁၆၂၀၆၄တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့်ဖြန့်ချိသည်။**

## ၇၅ ရုပ်ပုံလွှာ





ကဗျာစာပေလေ့လာလိုသူများအတွက် နေမင်းသန်းစီစဉ်ရေးသားကာ ပါမောက္ခ ဒေါက်တာ ဇော်ထွန်း(ဇော်ထွန်း) အင်္ဂလိပ်ဘာသာပြန်ဆိုသည့် ၇၅ ရုပ်ပုံလွှာ စာအုပ်ထွက်ရှိလာသည်။

ကဗျာတွင် အကြောင်းအရာသည် အဓိကဖြစ်ပြီး အကြောင်းအရာမပီပြင် လျှင် ကဗျာမမည်။ အကြောင်းအရာဆိုသည်က စာရေးသူမှ ကဗျာဖတ်သူထံ ပေးပို့သည့် (Message) ပင်ဖြစ်သည်။ မြန်မာကဗျာ၏အသက်ဝိညာဉ်ဖြစ် သော ကာရန်အသံပါသည့် လေးလုံးစပ်နှင့် အချိုးကဗျာ ရောစပ်ကာ စာလုံး အရေအတွက် မကန့်သတ်ဘဲ ဝမ်းတွင်းကာရန်ပါ ကဗျာသဏ္ဌာန်သစ်ကို တီထွင်လာကြသည်။ ကာရန်၊ အသံစပ်နည်းမှန်၊ မြန်မာကဗျာစံကို မပစ်ပယ် ဘဲ တီထွင်စမ်းသပ်ထားသည့် ခေတ်သစ်ကဗျာရေးနည်းပုံစံကို စာဖတ် ပရိသတ်များလက်ခံလာနိုင်စေရန် ဘက်ပေါင်းစုံမှ ဝိုင်းဝန်းကြိုးပမ်းဆောင် ရွက်ကြရန် တိုက်တွန်းရေးသားထားသည်။

**စာအုပ်ကိုချင်းတွင်းဂုဏ်ရည်စာပေ၊ အမှတ်-၁၂၊ လမ်း-၂၀၊ ချမ်းမြဝတီရပ်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး ဖုန်း-၀၉ ၂၂၂၈၂၄၇မှ တန်ဖိုးငွေကျပ် ၄၀၀၀ဖြင့် ဖြန့်ချိသည်။**

## လက်တွေ့အသုံးချ ဆေးနည်းတို(ဆေးမြီးတို)များ အမေးအဖြေ





မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ဗဟို) တွဲဖက်အတွင်းရေးမှူးဖြစ်သည့် ကြည်လွင်မြင့်(မုဒြာ) စီစဉ်ရေးသားသည့် လက်တွေ့အသုံးချဆေးနည်းတို (ဆေးမြီးတို)များ အမေးအဖြေစာအုပ် ထွက်ရှိလာသည်။

တိုင်းရင်းဆေးဆရာအဖြစ် စာရေးနေသူများထဲမှ ပြည်သူ့အကျိုးပြု ကျန်းမာရေးဆောင်းပါးများရေး၊ ကုသရေးလုပ်၊ ဆေးတွေထုတ်နှင့် ပရိသတ် လက်ခံမှုရရှိထားသူတစ်ဦးဖြစ်သည်။ ကြေးမုံသတင်းစာနှင့် ရတနာပုံသတင်း စာတို့တွင် ဖော်ပြခဲ့သည့် မြန်မာ့ရိုးရာဆေးနည်းတို(ဆေးမြီးတို)ကုထုံးများနှင့် လူနာများ၏ မေးမြန်းမှုနှင့် ပတ်သက်၍ အမေးအဖြေပေါင်း ၁၀၀၀ ကျော် ပါဝင်သည်။ ဖြစ်ပွားသည့်ရောဂါများကို လွယ်ကူစွာရှာဖွေနိုင်ရန် အက္ခရာစဉ် အညွှန်းများနှင့် မြန်မာ့ဆေးဖက်ဝင်အပင်များကိုပါ ထည့်သွင်းဖော်ပြထား သဖြင့် အသက်ရှည်၍ ကျန်းမာလိုသူတိုင်း အိမ်တွင်းတိုင်းရင်းဆေးလက်စွဲအဖြစ် ဆောင်ထားသင့်သည့်စာအုပ်ဖြစ်သည်။

**စာအုပ်ကို အလင်းသစ်စာပေ၊ အခန်း-၆၀၁၊အမှတ်-၁၇/၁၉၊ ၅၂-လမ်းအောက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၈၇၀၃၈၄၈နှင့် ၀၉ ၅၄၀၀၃၀၂တို့မှ တန်ဖိုးငွေကျပ် ၈၅၀၀ဖြင့် ဖြန့်ချိသည်။**

## ဖွံ့ဖြိုးမှု ဆောင်းပါးများ(၃)




ဒေါက်တာ မောင်အောင် စီစဉ်ရေးသားသည့် ဖွံ့ဖြိုးမှု ဆောင်းပါးများ(၃) စာအုပ် ထွက်ရှိလာသည်။

အစိုးရသစ်လက်ထက်တွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကြောင့် ပွင့်လင်းလာသည့် စီးပွားရေးအခွင့်အလမ်းသစ်များကို လုပ်ငန်းရှင်များနှင့် ပြည်သူများ သိရှိလိုက်နာပြင်ဆင်နိုင်ရန် အကြံပြုထားသည်။ နှစ်နှစ်ကျော် ကာလအတွင်း ရာသီဥတုဖောက်ပြန်မှုကြောင့် ရေကြီးမှုများ၊ ကုန်သွယ်ရေး လုပ်ငန်းများကြောင့် ဒေါ်လာဈေးမြင့်တက်လာမှု စသည်တို့ကြောင့် မြန်မာ့ စီးပွားရေးအခက်အခဲဖြစ်ခဲ့သော်လည်း အခြားတစ်ဖက်တွင် အဆိုပါအပြောင်း အလဲကြောင့် ရရှိလာသည့် အခွင့်အလမ်းများအကြောင်းကို ဖော်ပြထားသည်။

**စာအုပ်ကို Wisdom House စာအုပ်တိုက်၊ အခန်း-၂၀၄၊ တိုက်-၈၇၅/၈၇၆၊ လက်ဝဲမင်းဒင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိသည်။**

## မော်ဝင်တဲ့စကား





ဂိုးဂိုး(မောရမြိုင်)နှင့် ဆောင်းပိုင်ရှင်(မော်လမြိုင်)တို့ စီစဉ်ရေးသားသည့် မော်ဝင်တဲ့စကား စာအုပ်ထွက်ရှိလာသည်။

ဂိုးဂိုးသည် ဆောင်းပိုင်ရှင်နှလုံးသား၏ အနက်ရှိုင်းဆုံးနေရာသို့ သူ၏ ကဗျာလှလှလေးများနှင့် ထိမှန်အောင်ပစ်နိုင်ခဲ့သူဖြစ်သည်။ ကဗျာနှင့် ရင်းနှီးကျွမ်းဝင်သူ ဆောင်းပိုင်ရှင်သည် သူ၏နှလုံးသားထဲက ကဗျာကိုလက် တွေ့ဘဝထဲခေါ်ဆောင်သွားနိုင်သည်သာမက သူကိုယ်တိုင်ပင် ကဗျာရဲဘော် ရဲဘက်စိတ်တို့ဖြင့် ကြုံလာသမျှ ရင်ဆိုင်နိုင်ခဲ့သူဖြစ်သည်။ သူတို့ထုပ်ပိုးထား သောအရာသည် နှလုံးသားဖြစ်ပြီး သူတို့ဖွင့်ထုတ်လိုက်သောအရာသည် ကဗျာများ ဖြစ်သည်။ သူတို့၏မျက်ဝန်းများတွင်မှ မော်ဝင်စကားများရစ်ဖွဲ့သီ ကြောင်း ယင်းစာအုပ်ဖြင့် ပြောကြားထားသည်။ အချစ်သည် ကဗျာနှင့် ခံစားသူ တို့ကြား ဝတ်မှုန်ကူးပေးသော ပျား၊ ပိတုန်းတစ်ကောင်ဖြစ်လျှင် ရောင်စုံပန်းပွင့်တို့ သည် လောကကိုအလှဆင်ရာတွင် ညှို့ယူနိုင်သော အလှတစ်ပါးပင်ဖြစ်သည်။

**စာအုပ်ကိုဆိပ်ကမ်းသာစာပေ၊ ဆိုင်အမှတ်-၁၃၊ ၃၈-လမ်းပလာဇာဈေးသစ်ကြီး၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၇၈၆၈၃၇၃၀၅နှင့် ၀၉ ၉၆၃၆၉၉၈၃၄တို့မှ တန်ဖိုးငွေကျပ်၁၀၀၀ဖြင့် ဖြန့်ချိသည်။**

## ဘယ်စာကို ဘယ်လိုရေးကြမလဲ





စာရေးဆရာ၊ ကဗျာဆရာဖြစ်လိုသူများ၊ အယ်ဒီတာလုပ်လိုသူများအတွက် စာရေးသူမောင်ကျေးဖူး စီစဉ်ရေးသားသည့် ဘယ်စာကို ဘယ်လိုရေးကြမလဲ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အခြေခံသဒ္ဒါစည်းကမ်း၊ ဝါကျဖွဲ့ထုံးနှင့် သတ်ပုံ၊ စာရေးနည်းအခြေခံ၊ ဆောင်းပါးရေးသားခြင်း၊ စိတ်ကူးယဉ်စာပေ ဝတ္ထုနှင့် ပြဇာတ်၊ ကဗျာရေးဖွဲ့နည်း၊ ကလေးစာပေ၊ ဘာသာရေးစာပေ၊ ဘာသာပြန် စာပေ၊ ဟာသစာပေနှင့် သရော်စာ၊ သတင်းရေးနည်း၊ ဂျာနယ်၊ မဂ္ဂဇင်းများ၊ စာပေပြိုင်ပွဲဝင်နိုင်သည့်စာမူဆုများ၊ အယ်ဒီတာလုပ်ငန်းစသည်တို့ကိုရေး သားထားသဖြင့် စာပေရေးသားလိုသူတိုင်းဖတ်ရှုလေ့လာသင့်သော စာအုပ် တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို ရန်အောင်စာပေ၊ အ-ထ-က(၁)ရန်ကင်းကျောင်းရှေ့ ဆိုင်အမှတ်(H)၊ ၁၂-လုံးတန်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ဖုန်း-၀၉ ၅၁၇၉၃၉၈နှင့် ၀၉ ၇၃၂၄၃၈၅၁တို့မှ တန်ဖိုးငွေကျပ် ၁၀၀၀ဖြင့် ဖြန့်ချိသည်။**

## ကွန်ပျူတာဖြင့် စာရင်းထိန်းချုပ်နည်း




ကုမ္ပဏီများ၊ ကိုယ်တိုင်ဆိုင်ဖွင့်လိုသူများ၊ အရောင်းဆိုင်တွင် အလုပ်လုပ် မည့်သူများ၊ အရောင်းအဝယ်စာရင်းနှင့်ပတ်သက်၍ လေ့လာလိုသူများ အတွက် သူရအောင် (B.C.Sc) စီစဉ်ရေးသားသည့် ကွန်ပျူတာဖြင့် စာရင်း ထိန်းချုပ်နည်းစာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် POS Software များ၏ထူးခြားချက်သည် စာရင်းနှင့်ပတ်သက်၍ အသုံးရလွယ်ကူပြီး အချိန်ကုန်သက်သာစေသည်။ မိမိသိလိုသည့်ကုန်လက်ကျန်စာရင်း၊ အရောင်းစာရင်း၊ အဝယ်စာရင်း၊ ဝင်ငွေ၊ ထွက်ငွေ၊ အရှုံးအမြတ်၊ Customer နှင့် Supplierများ၏အချက်အလက် များ၊ အရောင်းအဝယ်ထိန်းချုပ်မှုများအပြင် Barcode Scan ပစ္စည်း၊ Slip Printer များနှင့်တွဲဖက်အသုံးပြုနိုင်သည်။ Software အသုံးပြုသည့် အခါတွင်လည်း သက်ဆိုင်ရာအလိုက် User Level တွေသတ်မှတ်အသုံးပြု၍ ရသောကြောင့် စာရင်းနှင့်ပတ်သက်သည့်မှားယွင်းမှုများ ကင်းရှင်းနိုင်သည်။

စာအုပ်ကို သူရအောင်စာပေ၊ အမှတ်-၃၂၃၊ အောင်မေတ္တာလမ်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၄၄၄၄၇၇၉၇၄နှင့် ၀၉ ၅၆၇၀၂၆၂တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ဖြင့် ဖြန့်ချိသည်။

## သမိုင်းထဲကသက် သက်ထဲကသမိုင်း
## Sak In History, History In Sak




အရှင်တေဇ(ဒိုင်းနက်-သက္ကမာ) ဓမ္မာစရိယ(D.B.D)ရေးသားသည့် သမိုင်းထဲကသက် သက်ထဲကသမိုင်း (Sak In History, History In Sak) စာအုပ် ပထမအကြိမ်အဖြစ် ဖေဖော်ဝါရီလက ထွက်ရှိလာသည်။

အရှင်တေဇ(ဒိုင်းနက်-သက္ကမာ) ဓမ္မာစရိယ(D.B.D)သည် ယခုစာအုပ် တွင် အခန်း ငါးခန်းခွဲကာ ရေးသားတင်ပြထားသည်။ အရှေ့သက်ဒိုင်းနက် (သက္ကမာ)အမျိုးသားနေ့ ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်း၊ အနောက်သက် ဟူသည်၊ သမိုင်းထဲကသက် သက်ထဲကသမိုင်း၊ ဆရာကြီးဦးဖေမောင်တင်နှင့် ဆရာကြီးဒေါက်တာသန်းထွန်းတို့ပြောသည့် ဒိုင်းနက်ဘာသာစကားနှင့် ဒိုင်းနက်သမိုင်း၊ သာကီသွေးမှန် ဒိုင်းနက်(သက္ကမာ)လူမျိုးများ စသည့် ဆောင်းပါးများအပါအဝင် ဒိုင်းနက်လူမျိုးသမိုင်းကြောင်းနှင့် ဒိုင်းနက်လူမျိုး အကြောင်းကို ပြုစုရေးသားထားသည့် စာအုပ်တစ်အုပ်ဖြစ်သည်။

**အဆိုပါစာအုပ်ကို ဦးမြင့်စိုး-ခင်မြတ်သူစာပေ ဖုန်း-၀၉ ၉၆၄၀၈၂၁၆၄၊ ၀၁ ၅၅၂၄၃၇ က တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိသည်။**

# ဒလမြို့နယ်၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး

**ရန်ကုန် မတ် ၁၀**

စားသုံးသူရေးရာ ဦးစီးဌာနမှ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို မတ်၉ ရက် နံနက် ၉ နာရီက ဒလမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သီရိဇေယျ အနော်ရထာခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေးက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တောင်ပိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာနခရိုင်ဦးစီးမှူး ဦးရွှေဖြူက စားသုံးသူ အခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ ဝယ်ယူခြင်းမပြုမီ သတိပြုရမည့်အချက်များ၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေများနှင့်ပတ်သက်၍ အသိပညာပေးပြောကြားသည်။



ထို့နောက် တက်ရောက်လာကြသည့်ဈေးဆိုင်ပိုင်ရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများက သိရှိလိုသည့်အကြောင်းအရာများကိုမေးမြန်းခဲ့ရာ ခရိုင်ဦးစီးမှူးဦးရွှေဖြူက ပြန်လည်ရှင်းလင်းဖြေကြားသည်။

စားသုံးသူပြည်သူများအနေဖြင့် ဝယ်ယူသုံးစွဲခဲ့သည့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများနှင့်ပတ်သက်၍ စိတ်မကျေနပ်မှုမရှိခြင်း၊ နစ်နာမှုရှိခြင်းနှင့် စားသုံးသူအခွင့်အရေး ဆုံးရှုံးပါက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်မြို့နယ်စားသုံးသူရေးရာ ဦးစီးဌာနသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် ကုန်ပစ္စည်းနှင့် ပတ်သက်၍ တိုင်ကြားမှုများ နည်းပါးလျက်ရှိပြီး ဝန်ဆောင်မှုနှင့်ပတ်သက်သည့်တိုင်ကြားမှုမှာ များပြားခြင်းကြောင့် စားသုံးသူပြည်သူများ၏ အခွင့်အရေးများ ဆုံးရှုံးလျက်ရှိကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**



# နယ်စည်းမခြားပရဟိတ (သီပေါ)အသင်းအား ဂုဏ်ပြုပွဲအခမ်းအနား သီပေါမြို့၌ ကျင်းပ

**သီပေါ မတ် ၁၀**

ဒေသခံတိုင်းရင်းသားများအား ကူညီကယ်တင်ခဲ့သော နယ်စည်းမခြားပရဟိတ (သီပေါ) အသင်းအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို မတ် ၉ ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့မှ မြမိုးစံခန်းမဆောင်၌ ကျင်းပသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်ထံမှ ချီးမြှင့်ငွေကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက နယ်စည်းမခြားပရဟိတအသင်းခေါင်းဆောင် ဦးမျိုးလွင် (ကိုမျိုး)ထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



ပေါင်မြို့မှ ရဲစခန်းမှူး ဒုရဲမှူး ထွန်းဇော်ဦး မိုးနှိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးတွင် မတ် ၁၀ ရက်က ဒေသခံပြည်သူများအား သက်ငယ်မုဒိမ်းမှုဆိုင်ရာ အသိပညာပေးမှုများ၊ လူကုန်ကူးမှုနှင့် ပတ်သက်သောဥပဒေများ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်နှင့်စပ်လျဉ်း၍ ဆောင်ရန်၊ ရှောင်ရန်များကို ပညာပေးဟောပြောစဉ်။ ဝရဇိန်(ပေါင်)

# မိုးရာသီ၌စိုက်ပျိုးမည့် အစေ့ထုတ်ပြောင်းသီးနှံတွင် ငမြှောင်တောင်ဖျက်ပိုး သတိပြုစောင့်ကြည့်ရန်လိုအပ်

**မုံရွာ မတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးရာသီတွင် စိုက်ပျိုးကြမည့် အစေ့ထုတ်ပြောင်းသီးနှံတွင် ငမြှောင်တောင်ဖျက်ပိုးကျရောက်နိုင်သဖြင့် သတိပြုစောင့်ကြည့်ရန် လိုအပ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးသီးနှံ ကာကွယ်ရေးတာဝန်ခံ ဒေါ်စန်းစန်းမြင့် က ပြောကြားသည်။

"ငမြှောင်တောင်ပိုးနဲ့ပတ်သက်ပြီး အစေ့ထုတ်ပြောင်းတွေစိုက်တဲ့အခါမှာ ပေါ့ပေါ့ဆဆနဲ့ မနေဖို့၊ ကိုယ့်ရဲ့စိုက်ခင်းတွေကို အမြဲတမ်းကွင်းဆင်းကြည့်ဖို့ လိုတယ်၊ တောင်သူတွေ နှိမ်နင်းရတာအဆင်မပြေရင်လည်း စိုက်ပျိုးရေးဦးစီးဌာနကို အချိန်မီအကြောင်းကြားဖို့ ဒီကဝန်ထမ်းတွေနဲ့ တောင်သူတွေပူးပေါင်းပြီးတော့ လုပ်ဆောင်ပေးသွားမှာပါ"ဟု ဒေါ်စန်းစန်းမြင့် က ပြောသည်။

ဇန်နဝါရီ ၂၈ ရက်မှ စတင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်ဝန်းကျင်ရှိ အစေ့ထုတ်ပြောင်းစိုက်ခင်းများတွင် စတင်ကျရောက်ခဲ့ခြင်းဖြစ်ပြီး ၎င်းမြို့နယ်၌ ၅၀၂ ဧကတွင် ကျရောက်ခဲ့ရာ ၂၈၂ ဧကမှာ ပျက်စီးခဲ့ရကြောင်း၊ အခြားမြို့များဖြစ်သော မုံရွာမြို့နယ်တွင် ၅၀ ဒသမ ၅၀ ဧက၊ ယင်းမာပင်မြို့နယ်တွင် ၂၀ ဒသမ ၅၀ ဧက၊ ကနီမြို့နယ်တွင် ၅၀ ဒသမ ၈၇ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၁၁၅ ဧကနှင့် ကလေးမြို့နယ်တွင် ၁၅ ဧကတို့တွင် ကျရောက်ခဲ့သော်လည်း ကြိုတင်ကာကွယ်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနည်းလမ်းများကို အသုံးပြုခြင်းကြောင့် ထပ်မံပျက်စီးဆုံးရှုံးမှုမရှိခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ မှတ်တမ်းများအရ တိုင်းဒေသကြီးအတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဆောင်းသီးနှံစိုက်ရာသီတွင် အစေ့ထုတ်ပြောင်း ၂၇၈၆၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် လာမည့်မိုးရာသီတွင် အစေ့ထုတ်ပြောင်း ၁၆၇၇၇၃ ဧကကို စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

တိုတိုထွာထွာဖတ်စရာ

## မုဒုံတွင် ဒေါ်ခင်ကြည်ရွှေလျားစာကြည့်တိုက်မှ စာအုပ်စာစောင်များ သွားရောက်ငှားရမ်းပေး

**မုဒုံ**

မုဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွှေလျားစာကြည့်တိုက်တို့ ပူးပေါင်း၍ မတ် ၈ ရက် နံနက် ၁၀ နာရီတွင် ပညာရေးမှူးရုံး၊ လူမှုဖူလုံရေးဦးစီးဌာနနှင့် တိုင်းရင်းဆေးပညာ ဦးစီးဌာနသို့လည်းကောင်း၊ မွန်းတည့် ၁၂ နာရီတွင် စိုက်ပျိုးရေးဦးစီးဌာနသို့လည်းကောင်း သွားရောက်၍ သုတ၊ ရသစာအုပ်စာစောင်များကို ငှားရမ်းပေးသည်။

ငှားရမ်းထားသောသုတ၊ ရသစာအုပ်များကို ရက်သတ္တနှစ်ပတ် ကြာမှ ပြန်လည်သိမ်းဆည်းမည်ဖြစ်ပြီး စာအုပ်စာစောင်အသစ်များကို ပြန်လည်ငှားရမ်းပေးမည်ဖြစ်ကြောင်း သိရသည်။ **မုဒုံ(ပြန်/ဆက်)**

## မိုင်းရှူးမြို့၌ တံတားအသစ်တစ်စင်း တည်ဆောက်

**မိုင်းရှူး**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် မိုင်းရှူးမြို့လယ်တံတားအနီး၌ အရှည်ပေ ၁၃၀၊ အကျယ်ပေ ၃၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက် သုံးပေစီနှင့် တန် ၆၀ (ယာဉ်တစ်စီးချင်း)ရှိယာဉ်များ ဖြတ်သန်းသွားလာနိုင်မည့် သံကူကွန်ကရစ်တံတားသစ်တစ်စင်း ထပ်မံတည်ဆောက်လျက်ရှိသည်။

အဆိုပါတံတား တည်ဆောက်ပြီးစီးပါက ယခင်တည်ဆောက်ထားသည့်တံတားနှင့် တံတားနှစ်စင်းအသုံးပြုနိုင်တော့မည်ဖြစ်၍ ပြည်သူများ၊ ယာဉ်များအန္တရာယ်ကင်းစွာ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မော်လိုက်တွင် မြေထိန်းနံရံဆောင်ရွက်

**မော်လိုက်**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် မော်လိုက်ကလေးကျေးရွာတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း သံကူကွန်ကရစ်မြေထိန်းနံရံအခြေပြု ကွန်ကရစ်ပြားတမံနှင့် မျောကွန်ကရစ်ကွက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မော်လိုက်ကလေးကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းကို အရှည်ပေ ၂၄၀၀ ရှိ သံကူကွန်ကရစ်မြေထိန်းနံရံအခြေပြု ကွန်ကရစ်ပြားတမံနှင့် အရှည်ပေ ၅၈၀ ရှိ မျောကွန်ကရစ်ကွက်လုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ **မော်လိုက်သားလေး**

## မြဝတီမြို့၌ လိုင်စင်မဲ့ဘီယာများ သိမ်းဆည်းရမိ

**မြဝတီ**

ကရင်ပြည်နယ် မြဝတီမြို့တွင် တရားမဝင် လိုင်စင်မဲ့ဘီယာများ သိုလှောင်ရောင်းချနေသည့် နေရာအား ရဲတပ်ဖွဲ့ဝင်များက သတင်းအရ ဝင်ရောက်ရှာဖွေရာမှ ကျပ်လေးသိန်းခန့်တန်ဖိုးရှိ လိုင်စင်မဲ့ဘီယာဖာများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မတ် ၉ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် မြဝတီမြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ရဲအုပ်အောင်ချမ်းမွန် ဦးစီးအဖွဲ့သည် မြဝတီမြို့ အမှတ် (၄)ရပ်ကွက် သုစိတန္တလမ်းနေ ဦးထွန်းနိုင်ဝင်း၏ နေအိမ်သို့ သွားရောက် ရှာဖွေစစ်ဆေးရာမှ ဘီယာခြောက်ဖာ (စုစုပေါင်း တန်ဖိုးငွေကျပ်လေးသိန်းခန့်) အား သိမ်းဆည်းရမိသဖြင့် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**

## တောင်ငူတွင် သစ် တန် ၁၀၀ ကျော်သိမ်းဆည်းရမိ

**တောင်ငူ**

ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးဆောင်၍ သစ်တောဝန်ထမ်းများ၊ တပ်မတော်သားများ၊ သစ်တောလုံခြုံရေးအဖွဲ့တို့ ပူးပေါင်းပါသောအဖွဲ့သည် မတ် ၆ ရက်က တောင်ငူမြို့နယ် ခပေါင်းသစ်တောကြိုးဝိုင်းအတွင်း ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ တရားမဝင်ကျွန်းသစ်လုံး၊ ခွဲသားဆိုက်စုံ ၄၉၁ လုံး (၈၃ ဒသမ ၃၉၈၆ တန်)၊ ပျဉ်းကတိုးသစ်လုံး၊ ခွဲသား ဆိုက်စုံ ၂၅ တန်ခန့်နှင့် သစ်ခွဲရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

သိမ်းဆည်းရမိသစ်များအား အမြန်ဆုံးရွှေ့ပြောင်းနိုင်ရေး၊ တရားမဝင် သစ်ထုတ်လုပ်သူများကိုဖော်ထုတ်အရေးယူနိုင်ရေးအတွက် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **ကိုလွင်(ဆွာ)**

# အလုပ်သမားလိုအပ်ချက်အရ ဂျပန်နိုင်ငံသို့ မြန်မာလုပ်သားများ စေလွှတ်မည်



**ရန်ကုန် မတ် ၁၀**

ဂျပန်နိုင်ငံတွင် အလုပ်သမားလိုအပ်ချက်အရ အလုပ်သင်လုပ်သား ကျောင်းသားနှင့် ကျွမ်းကျင်လုပ်သားများ သင်တန်းပို့ချခြင်းနှင့် ပို့ဆောင်ရေးဆောင်ရွက်နိုင်ရန် မြန်မာလုပ်သားများ စေလွှတ်နိုင်ရန် မြန်မာ-ဂျပန်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း(SEDA)နှင့် မိတ်ဖက်အဖွဲ့အစည်းများ သဘောတူလက်မှတ်ရေးထိုးပွဲ အခမ်းအနားကို မတ် ၉ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်

"လေးလပိုင်းဆိုရင် ဂျပန်မှာ အလုပ်သမားလိုအပ်ချက်ပိုများလာတယ်၊ အရင်က စက်ရုံပိုင်းလုပ်သားပဲရှိတယ်၊ အခုက ဆားဗစ်ပိုင်းလုပ်သားလိုတယ်၊ ပထမဆုံးအနေနဲ့ ဘိုးဘွားရိပ်သာမှာလုပ်မယ့် အလုပ်သမား ၁၅၀ စေလွှတ်မှာပါ " ဟု မြန်မာ-ဂျပန် လူမှုဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ ဦးအေးမင်းက ပြောသည်

ဂျပန်နိုင်ငံအစိုးရအနေဖြင့် လွန်ခဲ့သည့် ၁၂ လပိုင်းမှစ၍ နိုင်ငံခြားသားများ ဂျပန်တွင် လက်ခံရန် ပထမဆုံးဥပဒေပြဋ္ဌာန်းခဲ့ပြီး လက်ရှိတွင် လုပ်ငန်းပေါင်း ၁၄ မျိုးရှိပြီး လုပ်သား သုံးသိန်းခွဲခန့် လိုအပ်ချက်ရှိကြောင်း သိရသည်။

"၂၀၁၉ ခုနှစ် လေးလပိုင်းကစပြီး ဂျပန်နိုင်ငံမှာလူသားအရင်းအမြစ်လိုအပ်ချက်ကြောင့် ကျွန်တော်တို့စပြီးတော့ Work ဗီဇာအနေနဲ့လက်ခံမယ့်၊ ငါးနှစ်စာအလုပ်လုပ်နိုင်မယ့် သင်တန်းသားတွေလိုအပ်တယ်၊ အဲဒီအတွက် ကျွန်တော်တို့ စတင်တာဖြစ်ပါတယ်" ဟု Tokio Investment ကုမ္ပဏီမှ Hideki Matsushita ကပြောသည်။

မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့် မိတ်ဖက်အဖွဲ့များ ပူးပေါင်း၍ ဂျပန်စကားပြောသင်တန်းကျောင်း ဂျပန်ပို့မည့်အဖွဲ့ ဂျပန်တွင်လက်ခံမည့်အဖွဲ့ ငွေကြေးထောက်ပံ့မည့်အဖွဲ့များမှ ပူးပေါင်းကူညီပေးရန် သဘောတူလက်မှတ်ရေးထိုးခြင်းဖြစ်ပြီး ဂျပန် နိုင်ငံသို့ သွားရောက်လုပ်ကိုင်လိုသူများ အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်းရှိရမည်ဖြစ်ကြောင်း၊ ဂျပန်စကားပြော ကျွမ်းကျင်သူဖြစ်ရန်လိုအပ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - ဇာနည်မောင်၊ အေးမင်းသူ**

# ညောင်ဦးမြို့တွင် ဆေးဝါးကုသမှုများ ကွင်းဆင်းဆောင်ရွက်ပေး

**ညောင်ဦး မတ် ၁၀**

မြန်မာနိုင်ငံဆရာဝန်များအသင်း ဆီးနှင့် ကျောက်ကပ်ရောဂါပညာရှင်များအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာလှိုင် ဦးဆောင်သော ပါမောက္ခ ဆရာဝန်ကြီးများပူးပေါင်းအဖွဲ့က မတ် ၈ ရက် နံနက် ၁၀ နာရီက ညောင်ဦးမြို့ ခုတင် ၂၀၀ဆံ့ ပြည်သူ့ဆေးရုံသို့ လာရောက်ပြီး ဒေသခံပြည်သူများအား ဆီးနှင့်ကျောက်ကပ်ရောဂါအကြောင်း အသိပညာပေးဟောပြောပွဲနှင့် လူထုကျန်းမာရေးဆေးဝါးကုသမှုများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

မြန်မာနိုင်ငံဆရာဝန်များအသင်း ဆီးနှင့် ကျောက်ကပ်ရောဂါပညာရှင်များအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စွာလှိုင်က အဖွင့်အမှာစကား ပြောကြားပြီး ညောင်ဦးခရိုင် ကျန်းမာရေးဦးစီးဌာနမှ ဆေးရုံအုပ်ကြီး ဒေါက်တာ မြင့်သိန်းက နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

ဆက်လက်၍ ပါမောက္ခဆရာဝန်ကြီး ဗိုလ်မှူးကြီးခင်မောင်သန်းက ကမ္ဘာ့ကျောက်ကပ်ရောဂါနေ့အကြောင်း သိကောင်းစရာများနှင့် နာတာရှည်ကျောက်ကပ်ရောဂါ သက်သာပျောက်ကင်းအောင် ကာကွယ်ကုသနည်းများကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ပါမောက္ခဆရာဝန်ကြီး ဒေါက်တာခင်သီတာသွင်က နာတာရှည်ကျောက်ကပ်ရောဂါ ဖြစ်ပွားစေသောအကြောင်းရင်းများနှင့် ရောဂါမဖြစ်ပွားအောင်ကြိုတင်ကာကွယ်ရမည့် နည်းစနစ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံဆရာဝန်များအသင်း ဆီးနှင့်ကျောက်ကပ်ရောဂါပညာရှင်များအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာလှိုင်က ကျောက်ကပ်ရောဂါကြောင့် ဆီးလမ်းကြောင်းပိတ်ဆို့ခြင်းနှင့် နာတာရှည်ကျောက်ကပ်ရောဂါအကြောင်း သိကောင်းစရာများကိုလည်းကောင်း ရှင်းလင်းဆွေးနွေး ဟောပြောကြသည်။

ဆက်လက်၍ ညောင်ဦးမြို့နယ်အတွင်းရှိ ကျောက်ကပ်ရောဂါဝေဒနာခံစားနေရသည့် လူနာ ၃၂ ဦးအား စမ်းသပ်စစ်ဆေးပြီး ဆေးဝါးများဖြင့် အခမဲ့ကုသမှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



## ဖျာပုံမြို့၌ စုပေါင်းသန့်ရှင်းရေး ပြုလုပ်

**ဖျာပုံ မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၌ မြို့ပေါ်ရပ်ကွက်များ သန့်ရှင်းသာယာလှပစေရေးအတွက် မြို့တွင်းအမှိုက်ကောက် သန့်ရှင်းရေး လှုပ်ရှားမှုကို မတ် ၉ရက် နံနက် ၆နာရီက ဖျာပုံမြို့တောင်ပိုင်းရပ် ပင်လယ်ဒေသသွားကားများ ရပ်နားရာ ကားဝင်းနှင့် လိပ်ဥကုန်ဘုရားဝန်းကျင်၌ ပြုလုပ်သည်။

ဖျာပုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးခင်ဇော်ဝင်းနှင့်အဖွဲ့၊ ပဲ့တင်သံပရဟိတဘောလုံးအသင်းမှ လူငယ်များ ပူးပေါင်းပါဝင်လျက် ဖျာပုံမြို့ မြို့ပတ်လမ်းတစ်လျှောက်၊ ကျိုက္ကမ္ဘမ်စေတီတော်မြတ်ကြီးဝန်းကျင်၊ ဖျာပုံတောင်ပိုင်းကားဝင်းအတွင်းတို့၌ အမှိုက်ကောက်ခြင်း၊ ချုံနွယ်များ ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အလားတူ ဖျာပုံမြို့ကျက်သရေဆောင် သာစည်ဘုရားရှေ့မျက်နှာစာ၊ ဘုရားဝင်းအတွင်း၌ ဖျာပုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်ဇော်မြင့်နှင့် ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲမြို့များမှ ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ပြုလုပ်ကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

## သက်ငယ်မုဒိမ်းမှုပပျောက်ရေး ဟောပြော

**ရန်ကုန် မတ် ၁၀**

လမ်းမတော်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးညွန့်လွင်ဦး၊ လမ်းမတော်စခန်းမှူး ဒုရဲမှူး လှထွေးတို့သည် လမ်းမတော်မြို့နယ် အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မတ် ၈ ရက် ညနေ ၅ နာရီခွဲက ရပ်ကွက်နေပြည်သူများအား တွေ့ဆုံပြီး သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် မှုခင်းအသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**နိုးတူး(ကျောက်တန်း)**

## မန်းရွှေစက်တော်ဘုရား၌ ဘုရားဖူးပြည်သူများနှင့် မန်းချောင်းအတွင်း အပန်းဖြေသူများဖြင့် စည်ကား



**မင်းဘူး မတ် ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် မန်းရွှေစက်တော်ဘုရားတွင် မတ် ၁၀ ရက်က ဘုရားဖူးပြည်သူများနှင့် မန်းချောင်းအတွင်း အပန်းဖြေအနားယူသူများ စည်ကားလျက်ရှိသည်။

မန်းရွှေစက်တော်ဘုရား၌ စနေ၊ တနင်္ဂနွေအားလပ်ရက်များအတွင်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများနှင့် ဆင်စခန်း၊ အိုင်းမကျေးရွာအနီးရှိ မန်းချောင်းအတွင်း ရေကစားသူများနှင့် အပန်းဖြေအနားယူသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**ဝေဖြိုးလေး(မကွေး)**

# ပုသိမ်ကြီး၌ ကမ်းပြိုကာကွယ်ရေး ကျောက်စီတမံလုပ်ငန်းများ လုပ်ဆောင်

**ပုသိမ်ကြီး မတ် ၁၀**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေကျပ် သိန်း ၂၆၆၀ ဖြင့် မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် တောင်စက်ရိပ်ကျေးရွာကမ်းပြိုကာကွယ်ရေးလုပ်ငန်း Steel Basket အခြေပြုကျောက်စီတမံ တည်ဆောက်ခြင်းလုပ်ငန်းများကို မိုးရာသီမရောက်မီ ပြီးစီးရေးဆောင်ရွက်လျက်ရှိရာ မတ်လ ဒုတိယပတ်တွင် ၂၀ ရာခိုင်နှုန်းပြီးစီးလျက်ရှိသည်။

ပုသိမ်ကြီးမြို့နယ် တောင်စက်ရိပ်ကျေးရွာ ကမ်းပြိုကာကွယ်ရေး ကျောက်စီတမံသည် အလျားပေ ၈၄၀၊ အနံပေ ၃၀ ရှိပြီး PKSY Co.,Ltd. က တာဝန်ယူ တည်ဆောက်လျက်ရှိသည်။ ကျောက်စီတမံလုပ်ငန်းများ ပြီးစီးသွားပါက ဧရာဝတီမြစ်ရေကြီးချိန် ပုသိမ်ကြီးမြို့နယ် တောင်စက်ရိပ်ကျေးရွာ မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုကျခြင်းများ ကင်းဝေးသွားကာ ဒေသခံပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်မည်ဖြစ်သည်။

**မောင်ပြည်သူ(မန္တလေး)**



**ဗဟန်းမြို့နယ် ရဲစခန်းမှူး ဒုတိယရဲမှူး ခင်မောင်ဝင်း မတ် ၁၀ ရက်က ကျိုက္ကဆံရပ်ကွက် ငမောက်လမ်း ကိုးနဝင်းဓမ္မာရုံ၌ ပြည်သူများအား မှုခင်းအသိပညာပေး ဟောပြောစဉ်။** ကြေးမုံ

**PUMA ENERGY ကုမ္ပဏီသည် မြန်မာနိုင်ငံတွင် စက်သုံးဆီ အရောင်းဆိုင် လုပ်ငန်းလုပ်ကိုင်**
**ခွင့်ရှိ ကုမ္ပဏီနှင့် ပတ်သက်၍ အများသိစေရန် ကြေငြာချက်**

ကျွန်ုပ်၏အမှုသည်ကုမ္ပဏီများဖြစ်ကြသော -

(က) ဆွစ်ဇာလန်နိုင်ငံတွင် မှတ်ပုံတင်ထားရှိသော ကုမ္ပဏီဖြစ်သည့် PUMA ENERGY INTERNATIONAL S.A.
(ခ) စင်ကာပူနိုင်ငံဥပဒေများအရ ကုမ္ပဏီဖွဲ့စည်းတည်ထောင်ထားသော PUMA ENERGY IRRAWADDY PTE LTD.
(ဂ) မြန်မာကုမ္ပဏီများအက်ဥပဒေအရ ကုမ္ပဏီဖွဲ့စည်းတည်ထောင်ထားသော PUMA ENERGY ASIA SUN COMPANY LIMITED.
(ဃ) မြန်မာကုမ္ပဏီများအက်ဥပဒေအရ ကုမ္ပဏီဖွဲ့စည်းတည်ထောင်ထားသော မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူ [illegible] ကုမ္ပဏီဖြစ်သည့် National Energy Puma Aviation Services Co.,Ltd.
- တို့၏ ညွှန်ကြားချက်အရ ကြေငြာအပ်သည်မှာ -

ကျွန်ုပ်၏အမှုသည်ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ စက်သုံးဆီသုံးစွဲသူများအား အသိပေးလိုသည်မှာ - ယခုအခါ ဈေးကွက်တွင် "Puma Power" အမည်ဖြင့် Puma Energy ကုမ္ပဏီ၏ Logo အသွင်ဖြင့် [illegible] (မှတ်ပုံတင်ထားခြင်းမရှိ) ကိုဖော်ပြ၍ ဆိုင်းဘုတ်များတင်၍ စက်သုံးဆီဆိုင်များဖွင့်လှစ်ခြင်းသည် ကျွန်ုပ်၏အမှုသည်ကုမ္ပဏီများနှင့် မည်သို့မျှ ဆက်စပ်ပတ်သက်မှုမရှိကြောင်းနှင့် ကျွန်ုပ်၏အမှုသည်ကုမ္ပဏီများအနေဖြင့် ၎င်းစက်သုံးဆီဆိုင်များသို့ စက်သုံးဆီများ ရောင်းချပေးခြင်းလည်း လုံးဝမရှိကြောင်း အသိပေးအပ်ပါသည်။ ထို့အပြင် "Puma Power" အမည်ဖြင့် ရောင်းချနေသော စက်သုံးဆီများ၏ အရည်အသွေးနှင့်ပတ်သက်၍လည်း တာဝန်ယူနိုင်မည်မဟုတ်သဖြင့် မည်သည့်နည်းနှင့်မျှ ပတ်သက်ခြင်းမရှိပါ။ ထိုစက်သုံးဆီဆိုင်များသည် ကျွန်ုပ်၏အမှုသည်ကုမ္ပဏီများထံမှ သဘောတူခွင့်ပြုချက်ရယူထားခြင်း မရှိပါ။

ကျွန်ုပ်၏အမှုသည် ကုမ္ပဏီများသည် နိုင်ငံပေါင်း ၄၈ နိုင်ငံ၌ အောက်ဖော်ပြပါ PUMA ကုန်အမှတ်တံဆိပ်ဖြင့် ရေနံနှင့် ရေနံထွက်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးနှင့် ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများဖြစ်ကြပါသည် -



("PUMA ကုန်အမှတ်တံဆိပ်")

ထို့ပြင် ကျွန်ုပ်၏အမှုသည်ကုမ္ပဏီများသည် PUMA ကုန်အမှတ်တံဆိပ်၊ လုပ်ငန်းအမည်နှင့် Logo တို့အား ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့ရှိ (၂၀၁၁ ခုနှစ်ကတည်းက မြန်မာနိုင်ငံက အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ထားသော) World Intellectual Property Organization ("WIPO") တွင် ၂၀၁၁ ပြည့်နှစ်ကတည်းက မှတ်ပုံတင်ခွင့်ရရှိပြီးဖြစ်ပါသည်။ PUMA ကုန်အမှတ်တံဆိပ်ကို WIPO တွင် အပြည်ပြည်ဆိုင်ရာမှတ်ပုံတင်အမှတ် - 0000000, 0000000, 0000000 နှင့် 000000 တို့ဖြင့် မှတ်ပုံတင်သွင်းထားခြင်းဖြစ်ပါသည်။

ထို့အပြင် PUMA ကုန်အမှတ်တံဆိပ်နှင့် လုပ်ငန်းအမည်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကုန်အမှတ်တံဆိပ်ပိုင်ဆိုင်ကြောင်း ကြေငြာစာချုပ်ကို စာချုပ်အမှတ် ၄/၃၃၅၁/၂၀၁၄ (၂၂-၄-၂၀၁၄) နှင့် စာချုပ်အမှတ် ၄/၁၂၀၁၈/၂၀၁၈ (၁၈-၁၀-၂၀၁၈) ဖြင့် မှတ်ပုံတင်သွင်းထားပြီးသည်ဖြစ်ပါသည်။ ကျွန်ုပ်၏အမှုသည် ကုမ္ပဏီများသည် PUMA ကုန်အမှတ်တံဆိပ်ကို မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်ကတည်းက စတင်သုံးစွဲလျက်ရှိပါသည်။

PUMA ကုန်အမှတ်တံဆိပ်လုပ်ငန်းအမည် နှင့် Logo တို့ ၀၉.၂၀ ခုနှစ်ကတည်းက အလျှော်ကီးရှစ်နိုင်ငံတွင် ဆက်လုပ်ကိုင်နေပြီးဖြစ်ပါသည်။ PUMA ကုန်အမှတ်တံဆိပ်လုပ်ငန်း အမည်နှင့် Logo သည် နိုင်ငံတကာသုံးစွဲသူတို့က ယုံကြည်စိတ်ချရသော အမည်နှင့်ကုန်အမှတ်တံဆိပ်လည်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၌လည်း ကျွန်ုပ်၏အမှုသည်ကုမ္ပဏီများသည် PUMA ကုန်အမှတ်တံဆိပ်လုပ်ငန်းအမည် နှင့် Logo ကိုအသုံးပြု၍ -

(က) ၂၀၁၃ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံ ပိုင်နက်အတွင်း လေကြောင်းလိုင်းများ၏ ဖုန်းပြုရမှုကိုဖြင့် ဒီဇယ်ဆီ၊ ဓာတ်ဆီ၊ လေယာဉ်ဆီ၊ ရေနံဓာတ်ငွေ့ရည် (LPG)၊ ကတ္တရာ၊ စီးပွားဆီ (HFO) နှင့် စက်ဆီများဆိုင်ရာ တင်သွင်းသိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။
(ခ) လေယာဉ်ဆီရောင်းချခြင်းလုပ်ငန်းကိုလည်း မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းလုပ်ကိုင်လျက်ရှိပါသည်။
Puma Energy သို့ ကမ္ဘာ့အဆင့်မြင့်ကြီးကျယ်သော လုပ်ငန်းစုကြီး မြန်မာနိုင်ငံတွင်လည်း ၎င်း၏ဝန်ဆောင်မှုများ ပံ့ပိုးဆောင်ရွက်ပေးလျက်နှင့် လူသိများသော အမှတ်တံဆိပ်ဖြစ်သော PUMA ကုန်အမှတ်တံဆိပ် လုပ်ငန်းအမည်နှင့် Logo တို့ကို ကျယ်ကျယ်ပြန့်ပြန့် တကယ့်ယုံကြည်မှု ယုံကြည်စိတ်ချရမှုတို့ဖြင့် စီးပွားရေးလုပ်ငန်းလိုင်းတွင် ဆောင်ရွက်နိုင်သော ဂုဏ်သတင်းကို ပိုင်ဆိုင်ထားပါသည်။

ထို့ကြောင့် ကျွန်ုပ်၏အမှုသည်ပိုင် PUMA ကုန်အမှတ်တံဆိပ်လုပ်ငန်းအမည် နှင့် Logo တို့အား ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းသုံးရန်ကျူးလွန်မှုသည်၊ မြန်မာ့ထွက်ပစ္စည်းအား စက်သုံးဆီဆိုင်များ နှင့်လုပ်ငန်းတွင် တည်ဆောက်၊ အသုံးပြုခြင်းများအား တားမြစ်ထားပါသည်။

ကျွန်ုပ်၏အမှုသည်ကုမ္ပဏီများအနေဖြင့် မိမိတို့ပိုင် PUMA ကုန်အမှတ်တံဆိပ် လုပ်ငန်းအမည်နှင့် Logo မိမိတို့၏စီးပွားရေးလုပ်ငန်းပိုင်းတွင် ဆောင်ရွက်နိုင်စေသော ဂုဏ်သတင်းကို ထိန်းသိမ်းနိုင်ရန်အတွက် အထက်ဖော်ပြပါအတိုင်း ခေတ်ချုပ်အသုံးပြုမှုများအပေါ် တည်ဆဲဥပဒေများအရ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှင့်ဖျင်မှုလျော်ကြေးများကိုပါ တောင်းခံမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေငြာအပ်ပါသည်။

ညွှန်ကြားချက်အရ -

ဦးဇေယျ
တရားလွှတ်တော်ရှေ့နေ (စဉ်- ၂၀၈၂)
အမှတ် [illegible]၊ [illegible]
[illegible]မြို့နယ်၊ ရန်ကုန်မြို့။
၀၁ - ၃၇၉၅၈၀
[illegible]@gmail.com

ဒီနာ ဗုဒ္ဓဝင်သမိုင်းတွင် ဘုရားဖူးခရီးစဉ်များ



အိန္ဒိယ နှင့် နီပေါ ဗုဒ္ဓဝင်ဘုရားဖူးခရီးစဉ် (၁၅ ရက်) 700 USD + ၂၀၀၀၀၀ိ /-
ထွက်ခွာမည့်နေ့ရက်များ = မတ် ၂၉၊ ဧပြီ ၈ (သင်္ကြန်ပိတ်ရက် ၁၇ ရက် အထူးခရီးစဉ် - AI)၊
ဧပြီ ၈ (သင်္ကြန်ပိတ်ရက် ၁၈ ရက် အထူးခရီးစဉ် - ကာလကတ္တား အမြန် MAI)။
အိန္ဒိယ နှင့် နီပေါ ဗုဒ္ဓဝင်ဘုရားဖူးခရီးစဉ် (၈ ရက်) 600 USD + ၁၅၀၀၀၀ိ /-
ထွက်ခွာမည့်နေ့ရက် = မတ် ၃၀၊

ရမ္မာကျော် 09-5194608, 09-73177727, 09-443177727

ဝင်းရတီ

OD TOUR — ORIENTAL DRAGON TRAVELS & TOURS Co., Ltd
Mar.25, Apr.13 | Mar.30, Apr.11 | Mar.30, Apr.13 | Apr.14 | Mar.19, Apr.13 | Apr.14 | Mar.30, Apr.13 | Apr.13 | Apr.14 | Apr.14
01- 523187, 504808, 09-444477129
01-536855, 09-774554205, 09-5187045
www.facebook.com/ODTour

PANDA Engineering Group
Air-Con
1.5 Hp Brand New A/C = 350,000K
09 515 8803, 09 732 29024
09 253 833810, 09 69 5198402

ကိုသန့်ဇင်
CAR RENTAL
09 - 5059821
09 - 43117680

လိပ်ခေါင်း၊ ဂရင်ဂျိနာ
09-73121554
09-73038158, 09-43088215

သိန်းသန်းဆက်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09-440390558
09-784109116

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၁၈-၂၀၁၉)ဘဏ္ဍာရေးနှစ်တွင် Asian Development Bank (ADB)၏ ချေးငွေဖြင့် IT & Operation Equipment, Consumables for outbreak investigation and response ပစ္စည်းများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် | - ၂၅-၃-၂၀၁၉ရက် |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - ၂၆-၄-၂၀၁၉ရက် မွန်းလွဲ (၂း၀၀)နာရီ |
| ဆက်သွယ်ရန်ဖုန်းနံပါတ် | - ၀၆၇-၄၁၁၅၁၀/ ၀၆၇-၄၁၁၅၄၄ |

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆/ညောင်ပင်ကြီးစုရပ်၊ ညောင်ပင်ကြီးစုကွက်သစ်မှ မြေဧရိယာ (၀.၀၈၂)ဧကရှိ ဒေါ်ခွေး [၉/ပမန(နိုင်)၀၅၃၀၀၆] အဖအမည် ဦးဖိုးတောအမည်ပေါက် ပါမစ်မြေကွက်အမှတ် (ပ-၂၀၃)ကို ဒေါ်ဟေမာန် မြင့်မောင် [၈/ပဖန(နိုင်)၀၉၃၅၂၆]၊ အဖအမည် ဦးမြင့်မောင်(ခ)ဦးတိုးမြင့်လှိုင်မှ မြေပေး မိန့်မိတ္တူ၊ မြေကွက်အရောင်းအဝယ်စာချုပ်မိတ္တူ၊ မြေကွက်ရောင်းချသူ၏ ရောင်းချထားကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဝယ်သူ၏ ဝယ်ယူထားကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ မြေကွက်ဝယ်ယူသူ(လျှောက်ထားသူ)၏ ဝန်ခံကတိပြုချက်မူရင်းတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ပြန်လည်မှတ်ပုံတင်ရန် ပျက်ကွက်သော ကုမ္ပဏီများ မှတ်ပုံတင်စာရင်းပြန်လည်ထိန်းသိမ်းနိုင်ရန် ကြေညာချက်

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ-၂၀၁၇၊ ပုဒ်မ-၄၂၁(ဃ)အရ အီလက်ထရောနစ်ကုမ္ပဏီမှတ်ပုံတင်စနစ်တွင် ကုမ္ပဏီများပြန်လည်မှတ်ပုံတင်ခြင်းအား ၂၀၁၈ခုနှစ်၊ ဩဂုတ်လ(၁)ရက်နေ့မှစ၍ ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ (၃၁)ရက်နေ့အထိ ၆လကာလအတွင်း ဆောင်ရွက်ကြပါရန် ကြေညာချက်များထုတ်ပြန်ကြေညာပေး၍ ပြန်လည်မှတ်ပုံတင်ခြင်းများကို သတ်မှတ်ကာလအတွင်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။ ပြန်လည်မှတ်ပုံတင်ရန် ပျက်ကွက်သော ကုမ္ပဏီများအား မှတ်ပုံတင်စာရင်းမှ မကြာမီပယ်ဖျက်မည်ဖြစ်ပါသည်။

သို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်မှတ်ပုံတင်ရန် ပျက်ကွက်ခဲ့သော ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံကုမ္ပဏီများဆိုင်ရာ စည်းမျဉ်းများအပိုဒ်၄(ဃ)နှင့်အညီ သတ်မှတ်အခကြေးငွေ ပေးဆောင်၍ ပြန်လည်မှတ်ပုံတင်ခြင်းကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန(ရန်ကုန်ရုံးချုပ်)တွင် ဆောင်ရွက်ပေးမည်ဖြစ်ပါသဖြင့် ပြန်လည်မှတ်ပုံတင်ရန်ကျန်ရှိသော ကုမ္ပဏီများအနေဖြင့် ၂၀၁၉ ခုနှစ်၊ မတ်လ ၃၀ရက် နောက်ဆုံးထားပြီးပြန်လည်မှတ်ပုံတင်ခြင်းအား ကိုယ်တိုင်လာရောက်ဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

ယင်းသို့ လာရောက်ဆောင်ရွက်ရာတွင် အမိန့်ကြော်ငြာစာ(၆၄/၂၀၁၈)ပါအတိုင်း မှတ်ပုံတင်စာရင်းတွင် ပြန်လည်ထိန်းသိမ်းခြင်းအတွက် သတ်မှတ်အခကြေးငွေ ပေးဆောင်ရမည်ဖြစ်ကြောင်းနှင့် ၂၀၁၉ ခုနှစ်၊ မတ်လ (၃၀)ရက်နောက်ပိုင်း တင်ပြလာသော ပြန်လည်မှတ်ပုံတင်ခြင်းကိစ္စများအား လုံး၀(လုံး၀)လက်ခံဆောင်ရွက်ပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ကုမ္ပဏီများမှတ်ပုံတင်အရာရှိ**
**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

## ဒေါ်ခင်စိန်ဦး
**(လဝက-ငြိမ်း)**
**အသက် (၉၄) နှစ်**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နေ (ဦးကျော်ကြီး-ဒေါ်မသာ)တို့၏ သမီး၊ (ဦးကျော်ဇံဖြူ)၏ဇနီး၊ (ဦးခင်ဇော်မင်း)-ဒေါ်မသိန်းနု၊ (ဦးခင်ဇော်ဝင်း)-ဒေါ်စန်းသော်တာ၊ ဦးခင်ဇော်လင်း-ဒေါ်မခင်ဦး၊ ဦးဇော်ဇော်(ညွှန်ကြားရေးမှူး၊ ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)-ဒေါ်ခင်မာဖြူ၊ (ဦးထွန်းဇော်-ဒေါ်လှရီ)တို့၏ ချစ်လှစွာသောမိခင်၊ မနုမင်းသန္တာ၊ မနွယ်နီ၊ မမြင့်စန္ဒီဇော်၊ မောင်ဝေယံဇော်ဦး၊ မောင်ထူးအောင်ဇော်၊ မောင်ဇော်ဟိန်းလတ်၊ မောင်ညီနိုင်၊ မောင်ဟန်ဇော်ထွန်းတို့၏ အဘောင်ရှင်၊ မြစ် ငါးယောက်တို့၏ အဖီရှင်းသည် ၉-၃-၂၀၁၉ (စနေနေ့) ည ၉း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်၊ ရာဒါကောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ချစ်
**လ/ထ အကောက်ခွန်မှူး**
**အသက်(၅၉)နှစ်**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ ဗိုလ်တထောင်ဈေးလမ်း၊ တိုက်(၆၉)၊ အခန်း(၂၀၂)နေ (ဦးအုန်းတင်-ဒေါ်ခင်ခင်အေး)တို့၏ သား၊ (ဦးပီတာ-ဒေါ်ချယ်ရီ)တို့၏ သားသမက်၊ ဒေါ်အက်စတာ၏ ချစ်လှစွာသောခင်ပွန်း၊ မအေးအေးစု၊ မသံစဉ်ချစ်(Prestige Int'l Language)၊ မောင်ဘုန်းသက်နိုင်(ခ)ဒိုးဒီ (ပထမနှစ်-ဘူမိဗေဒ) တို့၏ ကျေးဇူးရှင် ဖခင်ကြီး၊ ဦးညီညီ-ဒေါ်စာရားတို့၏ အစ်ကို၊ တူ/တူမ ကိုးယောက် တို့၏ ဦးလေး၊ မြေးခြောက်ယောက်တို့၏ အဘိုးလေးသည် ၁၀-၃-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၄း၃၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးကြည်မိုးလှိုင်
**ညောင့်လမ်းညွှန် (အီတာလျံ)**
**အသက်(၄၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နေ (ဦးဂျိုးဇက်-ဒေါ်ရွှေနှံ)၊ (ဦးသောင်း-ဒေါ်အေးရင်)တို့၏ မြေး၊ (ဦးလှရွှေ-ဒေါ်ထားရွှေ)တို့၏ သား၊ (ဦးကျော်ဇော-ဒေါ်ရင်နု)တို့၏ သားသမက်၊ ဦးကိုကိုခိုင် (ပြည်တွင်းရေကြောင်းပို့ဆောင်ရေး)-ဒေါ်စန်းစန်းမော် (ပြည်တွင်းရေကြောင်းပို့ဆောင်ရေး)၊ ဒေါ်ကြည်ကြည်မော် (ညောင့်လမ်းညွှန်အီတာလျံ)၊ ဒေါ်ခိုင်ခိုင်မော်(MRTV)၊ (ဦးတင်ရွှေ)-ဒေါ်သိန်းဝေ၊ ဒေါ်မြသီ၊ ဦးစိုးဝင်း-ဒေါ်သန်းသန်းအေးတို့၏ ညီ/မောင်၊ မောင်ရဲထက်သူ၊ မမြတ်သီရိဝင်းတို့၏ ဖခင်၊ ဒေါ်သီတာဝင်း၏ခင်ပွန်း၊ ဦးကြည်မိုးလှိုင် (ညောင့်လမ်းညွှန်-အီတာလျံ/MOE INTERNATIONAL ENGLISH SCHOOL)သည် ၉-၃-၂၀၁၉ (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ဒလမြို့ ဗိုလ်ရန်ပြေရပ်ကွက်၊ မင်းရဲကျော်စွာ(၁)လမ်း၊ အမှတ်(၁၁၇၁)၊ နေအိမ်မှ ခနိတောသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၃-၂၀၁၉ (သောကြာနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ကိုကြည်မိုးလှိုင် (ညောင့်လမ်းညွှန်-အီတာလျံ)သည် ၉-၃-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒလ-အထက(၁)ကျောင်းသားဟောင်းများအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း
**Capt. သိန်းထိုက်(MASTER MARINER-F-G)**
**ကျုံမငေး**
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ရေစက်လမ်း၊ အမှတ်(၄၅)နေ ဒေါ်စန်းစန်းမြင့်၏ခင်ပွန်း၊ Capt.ဝင်းကို-ဒေါ်အေးသန္တာတို့၏ ဖခင် Capt.သိန်းထိုက် (MASTER MARINER-F-G) အသက်(၈၄)နှစ်သည် ၆-၃-၂၀၁၉ ရက်တွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးထွန်းဦး-ဒေါ်နွဲ့နွဲ့ရီ**
**ထွန်းဦးစာပေ (မန္တလေးမြို့)**

## (၁)လပြည့် လွမ်းဆွတ်သတိရခြင်း
## ဦးမင်းလွင်
**အသက်(၅၉)နှစ်**
**လုပ်သားမှူး၊ ဆင်ပြောင်ရေယာဉ်**
**မြန်မာ့ဘောလီဘောလက်ရွေးစင်အားကစားသမားဟောင်း**
**(၁၁-၂-၂၀၁၉)မှ (၁၁-၃-၂၀၁၉)**

၁၁-၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၄း၃၀ နာရီတွင် တာဝန်ထမ်းဆောင်ရင်း ရုတ်တရက်ကွယ်လွန်သွားခဲ့သော ကျေးဇူးရှင် ဦးမင်းလွင်အား နေ့စဉ်နှင့် ၁ လပြည့်နေ့၌ ရည်စူး၍ပြုခဲ့သော ကုသိုလ်ကောင်းမှုအစုစုကို အမျှပေးဝေပါတယ်။

အဖေကြီးရေ - အမျှ - အမျှ - အမျှ

**ဇနီး-** ဒေါ်ငွေငွေရီ
**သားကြီး-** ဗိုလ်ဝေဖြိုး(ခ)မင်းထက်သာ
အပတ်စဉ်(၁၆)တပ်မတော်ဆေးတက္ကသိုလ်
**သားငယ်-** မောင်မင်းထက်သျှား
**သမီးငယ်-** မဇွန်ထာဝရမင်းလွင်
Final Part I, (UM 2)

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ပဲခူး ဦးမြသောင်း (မြန်မာမှု)
**အသက် (၇၈) နှစ်**

ပဲခူးမြို့ ကြည်တော်ကုန်းနေ ဦးပါ-ဒေါ်အေးမြင့်တို့၏သား၊ ပဲခူးမြို့နေ ဦးစံမြင့်-ဒေါ်ခင်အေးစန်းတို့၏အစ်ကို၊ ရန်ကုန်မြို့နေ ပဲခူးဦးမောင်ကို (မြန်မာမှု)-ဒေါ်မြင့်မြင့်စန်းတို့၏ဦးလေး၊ ဦးကြည်သိန်း-(ဒေါ်မြမြမိုး)၊ ဒေါ်တင်တင်မိုး၊ ဦးသောင်းထိုက် (မြန်မာမှု)-ဒေါ်ခင်မမငွေ၊ ဦးနေအောင်မျိုး-ဒေါ်ဝေဝေဟန်၊ ဒုရဲအုပ် ဦးအောင်မြင့်မော်-ဒေါ်ဇင်ဇင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး ၁၁ ယောက်၊ မြစ်ခြောက်ယောက်တို့၏ဘိုးဘိုးကြီး၊ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေး၊ (၈)ရပ်ကွက်၊ ရွှေဝါလမ်း၊ အမှတ်(၂၇)နေ ဒေါ်အေးသန်း၏ ချစ်လှစွာသောခင်ပွန်းသည် ၉-၃-၂၀၁၉ (စနေနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၉ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၃-၂၀၁၉ (သောကြာနေ့) နံနက်တွင် မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေး၊ (၈)ရပ်ကွက်၊ ရွှေဝါလမ်း၊ အမှတ် (၂၇) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဦးခင်မောင်ဂျက်ကို
**အသက်(၇၇)နှစ်**
**B.Sc, D.P.M.S(First Batch)**
**Cytology (Melborne)**
**ကင်ဆာရှာဖွေရေး-ဗဟိုအမျိုးသမီးဆေးရုံ(ငြိမ်း)**

ပြည်မြို့နေ (ဆရာဦးကို-ဒေါ်ခင်ရွှေ)တို့၏ သားထွေး၊ (ဒေါ်ခင်သန်းရီကို-ဦးဗဆွေ)၊ (ဦးခင်မောင်ကို)-ဒေါ်ချစ်ယဉ်နု၊ (ဒေါ်ခင်သန်းတီကို-ဦးစောဝင်း)၊ (ဒေါ်ခင်သန်းနီကို-ဗိုလ်မှူးစိန်လှိုင်တင်)၊ ဦးခင်မောင်ဖုဏ်းကို-Daw Pit Eng (စင်ကာပူ)၊ (ဒေါ်ခင်သန်းစီကို-ဦးမောင်ကြိုင်)တို့၏ ညီ/မောင် ဦးခင်မောင်ဂျက်ကိုသည် ၁၀-၃-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၅း၅၁ နာရီတွင် ဝိတိုရိယဆေးရုံ၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၂-၃-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်ခန်းမ (၁/ခ)၌ ဝတ်ပြုဆုတောင်းပြီး မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဒေါ်စန်းရှိန်(ခ)ဒေါ်ကြူ
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့ အမှတ်(၃)၊ ဘုရင့်နောင်(၁၁)လမ်း၊ ရန်ကုန်သစ်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်နေ (ဦးကြူဝိန်-ဒေါ်ဖွားခင်)တို့၏ သမီး၊ (ဦးဘိုးသူ-ဒေါ်စိန်လှ)တို့၏ သမီးချွေးမ၊ (ဦးစံကြွယ်)၏ ဇနီး၊ (ဦးခင်မောင်ဝင်း)-ဒေါ်ဝင့်ဝင့်ကြွယ်၊ ဦးစိုးဇေယျာ-ဒေါ်သူဇာမျိုး၊ ဦးကျော်ဇေယျ-ဒေါ်မင်းမင်းမျိုးတို့၏ မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွား ဒေါ်စန်းရှိန်(ခ)ဒေါ်ကြူသည် ၉-၃-၂၀၁၉ (စနေနေ့) ည ၁၀း၀၅ နာရီတွင် မော်လမြိုင်မြို့ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် မော်လမြိုင်၊ ပိန္နဲကုန်းသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၆ နာရီတွင် မော်လမြိုင်မြို့ နေအိမ်၌ ရက်လည်ဆွမ်းကျွေးပြီး၊ ၁၅-၃-၂၀၁၉ (သောကြာနေ့)တွင် ရန်ကုန်မြို့ အမှတ်(၃)၊ ဘုရင့်နောင်(၁၁)လမ်း၊ ရန်ကုန်သစ်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ် နေအိမ်၌ ရက်လည်ဆွမ်းကျွေးကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ချစ်
**လ/ထ အကောက်ခွန်မှူး**
**အသက် (၅၉) နှစ်**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ ဗိုလ်တထောင်ဈေးလမ်း၊ တိုက်(၆၉)၊ အခန်း(၂၀၂)နေ (ဦးအုန်းတင်-ဒေါ်ခင်ခင်အေး)တို့၏သား၊ (ဦးပီတာ-ဒေါ်ချယ်ရီ)တို့၏ သားသမက်၊ ဦးခင်မောင်တင့်-Edith စိန်မင်း(USA)၊ ဒု-မှူးကြီးခင်မောင်မြင့်(ငြိမ်း)-ဒေါ်ဝင်းဝင်းမြ၊ ဒေါ်မြစန္ဒာ၊ ဦးခင်မောင်သစ် (Ex.c/o)-ဒေါ်သင်းသင်းဦး(MIU)၊ ဗိုလ်မှူးကြီးခင်မောင်ဆင့် (ငြိမ်း၊ ကျောင်းအုပ်ကြီး၊ လေကြောင်းပညာသိပ္ပံ)-ဒေါ်သန္တာအောင်တို့၏ ညီ/အစ်ကို၊ တူ/တူမ ကိုးယောက်တို့၏ဦးလေး၊ မြေး ခြောက်ယောက်တို့၏အဘိုးလေး ဦးခင်မောင်ချစ်သည် ၁၀-၃-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၄း၃၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသာခင် (ခ) ဦးခင်ဇော်
**အသက် (၇၁) နှစ်**

ဆေးတက္ကသိုလ် (မကွေး) ၊ဥပဒေရေးရာဆေးပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာဇော်ဇော်ဦး၏ဖခင်ဖြစ်သူ ဦးသာခင်(ခ)ဦးခင်ဇော် အသက် (၇၁) နှစ် သည် ၉-၃-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ ဥပဒေရေးရာဆေးပညာဌာန မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသာခင် (ခ) ဦးခင်ဇော်
**အသက် (၇၁) နှစ်**

ဆေးတက္ကသိုလ် (မကွေး) ၊ဥပဒေရေးရာဆေးပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာဇော်ဇော်ဦး၏ဖခင်ဖြစ်သူ ဦးသာခင်(ခ)ဦးခင်ဇော် အသက် (၇၁) နှစ် သည် ၉-၃-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ ဥပဒေရေးရာဆေးပညာဌာန မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသာခင် (ခ) ဦးခင်ဇော်
**အသက် (၇၁) နှစ်**

ဆေးတက္ကသိုလ် (မကွေး) ၊ဥပဒေရေးရာဆေးပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာဇော်ဇော်ဦး၏ဖခင်ဖြစ်သူ ဦးသာခင်(ခ)ဦးခင်ဇော် အသက် (၇၁) နှစ် သည် ၉-၃-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆေးတက္ကသိုလ်(မန္တလေး)၊ ဥပဒေရေးရာဆေးပညာဌာန မိသားစု**

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
**နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ သာသနဓဇ ဓမ္မာစရိယဘွဲ့**
**သာသနတက္ကသီလ မဟာဓမ္မာစရိယဘွဲ့၊ တိပိဋက ဥဘတောဝိဘင်္ဂဓရဘွဲ့**
**နိကာယဇ္ဈေတက ဥဘတောဝိဘင်္ဂဓရဘွဲ့၊ နိကာယဝုမ္မိ သမိတိ ဥဘတောဝိဘင်္ဂဓရဘွဲ့**
**မဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့**
**ဘွဲ့တံဆိပ်တော်(၆)ခု ရရှိတော်မူသော**
**နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်**

## ဆရာတော် ဘဒ္ဒန္တသောဓက M.A (Buddhism)
**သိက္ခာတော်(၄၈)ဝါ၊ သက်တော်(၆၈)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ဝမ်းသာရွာနေ ခမည်းတော် ဦးအောင်ရင်-မယ်တော် ဒေါ်ဝိုင်းစိန်တို့၏သားရတနာ နေပြည်တော်တိုင်း၊ လယ်ဝေးမြို့နယ်၊ စက်မှု(၁) တောင်ဇီလာ(ဘိလပ်မြေစက်ရုံ)အနီး စက်ရုံဦးကျောင်းတိုက်၊ ဘွဲ့တံဆိပ်တော်(၆)ခု ရရှိတော်မူသော ပဓာနနာယကဆရာတော် ဘဒ္ဒန္တသောဓက၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်သည် (၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၃ ရက်)၊ ၈-၃-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၈ ရက်) ၁၃-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် အန္တိမအဂ္ဂိစျာပန သာဓုကီဠန ပူဇာသဘင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**တပည့်ဒါယကာ၊ ဒါယိကာမများ**

**အာနိစ္စ**

## ဦးကျော်ဇံ
**(ညွှန်ကြားရေးမှူး-ငြိမ်း)**
**စက်မှုလယ်ယာဦးစီးဌာန**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့ အမှတ်(၆၂၂)၊ ဗိုလ်ဇော်ဂျီလမ်း၊ (၈)ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်နေ (ဦးသိန်းဆောင်-ဒေါ်အေးကြင်)တို့၏ သား၊ ဒေါ်မြစိန်၏ခင်ပွန်း၊ ဒေါ်သီတာကျော်-ဦးမျိုးမြင့်ကျော်၊ ဒေါ်ဖြူဖြူကျော်၊ ဦးထင်ကျော်-ဒေါ်ကေပပဟန်၊ ဒေါ်လတ်မွန်ကျော်-ဦးကျော်ဇေယျာမြင့်၊ ဦးထက်မြက်ကျော်-ဒေါ်အိရွှေဝင်းတို့၏ဖခင်၊ မရွှန်းလဲ့ဝသဉ်၊ မလင်းလက်ကျော်၊ မောင်လမင်းမောင်၊ မဆောင်းသဇင်တို့၏ အဘိုးသည် ၉-၃-၂၀၁၉ (စနေနေ့) ည ၁၀း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၉ (တနင်္လာနေ့) ညနေ ၅ နာရီ တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကျော်ဝင်း
**အသက်(၆၃)နှစ်**
**ရွှေမြင်တင်ဆေးတိုက်**

ရန်ကုန်မြို့ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ အမှတ်(၁၄)၊ မြို့သစ်(၁)လမ်းနေ (ဦးညို-ဒေါ်သန်းရီ)တို့၏ သားကြီး၊ (ဦးတူး-ဒေါ်နု)တို့၏ သားသမက်၊ ဒေါ်ချိုချိုအေး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစိန်မြင့်-ဒေါ်သန်းသန်းအေး၊ (ဦးသက်တင်)-ဒေါ်အေးအေးခိုင်၊ (ဦးမိုးမြင့်)-နော်အဲဆဲတို့၏ အစ်ကိုကြီး၊ ကိုဇော်မင်း၊ ကိုအောင်ကျော်ကျော်၊ မဝင့်ဝင့်ကျော်၊ မဆုဝေထွန်းတို့၏ ဖခင်၊ မြေးငါးယောက်၊ တူ/တူမ ရှစ်ယောက်တို့၏ဘကြီးသည် ၁၀-၃-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။

ကျန်ရစ်သူမိသားစု

**ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးမောင်ဝင်း (ခ) ဦးဝင်း
**မိုးလေဝသနှင့် ဇလဗေဒဌာန(ငြိမ်း)**
**အောင်ဇေယျာသမဝါယမအသင်း-ဥက္ကဋ္ဌ**
**အသက် (၇၈) နှစ်**

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ဇေယျ(၃)လမ်း၊ (ဝဲ)၊ အမှတ်(၂၁)နေ (ဦးချစ်မောင်-ဒေါ်ကြာနု)တို့၏သား၊ (ဦးမြသောင်း-ဒေါ်သိန်းရှင်)တို့၏သားသမက်၊ [ဒေါ်သန်းရွှေ(ခ)ဒေါ်မိုး]၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းမြင့်ဇော်-ဒေါ်လှသင်းထွေးတို့၏ဖခင်ကြီး၊ မထက်ထက်ဝင်းလက်အောင်၏ အဘိုးသည် ၉-၃-၂၀၁၉ (စနေနေ့) ည ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၃-၂၀၁၉ (သောကြာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌ အိပ်ပျော်ခြင်း**
## ဦးခင်မောင်ဂျက်ကို
**အသက် (၇၇) နှစ်**
**B.Sc, D.P.M.S (First Batch)**
**Cytology (Melbourne)**
**ကင်ဆာရှာဖွေရေး-ဗဟိုအမျိုးသမီးဆေးရုံ(ငြိမ်း)**

ပြည်မြို့နေ (ဆရာဦးကို-ဒေါ်ခင်ရွှေ)တို့၏သားထွေး၊ ဒေါ်ချိုချိုအောင်၏ခင်ပွန်း၊ ဦးအောင်နိုင်ကို-ဒေါ်ဝါဝါဆင့်၊ ဦးအောင်သူကို-မလင်းကြည်ဖြူသန့်၊ မခင်ထိုက်ထိုက်ကို-(ဦးကျော်ကျော်စိုး)တို့၏ဖခင်၊ မအေမီကို(ဒဂုံတက္ကသိုလ်)၊ မဖူးပြည့်စုံနိုင်၊ မအက်စတာမောင်၊ မမြပုရစ်ဖူး (Total School)၊ မောင်ဘုန်းမြတ်သူ(Total School)၊ မမြနှင်းလေပြေ(Total School)၊ Rain Daewar (ILBC School)၊ Dennis Naywar (ILBC School)တို့၏ အဘိုး ဦးခင်မောင်ဂျက်ကို သည် ၁၀-၃-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၅း၅၁ နာရီတွင် ဝိတိုရိယဆေးရုံ၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၂-၃-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်ခန်းမ(၁/ခ)တွင် ဝတ်ပြုဆုတောင်းပြီး မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ပါမောက္ခ ဒေါက်တာခင်ထားရီ
**ပါမောက္ခ/ဌာနမှူး(ငြိမ်း)၊ သားဖွားမီးယပ်ပညာဌာန၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်**
**အသက် (၆၃) နှစ်**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာ၊ တိုက်(၃၇/၁)နေ (ဦးညီပု-ဒေါ်ခင်သွဲ့)တို့၏သမီးငယ်၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ မြကန်သာ အိမ်ရာ၊ ကံ့ကော်လမ်း၊ အမှတ်(၉)နေ ဒေါ်မြမြသွင်၊ ဦးကျော်ငွေ-ဒေါက်တာခင်မျိုးလွင်တို့၏ညီမလေး၊ ဦးကြည်ဆွေ-ဒေါ်မြင့်မြင့်ဦး၊ ဦးခင်မောင်ထွေး-ဒေါ်နိုင်နိုင်ဦးတို့၏ မမလေး၊ ကိုနေအောင်ဝင်း၊ ဒေါက်တာစိုးဝဏ္ဏ၊ မထက်အိန္ဒြေစိုး-ကိုပြည့်စုံထိုက်၊ မအေးခင်မြတ်-ကိုမျိုးလွင်ဦး၊ ကိုကျော်ကိုကိုစိုး၊ ကိုကျော်ညီညီစိုး၊ ကိုအောင်ချမ်းမြေ့တို့၏ အန်တီလေး၊ မောင်ရဲထိုက်လူ၏အဘွားလေး ဒေါက်တာခင်ထားရီသည် ၉-၃-၂၀၁၉ (စနေနေ့) နံနက် ၁း၁၀ နာရီတွင် ရန်ကုန်မြို့ ခုတင်(၅၀၀) အထူးကုဆေးရုံကြီး၊ အသည်းခွဲစိတ်ကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (ဝေဠုဝန်နေအိမ်နှင့် မြကန်သာနေအိမ်တို့မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူ အားရည်စူး၍ ၁၅-၃-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ မြကန်သာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား တရားဝင် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်နိုင်ရန် စီစဉ်လျက်ရှိ



ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူးနှင့်အဖွဲ့ မတ် ၈ ရက် ညနေပိုင်းက ကရင်အမျိုးသားအစည်းအရုံး (KNU) ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးစဉ်။


**ချင်းမိုင် မတ် ၁၀**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည်ဖော်နိုင်ရန်၊ အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တရားဝင် တွေ့ဆုံဆွေးနွေးမှုများ ပြန်လည်စတင်နိုင်ရန်အတွက် ငြိမ်းချမ်းရေးကော်မရှင် (PC) အတွင်းရေးမှူး ဦးခင်ဇော်ဦး ဦးဆောင်သည့်အဖွဲ့သည် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် ကရင်အမျိုးသားအစည်းအရုံး(KNU)၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၁၀) ဖွဲ့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST)တို့နှင့် အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး NCA စာချုပ်လက်မှတ်ရေးထိုးခြင်း မပြုရသေးသည့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) နှင့်လည်း အလွတ်သဘော တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**တွေ့ဆုံဆွေးနွေး**

ငြိမ်းချမ်းရေးကော်မရှင် (PC) အတွင်းရေးမှူးနှင့်အဖွဲ့သည် မတ် ၈ ရက် ညနေပိုင်းတွင် ကရင်အမျိုးသားအစည်းအရုံး(KNU) ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ ပါဝင်သည့်ကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း၊ မတ် ၉ ရက် နံနက်ပိုင်းတွင် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(၁၀)ဖွဲ့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST)နှင့်လည်းကောင်း၊ မတ် ၁၀ ရက် နံနက်ပိုင်းတွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) တို့နှင့် လည်းကောင်း တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့ »»**

## ဗီယက်နမ်ဖိတ်ခေါ်နှင့် ဟောင်ကောင်ဖိတ်ခေါ်ပြိုင်ပွဲများတွင် မြန်မာ ယူ-၁၈ အသင်း ယှဉ်ပြိုင်မည်



မတ် ၇ ရက်က မြန်မာ ယူ-၁၈ အသင်းနှင့် နီဂါတာအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

**ရန်ကုန် မတ် ၁၀**

၂၀၁၉ အာဆီယံ ယူ-၁၈ ပြိုင်ပွဲနှင့် ၂၀၂၀ အာရှယူ-၁၉ ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၁၈ အသင်းသည် ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲနှင့် ဟောင်ကောင် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**အထောက်အကူဖြစ်**

မြန်မာ ယူ-၁၈ အသင်းသည် ယခုနှစ်အတွင်းယှဉ်ပြိုင်ရမည့် အဓိကပြိုင်ပွဲများအတွက် အထောက်အကူဖြစ်စေရန် ဖိတ်ခေါ်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်း ဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းယှဉ်ပြိုင်မည့် ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲကို မတ် ၂၃ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အသင်းလေးသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ဧပြီလတွင်မူ ဟောင်ကောင် ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဟောင်ကောင်ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ယူ-၁၉ ပြိုင်ပွဲနှင့်အတူ ယူ-၁၆ ပြိုင်ပွဲကိုပါ ကျင်းပမည်ဖြစ်သည်။ **စာမျက်နှာ ၇ ကော်လံ ၄ သို့ ❖**

## နိုင်ငံပိုင်သတင်းစာများ ဈေးနှုန်းပြောင်းလဲ ရောင်းချမည်

**နေပြည်တော် မတ် ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ နေ့စဉ်ထုတ်ဝေလျက်ရှိသော မြန်မာ့အလင်း၊ ကြေးမုံ သတင်းစာများနှင့် ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းထုတ်ဝေလျက်ရှိသော The Global New Light of Myanmar သတင်းစာတို့၏ ပင်ရင်းဈေးနှုန်းများကို တစ်စောင်လျှင် ငွေကျပ် ၅၀ နှုန်းဖြင့် ရောင်းချလျက်ရှိရာမှ ၂၀၁၉ ခုနှစ် ဧပြီ ၁ ရက်မှစတင်၍ ငွေကျပ် ၁၀၀ နှုန်းဖြင့် ပြောင်းလဲရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## အာရှ ယူ-၂၃ ခြေစစ်ပွဲတွင် မြန်မာအသင်း တီမောနှင့် စတင်ကစားရမည်

**ရန်ကုန် မတ် ၁၀**

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၂၀ အာရှ ယူ-၂၃ ခြေစစ်ပွဲ အုပ်စုပွဲများကို မတ် ၂၂ ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် တီမောအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှ ယူ-၂၃ ခြေစစ်ပွဲကို အုပ်စု ၁၁ ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (I) တွင် ဂျပန်၊ မကာအို၊ တီမောအသင်းတို့နှင့် ကျရောက်နေသည်။ မြန်မာအသင်းပါဝင်သည့် အုပ်စု (I) ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအသင်းသည် မတ် ၂၂ ရက်တွင် တီမော၊ မတ် ၂၄ ရက်တွင် မကာအို၊ မတ် ၂၆ ရက်တွင် ဂျပန်အသင်းနှင့် ကစားရမည်ဖြစ်သည်။ ခြေစစ်ပွဲကျင်းပမည့်ပုံစံအရ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီနှင့် ဒုတိယနေရာရအသင်းများအနက် ထိပ်ဆုံးလေးသင်း စုစုပေါင်း ၁၅ သင်းမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် ပွဲတိုင်းရလဒ်ကောင်းရရန် လိုအပ်နေသည်။ မြန်မာအသင်းသည် ဂျပန်အသင်းနှင့် တစ်အုပ်စုတည်းကျရောက်နေသောကြောင့် အုပ်စုပထမရရန် မလွယ်ကူဘဲ အကောင်းဆုံးအုပ်စုဒုတိယနေရာတွင် ထိပ်ဆုံးလေးသင်းစာရင်းဝင်ရန်သာ ကြိုးပမ်းရမည်ဖြစ်သည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍**

